# ခန္ဓာ၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ တရားသဘောတို့ကို ဆင်ခြင်သော ဝိပဿနာကမ္မဋ္ဌာန်း

(ဦးဘဧး)

၁၉၉၃ခုနှစ်
မတ်လ

ပထမအကြိမ်
အုပ်ရေ(၂၀၀၀)

# ဓမ္မဒါနလှူဒါန်းသည်

## (ဦးဘဌွေး)

| | | |
|---|---|---|
| ဘာသာရေးဆိုင်ရာစာမူခွင့်ပြုချက် | ... | ၅၆/၉၂ (၁၁) |
| ကင်းလွတ်ခွင့်အမှတ် | ... | ၆ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ... | (၁၈/၉၃) (၁) |

ထုတ်ဝေသူ ။ ။ ဒေါ်မြတင်၊ အမှတ် ၅၄/က၊
ရွှေတောင်ကြားလမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။
ပုံနှိပ်သူ ။ ။ ဦးမြင့်ဝေ(၀၃၄၁၆)၊ ကံသာပုံနှိပ်တိုက်၊
အမှတ် ၂၁၉၊ ၃၂ လမ်း၊ ရန်ကုန်မြို့။
မျက်နှာဖုံးရိုက် ။ ။ ကြယ်တာရာပုံနှိပ်တိုက်၊၃၂လမ်း၊ရန်ကုန်မြို့။

ခန္ဓာ၏ **အနိစ္စ၊ ဒုက္ခ၊ အနတ္တ**

တရားသဘောတို့ကို ဆင်ခြင်သော

# ဝိပဿနာ ကမ္မဋ္ဌာန်း

ဦးဘခြေး

(မမ္ဗဒါန)

၁၃၅၄ ခုနှစ်                    ၁၉၉၂ ခုနှစ်

## နမောတဿ ဘဂဝတော အရဟတော
## သမ္မာသမ္ဗုဒ္ဓဿ

ပြဟ္မာနတ်လူ သုံးဘုံသူတို့၏ ပူဇော်အထူးကို ခံတော်မူထိုက်ကြောင်းဖြစ်သော သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ဝိမုတ္တိဂုဏ်၊ ဝိမုတ္တိဉာဏ ဒဿနဂုဏ်တို့နှင့် ပြည့်စုံတော် မူပေထသော သစ္စာဒွေယျ ဓမ္မအပုံ အလုံးစုံကို အကုန်မကျန် မြတ်ရွှေဉာဏ်ဖြင့် အမုန်ထိုးထွင်း အလင်းထင်ပေါ် သိမြင်တော် မူပေထသော ဣဿရိယ ဓမ္မယသ သိရီ ကာမ ပယတ္တ တည်းဟူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား တပည့်တော်တို့၏ ရှိခိုး ခြင်းသည် ဖြစ်ပါစေသား အရှင်ဘုရား။

ဗုဒ္ဓမြတ်စွာဘုရား၏ တရားတော်မြတ်များကို ဖတ်ရှုလေ့လာ ကျင့်ကြံ အားထုတ်ခဲ့ရာမှ ရရှိလာခဲ့သော အသိအမြင်များ၏ တိုက်တွန်းမှုကြောင့် ဦးဘဌေးက ဤစာအုပ်ကို ရေးသားခဲ့ရခြင်း ဖြစ်ပါသည်။

ပါဝါဇီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ တာဝန်ကို ထမ်းဆောင်နေစဉ် ရသမျှ အချိန်အတွင်း ကြိုးစား ရေးသားခဲ့ရခြင်းဖြစ်၍ ကျမ၏ အဆွေခင်ပွန်းလည်းဖြစ်၊ တရားဓမ္မ ဆွေးနွေးဖော်လည်း ဖြစ်သူကို ပါရမီဖြည့်ဖက် အနေဖြင့် ကျမက ကူညီဆောင်ရွက်ခဲ့ပါသည်။

ယခင်တစ်ချိန်က ဓမ္မပဒ စာအုပ်ကို ကျမက အင်္ဂလိပ်လို ဘာသာပြန်ဆို ရေးသားခဲ့ရာတွင် ဦးဘဌေးက ဆွေးနွေး အကြံပြု ကူညီပံ့ပိုးပေးခဲ့သည်ကို ပြန်လည်တုံ့ပြန်သည့် သဘောလည်း ဆောင်ပါသည်။

တစ်ခု ပြောလိုသည်မှာ အသက်အရွယ် ကြီးရင့်လာလေလေ နေရာသစ်သို့ ပို့ဆောင်ပေးသည့် လောကကာစံ လှိုင်းဂယက်လည်း ပြင်းထန်လေလေ ဆိုသည်မှာ လူသားတိုင်း ရှောင်လွှဲမရသော အချက် ဖြစ်သည်ကို သတိပြုမိသောအခါ မိမိအတွက် အားကိုးအားထား ပြုရန်မှာ အဘယ်အရာနည်း။ ဘုရား၊ တရား၊ သံဃာ တည်းဟူသော ရတနာမြတ်သုံးပါးတို့သာလျှင် မိမိအတွက် ကိုးကွယ်ရာ ဆည်းကပ်ရာ အစစ်အမှန် မဟုတ်ပါလော။

ဤစာအုပ်၏ ရည်ရွယ်ချက်မှာ လူတို့၏ ဘဝနိဂုံးပိုင်းကို ဖြတ်သန်းရာတွင် ဘာသာရေး ရှုထောင့် အမြင်ဖြင့် သံသရာ ဝဋ်ဆင်းရဲမှ မည်ကဲ့သို့ လွတ်မြောက်နိုင်သည်ကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့်အတိုင်း တင်ပြခြင်းဖြစ်ပါသည်။

ဒေါ်မြတင် (မဟာဝိဇ္ဇာ)
အဖွဲ့ဝင်၊ ဂုဏ်ထူးဆောင် စာတည်းအဖွဲ့
သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ရန်ကုန်မြို့။

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|

## အခန်း (၁)

### ဝိပဿနာတရားအလုပ်


| | | |
|---|---|---|
| ၁။ | မြတ်စွာဘုရားရှင်သည် ဒေသနာပေါင်း မြောက်မြားစွာတို့ကို ဟောကြားတော်မူခဲ့ခြင်း | ၁ |
| ၂။ | ဓမ္မစကြာ တရားတော်ကို ဟောကြားခြင်း | ၂ |
| ၃။ | အနတ္တလက္ခဏာသုတ်ကို ဟောကြားခြင်း | ၈ |
| ၄။ | ထွင့်ခေါင် ဆရာတော်ဘုရားကြီး၏ နိဿယ | ၉ |
| ၅။ | လယ်တီဆရာတော်ဘုရားကြီး၏ အဓိပ္ပာယ်ရှင်းလင်းချက် | ၁၀ |
| ၆။ | တရားသဘောဆင်ခြင်ခြင်း | ၁၁ |


## အခန်း (၂)

### ဆင်ခြင်ရသော ဝိပဿနာတရားနှင့် ပတ်သက်၍ သိကောင်းစရာအချို့


| | | |
|---|---|---|
| ၁။ | ဝိပဿနာ ကမ္မဋ္ဌာန်းအလုပ်ကို အိမ်မှီးပွားနှင့် တွဲဖက်၍ ဆင်ခြင်နိုင်ခြင်း | ၁၄ |
| ၂။ | ဤဆင်ခြင်သော ကမ္မဋ္ဌာန်းအလုပ်ဖြင့် ရဟန္တာအဖြစ်ကို ရရှိခြင်း | ၁၅ |
| ၃။ | တရားအားထုတ်ရာ၌ အဓိပတိလေးပါး လိုအပ်ခြင်း | ၁၇ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄။ | သေခါနီး တရားဆင်ခြင်ခြင်း | ၁၄ |
| | (က) ဖဂ္ဂုနသုတ် | ၁၉ |
| | (ခ) ဝက္ကလိသုတ် | ၂၃ |
| | (ဂ) ဆန္နသုတ် | ၂၆ |
| ၅။ | တရားနာရခြင်း အကျိုးလေးပါး သောတာနုဂတသုတ် | ၂၇ |


## အခန်း (၃)

### မမြဲသော အနိစ္စသဘောကို ဆင်ခြင်ခြင်း


| | | |
|---|---|---|
| ၁။ | ဇာတိ၊ ဇရာ၊ မရဏ | ၂၉ |
| ၂။ | သံဝေဂ ကဗျာများ | ၃၀ |
| ၃။ | ခန္ဓာငါးပါးတို့သည် သေခြင်းဆီသို့သာ အမြဲသွားနေခြင်း | ၃၂ |
| ၄။ | အသက် မသေနိုင်သော တစ်ခဏသည် မရှိ | ၃၃ |
| ၅။ | မမြဲသော သဘောတရားကို မြတ်စွာဘုရား ဟောတော်မူခဲ့သော သုတ် ဥပမာအချို့ | ၂၉ |
| | (က) ခန္ဓဝဂ္ဂသံယုတ်၊ ခန္ဓ သံယုတ်၊ အနိစ္စဝဂ်မှ အနိစ္စသုတ် | ၃၇ |
| | (ခ) ခန္ဓဝဂ္ဂသံယုတ်၊ ခန္ဓသံယုတ် ဒုတိယဝဂ်မှ မာရသုတ် | ၃၈ |
| | (ဂ) ခန္ဓဝဂ္ဂသံယုတ်၊ ရာဓသံယုတ် ဒုတိယဝဂ်မှ မာရဓမ္မသုတ် | ၃၉ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| | (ဃ) ခန္ဓဝဂ္ဂသံယုတ်၊ ရာဓသံယုတ်၊အာယာစန ဝဂ်မှ မာရဓိ သုတ္တကောဒသကသုတ် | ၄၂ |
| ၆။ | သေခြင်းသဘောတရားကို ဆင်ခြင်ပွားများခြင်း | ၄၃ |


## အခန်း (၄)

### ဆင်းရဲသော ဒုက္ခသဘောကို ဆင်ခြင်ခြင်း


| | | |
| --- | --- | --- |
| ၁။ | ခန္ဓာသည် ဆင်းရဲအစစ် ဆင်းရဲအမှန်ဖြစ်ခြင်း | ၄၅ |
| ၂။ | ခန္ဓာနှင့် ဆင်းရဲခြင်းကို ထပ်တူပြု၍ မြတ်စွာဘုရား ဟောကြားတော်မူခြင်း | |
| | (က) ဓမ္မစကြာ ဒေသနာတော် | ၄၅ |
| | (ခ) လောကသုတ် | ၄၆ |
| ၃။ | ဆင်းရဲခြင်းတည်းဟူသော ခန္ဓာမှ လွတ်မြောက်ခြင်း (ဥဒါန်း) | ၄၈ |
| ၄။ | အလုံးစုံသော ဆင်းရဲအစု ဖြစ်ပွားပုံ (ပဋိစ္စသမုပ္ပါဒ တရားတော်) | ၄၉ |
| ၅။ | ခန္ဓာငါးပါးတည်းဟူသော လူသတ်သမား ငါးဦးနှင့် နန္ဒီရာဂတည်းဟူသော အတွင်းသူလျှို လူသတ်သမား | ၅၀ |
| ၆။ | ဘဝဟူသည် မည်သည့်ဘဝမျှ မကောင်း၊ လက်ဖျစ်တစ်တွက် ကာလမျှသော ဘဝကိုပင် မြတ်စွာဘုရား ချီးမွမ်းတော်မမူ | ၅၃ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇။ | သုခသည် မမြဲ၊ မမြဲသောကြောင့် ဒုက္ခဆင်းရဲစင်စစ်ဖြစ်၏။ | ၅၄ |
| ၈။ | ခန္ဓာငါးပါးသည် သတ္တဝါတို့အား အပါယ်သို့သာ အများဆုံးကျစေ၏ | ၅၇ |
| ၉။ | ကုသိုလ်စိတ်ဖြင့် သေတတ်ရန် အလွန် အရေးကြီးခြင်း | ၅၉ |


## အခန်း (၅)

### အစိုးမရ အလိုမလိုက်သော အနတ္တသဘောကို ဆင်ခြင်ခြင်း


| | | |
|---|---|---|
| ၁။ | ခန္ဓာငါးပါးတို့သည် အစိုးမရ အလိုမလိုက်သော သဘောရှိ၏။ သတ္တဝါတို့အား စိုးရိမ်ပူပန်ခြင်း စိတ်မချမ်းသာခြင်းကို ဖြစ်စေသည် | ၆၇ |
| ၂။ | ခန္ဓာငါးပါးသည် အလိုမလိုက်၊ သတ္တဝါများ မအိုချင်ပါဘဲလျက်နှင့် အိုကြရ၏ | ၆၈ |
| ၃။ | ခန္ဓာငါးပါးသည် အလိုမလိုက် သတ္တဝါများ မနာချင်ပါဘဲလျက်နှင့် နာကြရ၏ | ၆၉ |
| ၄။ | ခန္ဓာငါးပါးသည် အလိုမလိုက် သတ္တဝါများ မသေချင်ပါဘဲ မလွဲမသွေ သေကြရကုန်၏ | ၇၀ |
| ၅။ | အနတ္တ လက္ခဏာသုတ် | ၇၁ |
| ၆။ | နိဂုံး | ၇၂ |

# မာတိကာ

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နောက်ဆက်တွဲ(၁) | |
| ၁။ | ဓမ္မပဒမှ ကောက်နှုတ်သော ဂါထာများ။<br>(ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်ဘာသာ) | ၇၆ |
| ၂။ | အဘိဏှသုတ်။<br>(ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်ဘာသာ) | ၈၈ |
| ၃။ | သံဝေဂ ဂါထာ။ (မြန်မာ၊ အင်္ဂလိပ်ဘာသာ) | ၉၂ |
| ၄။ | မရဏနှင့် သစ္စာလေးပါး။ (မြန်မာ) | ၉၄ |

# နိဒါန်း

## (၁)

ဂေါတမ မြတ်စွာဘုရား အလောင်းတော်သည် သုမေဓါ ရှင်ရသေ့ဘဝကပင် ဒီပင်္ကရာ မြတ်စွာဘုရား ခြေတော်ရင်း၌ ကိုယ်တော် တစ်ပါးတည်း နိဗ္ဗာန်ချမ်းသာကို ရယူနိုင်ပေသည်။ သို့သော် သံသရာ ဝဋ်ဆင်းရဲ၌ နစ်မွန်းနေကြကုန်သော ဝေနေယျ သတ္တဝါ အပေါင်းတို့ကို သနားကြင်နာတော်မူသဖြင့် ယူတော်မမူခဲ့ပေ။ ထို့နောက် ဘဝပေါင်းများစွာ သံသရာပတ်လုံး ပါရမီတို့ကို ဖြည့်ကျင့်တော်မူပြီးနောက် ဘုရား အလောင်းတော်သည် တုသိတာ နတ်ပြည်၌ နတ်သားဖြစ်တော်မူသည်။ နတ်သားဖြစ်စဉ် နတ်ဗြဟ္မာ အပေါင်းတို့က "ဘုရားဖြစ်ချိန် တန်ပါပြီ၊ လူ့ပြည်သို့ဆင်း၍ ဘုရားဖြစ်တော်မူပါ" ဟု ဘုရား အလောင်းတော်အား တောင်းပန်ကြသည်။ ထို့ပြင် အချိန်ကာလ၊ ဘုရားပွင့်ရာကျွန်းနှင့် အရပ်ဒေသ၊ အမျိုးအနွယ်၊ မယ်တော် ဖြစ်မည့်သူ၏ အသက် အပိုင်းအခြား တည်းဟူသော အချက်အလက်တို့သည်လည်း သင့်တင့်လျောက်ပတ်သည်ဖြစ်၍ ဘုရားလောင်း နတ်သားသည် နတ်ဘဝမှ စုတေ၍ လူ့ဘဝကို ခံယူတော်မူသည်။ ဂေါတမ မြတ်စွာဘုရား အလောင်းတော်သည် မဟာသက္ကရာဇ် ၆၈ ခု၊ ကဆုန်လပြည့် သောကြာနေ့ဝယ် ဒေဝဒဟနှင့် ကပိလဝတ်ပြည်၏ အကြားရှိ လုမ္ဗနီ အင်ကြင်းတော၌ မယ်တော်မာယာမှ မိးရှုးသန့်စင် ဖွားမြင်တော်မူသည်။ ဖခမည်းတော်မှာ ကပိလဝတ်ပြည့်ရှင် ဘုရင်သုဒ္ဓေါဒန မင်းကြီးဖြစ်သည်။ ဘုရားအလောင်းတော်သည် အသက် ၁၆ နှစ် အရွယ်၌ ယသော်ဓရာ မင်းသမီးနှင့် ထိမ်းမြားလက်ထပ်၍ မင်းစည်းစိမ်ကို စံစားတော်မူသည်။ ၂၉ နှစ်အရွယ် ရောက်သော

အခါ သူအို၊ သူနာ၊ သူသေ၊ ရဟန်း ဟူသော နိမိတ်ကြီး လေးပါးကို မြင်တော်မူ၍ တောထွက်တော်မူသည်။

ဘုရားအလောင်းတော်သည် အလွန်ပြုနိုင်ခဲသော ဒုက္ကရစရိယာ အကျင့်ကို ရဟန်းအဖြစ်ဖြင့် ၆ နှစ်ပတ်လုံး ကျင့်တော်မူခဲ့လေသည်။

ထို့နောက် ဤကဲ့သို့ ပင်ပန်းကြီးစွာ ကျင့်ရသော အကျင့်သည် သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်ရာလမ်းကြောင်း မဟုတ်သည်ကို သိမြင်တော်မူသောအခါ ဘုရား အလောင်းတော်သည် အလယ်အလတ်ဖြစ်သောလမ်းကြောင်းဖြင့် ကျင့်တော်မူသည်။ တစ်နေ့သောအခါ ဘုရားလောင်းသည် ဗောဓိပင်ရင်း၌ နေတော်မူစဉ် နေမဝင်မီ ဒေဝပုတ္တမာရ်ကို အောင်တော်မူ၍ ညဥ့်ဦးယံ၌ ရှေးကဖြစ်ခဲ့ဖူးသော ခန္ဓာအစဉ်ကို သိတတ်သော "ပုဗ္ဗေနိဝါသာ နုဿတိဉာဏ်" ကို ရရှိတော်မူပြီး မဇ္ဈိမယံတွင် နတ်မျက်စိနှင့် တူသော "ဒိဗ္ဗစက္ခုဉာဏ်"ကို ရတော်မူသည်။ ပစ္ဆိမယံတွင် ပဋိစ္စသမုပ္ပါဒ် တရားတော်မြတ်ကို အနုလုံ ပဋိလုံအားဖြင့် ဆင်ခြင် သုံးသပ်တော်မူလျက် အရုဏ် တက်သောအခါ၌ အရဟတ္တမဂ် အရင်းခံသော သဗ္ဗညုတ ဉာဏ်တော်ကို ရရှိ၍ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူသည်။ ထိုနေ့သည်ကား မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ဖြစ်သည်။

လောကသုံးပါး၌ အတုမရှိသော မြတ်စွာဘုရားသည် ဘုရားဖြစ်သည်နှင့် တပြိုင်နက် စိတ်နှလုံး အလွန်ရွှင်လန်း ဝမ်းမြောက်၍ ဥဒါန်းကျူးရင့်တော်မူသည်။ ရှေးဦးစွာ ကျူးရင့်တော်မူသော ဥဒါန်းမှာ - - "အနေက ဇာတိသံသာရံ - - - အစရှိသော ဂါထာနှစ်ပိုဒ်ဖြစ်သည်။ ဤဥဒါန်းကို စိတ်တော်၌သာ ကျူးရင့်ခြင်းဖြစ်ပြီး၊ နောင်ခါ၌ ရှင်အာနန္ဒာက မေးလျှောက်သဖြင့် ထိုဥဒါန်း နှစ်ဂါထာကို ပြန်လည်ဟောကြားတော်မူသည်။ ဤနှစ်ဂါထာကို ဓမ္မပဒဂါထာ အမှတ်စဉ် ၁၅၃၊ ၁၅၄

အဖြစ် တွေ့ရသည်။ မြန်မာပြန်မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁၅၃။ ခန္ဓာကိုယ် တည်းဟူသော အိမ်ကို ဆောက်လုပ်သော လက်သမားကို ရှာခဲ့ပါသော်လည်း ၎င်းလက်သမားကို မြင်နိုင်သော ဉာဏ်မရှိသောကြောင့် မရေတွက်နိုင်သော ဘဝများစွာ သံသရာ ကာလ ပတ်လုံး၊ ငါ ကျင်လည်ခဲ့ရလေပြီ။ အဖန်ဖန် ပဋိသန္ဓေ နေရခြင်းသည် ဆင်းရဲလှ၏။

၁၅၄။ ခန္ဓာတည်းဟူသော အိမ်ကို ဆောက်လုပ်တတ်သော အိုလက်သမား သင့်ကို (ပညာမျက်စိဖြင့်) ခု ငါ တွေ့မြင်ရပြီ၊ ဤခန္ဓာကိုယ် တည်းဟူသော အိမ်ကို သင် နောက်တစ်ဖန် မဆောက်လုပ်ရလတ္တံ့၊ သင်၏ ကိလေသာ တည်းဟူသော အခြင်နံရိုးတို့ကို ငါ ချိုးဖျက်အပ်ပြီ၊ အဝိဇ္ဇာ တည်းဟူသော အိမ်ခေါင်ထွတ်ကို ဖျက်ဆီးအပ်ပြီ၊ ငါ၏ စိတ်သည် ပြုပြင်ခြင်းကင်းရာ နိဗ္ဗာန်သို့ ရောက်ပြီ၊ တဏှာ၏ကုန်ရာ အရဟတ္တဖိုလ်ကို ရပြီ။*

ဤနှစ်ဂါထာဖြင့် မြတ်စွာဘုရားသည် အောက်ပါ အချက်အလက်များကို ပြသခဲ့ပေသည်။

(၁) အဖန်ဖန် ပဋိသန္ဓေ နေရခြင်းဟူသော ဆင်းရဲခြင်း၏ အကြောင်းသည်ကား တဏှာဖြစ်သည်။

(၂) ယင်းအချက်ကို သိသော ဉာဏ်အမြင် မရှိခြင်း (အဝိဇ္ဇာ) ကြောင့် သံသရာရှည်လျားစွာ လည်ပတ်ခဲ့ကြရသည်။

(၃) တဏှာလက်သမားကို ပညာမျက်စိဖြင့် မြင်၏။

(၄) ထိုအခါ တဏှာနှင့် အဝိဇ္ဇာတို့ကို အကြွင်းမဲ့ ချုပ်ငြိမ်းစေ

---

* ကမ္ဘာ့ ဗုဒ္ဓသာသနာပြု၊ အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော် ဦးသေဋ္ဌိလ၏ မြန်မာပြန်။

ခြင်းဖြင့် အရဟတ္တဖိုလ်ကို ရ၏။ သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်ပြီး ပဋိစ္စ သမုပ္ပါဒ်လည်မှုသည်လည်း ရပ်တန့်ပြီးဆုံးလေသည်။

မြတ်စွာဘုရား အဖြစ်သို့ ရောက်ပြီးနောက် ဘုရားရှင်သည် ပဋိစ္စ သမုပ္ပါဒ်ကိုပင် ပြန်လည်၍ အနုလုံ ပဋိလုံ ဆင်ခြင်သည်။ ထိုအခါ စိတ်နှလုံး အလွန် ကြည်နူးရွှင်ပျ လာခြင်းကြောင့် နှုတ်တော်မှ ဖွင့်ဟပြီး ဥဒါန်း ကျူးရင့်တော်မူသည်။ ဤဂါထာတော်များကို မြတ်စွာဘုရားသည် နှုတ်တော်မှ ဖွင့်ဟ ကျူးရင့်ခြင်းသာဖြစ်၍ ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်ကိုမျှ ဟောကြားခြင်း မဟုတ်သေးပေ။ ဤဂါထာတော် သုံးပိုဒ်သည် "ယဒါဟဝေ ပါတုဘဝန္တိဓမ္မာ" အစရှိသော ဂါထာများ ဖြစ်ကြသည်။ ယင်းတို့ကို ခုဒ္ဒကနိကာယ် ဥဒါန်း ပါဠိတော် ဗောဓိဝဂ် ပထမဂါထာ၌ ပဋိစ္စ သမုပ္ပါဒ်ကို အနုလုံ ဆင်ခြင်၍ အကြောင်းတရားတို့၏ မရပ်မနား အမြဲပြုပြင်အပ်သော သဟေတုကဓမ္မကို သိကြောင်းကိုပြ၏။ ဒုတိယ ဂါထာ၌ တရားတော်ကို ပဋိလုံ ဆင်ခြင်၍ အဝိဇ္ဇာ အစရှိသော အကြောင်းတရားတို့၏ ကုန်ရာ နိဗ္ဗာန်ကို သိကြောင်းကိုပြ၏။ တတိယ ဂါထာတွင်မူ အနုလုံ ပဋိလုံ ဆင်ခြင်၍ ကောင်းကင်ကို တောက်ပစေသော နေမင်းသည် အမိုက်တိုက်ကို ဖျက်ဆီးလျက် တည်သကဲ့သို့ ထို ရဟန္တာသည် မာရ်စစ်သည်ကို ဖျက်ဆီးလျက်တည်၏ ဟူ၍ ပြသထားပေသည်။

ထိုသုံးဂါထာ၌ ပြသထားသော လိုရင်းအချက်များမှာ –

(၁) မရပ်မနား အမြဲပြုပြင်အပ်သော တရားတို့သည် ရှိကြကုန်၏။

(၂) အဝိဇ္ဇာ အစရှိသော ယင်းအကြောင်းတို့ ချုပ်ပါက အကျိုးတရားဆက် မပေါ်ပေါက်နိုင်၊ အကြောင်းတရားတို့၏ ကုန်ရာသည် နိဗ္ဗာန်ဖြစ်၏။

(၃) အဝိဇ္ဇာ အစရှိသော မာရ်စစ်သည် အပေါင်းကို ရဟန္တာသည် ပညာသန်လျက်ဖြင့် တိုက်ဖျက် အနိုင်ရယူ၏ – ဟူသောအချက်များ ဖြစ်သည်။

အထက်ပါ ဥဒါန်း နှစ်သုတ်တို့အပြင် မြတ်စွာဘုရားသည် ဗောဓိပင်ရင်း၌ပင် လောကသုတ်ကို ကျူးရင့်ခဲ့သေးသည်။ ယင်းသုတ်မှ ကောက်နုတ်ချက်အချို့မှာ –

"(၁) ခပ်သိမ်းသော ဘဝတို့သည် ရှိကုန်၏၊ မမြဲကုန်၊ ဆင်းရဲကုန်၏၊ ဖောက်ပြန်ခြင်းသဘော ရှိကုန်၏။

(၂) ဤသဘောကို ဟုတ်တိုင်းမှန်စွာ ဝိပဿနာ ပညာဉာဏ်ဖြင့် ရှုသူသည် ဘဝတဏှာကို ပယ်နိုင်၏၊ ခပ်သိမ်းသော တဏှာတို့၏ ကုန်ခြင်းကြောင့် အကြွင်းမဲ့ ရာဂ ချုပ်ရာသည် နိဗ္ဗာန်မည်၏။"

(၃) ထိုကိလေသာ ငြိမ်းအေးပြီးသော ရဟန်းအား စွဲလမ်းမှု မရှိသောကြောင့် ဘဝသစ် မဖြစ်နိုင်၊ ဘဝအလုံးစုံကို ကောင်းစွာ လွန်နိုင်၏ ဟူ၍ဖြစ်သည်။

(၂)

ထို့နောက် မကြာမီပင် မြတ်စွာဘုရားရှင်သည် ဗာရာဏသီ အနီးရှိ မိဂဒါဝုန်တောကြီး၌ သီတင်းသုံးနေကြသော ရှေးက အတူသီတင်းသုံးဖော် ဖြစ်ကြသော ပဉ္စဝဂ္ဂီ ရဟန်းငါးဦး အစုထံသို့ တရားဟောရန် သွားရောက်ပြီး ဝါဆိုလပြည့်နေ့တွင် တရားဦးဖြစ်သော ဓမ္မစကြာတရားကို ဟောကြားတော်မူသည်။ ဓမ္မစကြာ တရားတော်တွင် သစ္စာလေးပါး အကြောင်းကို ဟောကြားရာ ရဟန်းငါးပါးတို့သည် တစ်ပါးပြီး

တစ်ပါး သောတာပန် ဖြစ်ကြသည်။ ထို့နောက် အနတ္တ လက္ခဏာသုတ်ကိုဟောကြားရာ တရားနာပြီးနောက် ပဉ္စဝဂ္ဂီ ရဟန်းအစုသည် အရဟတ္တဖိုလ်ကို ရရှိ၍ ရဟန္တာဖြစ်ကြသည်။

ထိုအချိန်မှစ၍ ၄၅ ဝါ ပတ်လုံး မြတ်စွာဘုရားသည် ဝေနေယျသတ္တဝါအပေါင်းတို့အား သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်းတရားများအပြင် လောကီ ကျင့်ဝတ်များပါ မကျန်အောင် ဟောကြားဆုံးမ သွန်သင်ခဲ့ပေသည်။ မြတ်စွာဘုရား၏ အဆုံးအမများသည် အလွန်ကြည်ညိုဖွယ်ရာ အားထားဖွယ်ရာများ ဖြစ်ကြသည်။ တပည့်များတရား အားထုတ်လိုအောင် အားထုတ်ဖြစ်အောင်နှင့် အားထုတ်နည်းတို့ကိုလည်း ဟောကြားခဲ့သည်။ ဥပမာ အနတ္တ လက္ခဏာသုတ်နှင့် အလားတူ သုတ်ပေါင်းများစွာတို့တွင် ရှေးဦးစွာ ခန္ဓာတို့၏ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောတို့ကို ဟုတ်တိုင်းမှန်စွာ သိမြင်လာသည်အထိ ရှုဆင်ခြင်ရန် မိန့်ကြားတော်မူသည်။ ထိုသို့ မြင်သည်ရှိသော် ခန္ဓာ၌ အကယ်စင်စစ် ငြီးငွေ့မည်၊ ငြီးငွေ့သော် တပ်ခြင်းကင်းမည်စသည်ဖြင့် အကျိုးဆက်များ အဖြစ်ဖြင့် အရဟတ္တဖိုလ်တိုင်အောင်ရမည်ဖြစ်ကြောင်းကို ဟောကြားထားသဖြင့် တရားဆင်ခြင်သော ယောဂီအဖို့ အလွန် အားတက်ဖွယ်ရာ ဖြစ်ပေသည်။ မြတ်စွာဘုရားရှင်၏ ပရိနိဗ္ဗာန် စံဝင်တော်မူခါနီး၌ မြွက်ကြားသွားသော နောက်ဆုံး စကားတော်မှာ "ဟန္ဒဒါနိ ဘိက္ခဝေ၊ အာမန္တယာမိဝေါ၊ ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပါဒေထ" ဖြစ်သည်။ ဤသည်မှာ "ရဟန်းတို့ သင်တို့အား ယခု (ငါ) မိန့်မှာတော်မူခဲ့အံ့၊ ပြုပြင်ပေးရသော 'သင်္ခါရ' တရားတို့သည် ပျက်စီးခြင်း သဘောရှိကုန်၏။ မမေ့သော သတိတရားဖြင့် ကိစ္စပြီးအောင် အားထုတ်ကြကုန်လော့" ဟု မိန့်တော်မူခြင်း ဖြစ်ပေသည်။ ဤသို့ဖြင့် မြတ်စွာဘုရားရှင်သည် မိမိ၏ တပည့်သား အားလုံးတို့

(၁၀)

အပေါ် ကြီးမားသော ကရုဏာထား၍ သံသရာမှ လွတ်မြောက်ကြောင်းကို ပြသ ဆုံးမတော်မူခဲ့ပြီး နောက်ဆုံး စကားတော်ဖြင့်လည်း မမေ့မလျော့ စေခြင်းငှာ သတိပေး မှာကြားခဲ့သေးသည်။ သတ္တဝါ အပေါင်းတို့အပေါ် မြတ်စွာဘုရား ထားရှိတော်မူသော မေတ္တာ၊ ကရုဏာနှင့် စေတနာတို့ သည်ကား လွန်စွာမှ ကြီးမားလှပေသည်။ မိမိကိုယ်တော်တိုင် သံသရာမှ လွတ်မြောက်သကဲ့သို့ သတ္တဝါ အပေါင်းတို့အား လွတ်မြောက်စေလိုသည်။ ဤစေတနာ ဤရည်ရွယ်ချက်ဖြင့် သံသရာမှ လွတ်မြောက်ကြောင်းကို လမ်းညွှန်ပြခဲ့ပေသည်။ မြတ်စွာဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်သည် ကား လွန်စွာမှ ကြီးမားလှပေသည်။ သို့ဖြစ်၍ မြတ်စွာဘုရား၏ အလို တော်အတိုင်း တပည့်များကလည်း မိမိတို့၏ ဘဝလွတ်မြောက်ရေးကို ဦးတည်၍ မြတ်စွာဘုရား ဟောပြော ညွှန်ကြားခဲ့သည့်အတိုင်း တရား ဘာဝနာများ ပွားများအားထုတ်ကြရန် လိုအပ်ပေသည်။

(၃)

တရားအားထုတ်နည်းနှင့် ပတ်သက်၍ မြတ်စွာဘုရားသည် မဟာ သတိပဋ္ဌာနသုတ်၌ ပြည့်စုံစွာ ဟောကြားထားပေသည်။ ဤသုတ်၌ စိတ်၏ စင်ကြယ်ရန်၊ ဆင်းရဲအပေါင်း ချုပ်ငြိမ်းရန်၊ အရိယာမဂ်ကို ရရန်နှင့် နိဗ္ဗာန်ကို မျက်မှောက်ပြုရန် တစ်ကြောင်းတည်းသော ခရီးလမ်း သည် သတိပဋ္ဌာန်လေးပါး တည်းဟူ၍ ဖော်ပြထားပေသည်။ သတိပဋ္ဌာန် လေးမျိုးတို့သည်ကား ကာယာ နုပဿနာ၊ ဝေဒနာ နုပဿနာ၊ စိတ္တာ နုပဿနာနှင့် ဓမ္မာ နုပဿနာတို့ဖြစ်သည်။ ကာယာ နုပဿနာသည် ရုပ်အပေါင်းကို အကြိမ်ကြိမ် ရှုဆင်ခြင်ခြင်း ဖြစ်သည်။ ဤအပိုင်းတွင် ထွက်သက် ဝင်သက်ကို ရှုဆင်ခြင်ခြင်း၊ သမ္ပဇဉ်ဖြင့် ဆင်ခြင်ခြင်း၊

စက်ဆုပ်ဖွယ်ဟု နှလုံးသွင်းခြင်း၊ ဓာတ်အားဖြင့် နှလုံးသွင်းခြင်း၊ သူသေကောင် ကိုးမျိုးကို ဆင်ခြင်ခြင်းဟူ၍ ပိုင်းခြား ပြသထားပေသည်။ ဝေဒနာ နုပဿနာ ဆိုသည်မှာ ဝေဒနာတို့ကို အကြိမ်ကြိမ် ရှုခြင်းဖြစ်သည်။ စိတ္တာ နုပဿနာ ဆိုသည်မှာ စိတ်ကို အကြိမ်ကြိမ် ရှုခြင်းဖြစ်သည်။ ဓမ္မာ နုပဿနာ ဆိုသည်မှာ သဘောတရားကို အကြိမ်ကြိမ် ရှုခြင်း ဖြစ်သည်။ ဤအပိုင်းတွင် နီဝ ရဏတရား ငါးပါးကို ဆင်ခြင်ခြင်း၊ ခန္ဓာ ငါးပါးကို ဆင်ခြင်ခြင်း၊ အာယတန တစ်ဆယ့်နှစ်ပါးကို ဆင်ခြင်ခြင်း၊ ဗောဇ္ဈင်ခုနစ်ပါးကို ဆင်ခြင်ခြင်း၊ သစ္စာလေးပါးကို ဆင်ခြင်ခြင်းဟူ၍ ပိုင်းခြား ပြသထားပေသည်။ ဤသတိပဋ္ဌာန် ကျင့်နည်းကျင့်စဉ်များကို ယခုအခါ တရားရိပ်သာ အသီးသီးတို့၌ ပြသလျက်ရှိရာ တရားဓမ္မတို့ကို လေ့လာသူနှင့် တရားအားထုတ်သူတို့ သိရှိပြီး ဖြစ်ပေလိမ့်မည်၊မိမိတို့ စရိုက်နှင့် ကိုက်ညီရာ နည်းအတိုင်း အားထုတ်ကြရန် ဖြစ်ပါသည်။

ဤစာတမ်းတွင် ဓမ္မာနုပဿနာ၌ အကျုံးဝင်သော ခန္ဓာငါးပါးကို ရှုဆင်ခြင်ခြင်းနှင့် အကျိုးကျေးဇူးတို့ကို ရေးသား ဖော်ပြထားပါသည်။ ခန္ဓာငါးပါးကို ဆင်ခြင်ရာ၌ ခန္ဓာ၏ သဘောတရားကို အကြိမ်ကြိမ် ရှုဆင်ခြင်ခြင်းဖြစ်၏။ မြတ်စွာဘုရားသည် ခန္ဓာငါးပါးတို့၏ အနိစ္စ သဘော၊ ဒုက္ခသဘော၊ အနတ္တ သဘောတို့နှင့် ပတ်သက်၍ တပည့် သာဝကတို့အား အကြိမ်ကြိမ် ဟောကြားတော်မူခဲ့ပေသည်။

(၁) "ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် တည်းဟူသော ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌ မမြဲဟု အစဉ် ရှုနေရာ၏။ ဆင်းရဲဟု အစဉ်ရှု၍ နေရာ၏။ ကိုယ်အတ္တ မဟုတ်ဟု အစဉ်ရှု၍ နေရာ၏။"ဟူ၍လည်းကောင်း၊

(၂) "ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် တည်းဟူသော ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌ ငြီးငွေ့ခြင်းများစွာ ဖြစ်နေရာ၏"

ဟူ၍လည်းကောင်း၊

(၃) "မမြဲသော ၊ ဆင်းရဲသော၊ ကိုယ်အတ္တ မဟုတ်သော ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တည်းဟူသော ဥပါဒါနက္ခန္ဓာ ငါးပါးတို့၌ လိုချင်မှု 'ဆန္ဒ'၊ စွဲမက်မှု 'ရာဂ'၊ လိုချင်စွဲမက်မှု 'ဆန္ဒရာဂ' တို့ကို ပယ်ရမည်"ဟူ၍လည်းကောင်း ဟောကြားလေ့ရှိသည်။

ဤဟောကြားချက်များသည် မြတ်စွာဘုရားရှင်က ချမှတ်ခဲ့သော အလုပ်ပေး တရားပင် ဖြစ်ပေသည်။ တရား အားထုတ်လိုသော ယောဂီသည် မိမိနှင့် ကိုက်ညီမည့်နည်းအတိုင်း၊ ရှုမှတ် ဆင်ခြင်ရန်ဖြစ်သည်။ စာရေးသူ အနေဖြင့်လည်း အာနာပါန ကမ္မဋ္ဌာန်း၊ ဝိညာဏာဟာရ ကမ္မဋ္ဌာန်း၊ မရဏာဿတိ ကမ္မဋ္ဌာန်းတို့ကို ပွားများ အားထုတ်ခဲ့ဖူးသည်။ ယခုလည်း မရဏာဿတိကိုပင် ပွားများဆဲဖြစ်သည်။ တရားအားထုတ်ရာ၌ အဓိက အချက်သည် ဥပါဒါနက္ခန္ဓာတို့၏ ဖြစ်ခြင်း ပျက်ခြင်း တရားသဘောကို နားလည်သဘောပေါက်အောင် ဉာဏ်မျက်စိဖြင့် မြင်အောင် ရှုဆင်ခြင်ခြင်းဖြစ်သည်။ ဤကဲ့သို့ ရုပ်နာမ်ဓမ္မ သင်္ခါရတို့သည် "အမြဲမရှိ၊ ဆင်းရဲ၏။ အတ္တမဟုတ်ကုန်" ဟု ဝိပဿနာ ပညာဖြင့် ရှုမြင်နိုင်သောအခါ ရုပ်နာမ်ဓမ္မသင်္ခါရတို့၌ ငြီးငွေ့၏။ ထိုသို့ငြီးငွေ့ခြင်းသည် ကိလေသာ စင်ကြယ်ရာ နိဗ္ဗာန်၏ အကြောင်းဖြစ်သည် ဟု ဓမ္မပဒတွင် မြတ်စွာဘုရား ဟောကြားခဲ့ပေသည်။ ဤသို့ဖြင့် မြတ်စွာဘုရားရှင်သည် ဝေနေယျ သတ္တဝါ အပေါင်းတို့အား သံသရာ ဝဋ္ဋဆင်းရဲမှ လွတ်မြောက်ရာ လမ်းကြောင်းကို ပြသခဲ့ပေသည်။ စင်စစ်သော်ကား ရတနာသုံးပါး တည်းဟူသော ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာ တို့သာလျှင် လူသားတို့နှင့် ဝေနေယျ သတ္တဝါ အပေါင်းတို့၏

(ည)

ကိုးကွယ် ဆည်းကပ်ရာ အမှန်စင်စစ် ဖြစ်ပေသည်။ ဤရတနာ သုံးပါးကို ကိုးကွယ်ခြင်းကြောင့် ဒုက္ခခပ်သိမ်းမှ လွတ်မြောက်၏။

(ဋ)

စာရေးသူသည် ဤစာတမ်းကို ပြုစုရာ၌ မြတ်စွာဘုရားရှင်၏ ဒေသနာတော်များကို လက်လှမ်းမီသရွေ့ ဖတ်ရှုလေ့လာပြီး ဆရာတော်ကြီးများ ရေးသားခဲ့သော စာအုပ် စာတမ်းများကိုပါ ဖတ်ရှု လေ့လာပြီးနောက် အဓိကအားဖြင့် ဓမ္မစကြာသုတ်တော်နှင့် အနတ္တလက္ခဏာသုတ်တော်တို့ကို အခြေခံ၍ အခြား ဆက်စပ်မှုရှိသော သုတ်တော် အချို့တို့ကိုပါ စုစည်း တင်ပြထားပေသည်။ အထူးသဖြင့် ကျေးဇူးရှင် ဆရာတော်ကြီးများ ဖြစ်တော်မူကြသော လယ်တီဆရာတော်ဘုရား၊ ထွဋ်ခေါင်ဆရာတော်ဘုရားနှင့် မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသဆရာတော်ဘုရားတို့၏ ရေးသား ရှင်းလင်းချက်များကို အများဆုံးကောက်နုတ် ဖော်ပြထားရှိပေသည်။ ဆရာတော် ဘုရားကြီးများ၏ ကျေးဇူးသည်လည်း ကြီးမားလှပေသည်။ ထိုကျေးဇူးရှင် ဆရာတော်ကြီးများအား ရှိခိုးကန်တော့ပါသည်။

ဤစာတမ်းကို စုစည်းပြုစုရာ၌ ကျွန်တော်၏ ဇနီးဖြစ်သူ ဒေါ်မြတင်၏ ပူးပေါင်းကူညီ ဆောင်ရွက်မှုကိုလည်း ရယူခဲ့ပါသည်။ စာရှုသူတို့သည် မြတ်စွာဘုရား၏ တရားတော်မြတ်၌ သဒ္ဓါသမ္ပတ္တိနှင့် ပြည့်စုံသည်ဖြစ်၍ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သည့်အတိုင်း ရုပ်နာမ်ဓမ္မသင်္ခါရတို့၏ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတို့ကို မမေ့သော သတိတရားဖြင့် ဆင်ခြင်ပွားများနိုင်ကြပြီး မဂ်တရား ဖိုလ်တရားတို့ကို ရကြသည်ဖြစ်၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါစေ။

(၄)

မြတ်စွာဘုရား၏ ပစ္ဆိမဝစန ဟု ဆိုအပ်သော မြတ်စွာဘုရား၏ နောက်ဆုံးစကား မှာကြားခဲ့သည်ကို ဦးထိပ်ထားလျက် -

ဣဒံ မေ ပုည် အာသဝက္ခယာ ဝဟံ ဟောတု။

ဦးဘရွှေ

## နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ
## ခန္ဓာ၏ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘော တို့ကို
## ဆင်ခြင်သော ဝိပဿနာ ကမ္မဋ္ဌာန်း

## အခန်း (၁)

## ဝိပဿနာ တရားအလုပ်

### မြတ်စွာဘုရားရှင်သည် ဒေသနာပေါင်း မြောက်မြားစွာတို့ကို ဟောကြား တော်မူခဲ့ခြင်း

မြတ်စွာဘုရားရှင်သည် သက်တော် ၃၅ နှစ်အရွယ် ဘုရားအဖြစ်ကို ရတော်မူပြီးသည့် အချိန်မှစ၍ သက်တော် ၈၀ ပရိနိဗ္ဗာန် စံဝင်တော်မူသည်အထိ ၄၅ ဝါပတ်လုံး လောကုတ္တရာ အကျိုးနှင့် လောကီ အကျိုးစီးပွားပါ မလစ်လပ်စေရန် ဒေသနာပေါင်း အမြောက်အမြား ဟောကြားခဲ့ပေသည်။ ရဟန်းများအတွက် သိက္ခာပုဒ်များ၊ ဝိနည်းများ သတ်မှတ်ခဲ့သလို လူတို့အတွက်လည်း စောင့်ထိန်းရမည့် သီလနှင့် ကျင့်ဝတ်များ၊ မင်းတို့အတွက် မဆုတ်ယုတ်ကြောင်းတရား၊ ရဟန်းတို့အတွက် မဆုတ်ယုတ်ကြောင်းတရား စသည်တို့ကို အခြေအနေကို လိုက်၍ အခါအားလျော်စွာ ဆုံးမ ဟောကြားတော်မူခဲ့သည်။ မည်သို့ပင်ဖြစ်စေ မြတ်စွာဘုရားသခင်၏ အဓိက ရည်ရွယ်ချက်မှာ ဝေနေယျ သတ္တဝါ အပေါင်းတို့အား သံသရာ ဝဋ္ဋဆင်းရဲမှ လွတ်မြောက်ရာ လမ်းကြောင်းကို ပြသရန်ဖြစ်သည်။ မြတ်စွာဘုရားသည် မိမိကိုယ်တော်တိုင် သံသရာ ဝဋ္ဋဆင်းရဲမှ လွတ်မြောက်ရာ လမ်းကြောင်းကို ကာလကြာရှည်စွာ ကျင့်ကြံအားထုတ်၍ ရှာဖွေခဲ့ရာ ယခု တွေ့ရှိပြီဖြစ်၍ ဝေနေယျ သတ္တဝါအပေါင်းတို့

အားလည်း မိမိကဲ့သို့ပင် သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်စေလိုသော ကြီးမားသော မေတ္တာ၊ ကရုဏာနှင့် စေတနာကို ထားရှိသည်။ ဘုရားအဖြစ်ကို ရရှိပြီး မကြာမီပင် မိမိနှင့်အတူ သံသရာမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းကို ကြိုးကုတ် ရှာဖွေခဲ့ကြသော ပဥ္စဝဂ္ဂီ ငါးဦးအား တရားဟောလို၍ သူတို့ သီတင်းသုံးနေသော မိဂဒါဝုန်တောသို့ အရောက် မြတ်စွာဘုရားက ကြွချီခဲ့ပေသည်။ ထိုရဟန်းတို့အား ရှေးဦးစွာ ဓမ္မစကြာ တရားကို ဝါဆိုလပြည့်နေ့၌ ဟောကြားပြီး အနတ္တ လက္ခဏာသုတ်ကို ဝါဆိုလပြည့်ကျော် ငါးရက်နေ့တွင် ဟောကြားတော်မူသည်။

## ဓမ္မစကြာ တရားတော်ကို ဟောကြားခြင်း

မြတ်စွာဘုရားသည် ဓမ္မစကြာ တရားဟူ၍ လူသိများသော ဓမ္မစက္ကပ္ပဝတ္တနသုတ္တကို ပဥ္စဝဂ္ဂီ ရဟန်းငါးပါး အစုအား မဟာသက္ကရာဇ် ၁၀၃ ခု (ခရစ် မပေါ်မီ ၅၄၄ ခုနှစ်) ဝါဆိုလပြည့်နေ့တွင် ဟောကြားခဲ့ပေသည်။ ဓမ္မစကြာ တရားဒေသနာတော်တွင် မြတ်စွာဘုရားရှင်သည် ရဟန်းတို့အား ကာမချမ်းသာကို အလွန်သာယာ လိုက်စားခြင်းနှင့် ကိုယ်ဆင်းရဲသက်သက်ကို ပြုကျင့်ခြင်း ကည်းဟူသော အစွန်းနှစ်ဘက်ကို ရှောင်ကြဉ်ရန် ရှေးဦးစွာ မိန့်ကြားတော်မူသည်။ ထို့နောက် သစ္စာလေးပါး တရားကို ဟောကြားသည်။ သစ္စာလေးပါး ဆိုသည်မှာ ဒုက္ခ အရိယာသစ္စာ၊ ဒုက္ခ သမုဒယ အရိယာသစ္စာ၊ ဒုက္ခ နိရောဓ အရိယာသစ္စာနှင့် ဒုက္ခ နိရောဓဂါမိနီ ပဋိပဒါ အရိယာသစ္စာ တို့ဖြစ်သည်။

ဒုက္ခ အရိယာသစ္စာ ဆိုသည်မှာ ဆင်းရဲခြင်း သဘောတို့သည် မဖောက်မပြန် ဧကန်အမှန် ရှိခြင်းကိုဆိုသည်။ ဆင်းရဲခြင်း ဆိုသည်ကား အမျိုးမျိုးရှိ၏။ အဖန်ဖန် ပဋိသန္ဓေ နေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရ

ခြင်း၊ မချစ် မနှစ်သက်သောသူနှင့် ပေါင်းသင်းရခြင်း၊ ချစ်နှစ်သက်သူနှင့် ကွေကွင်း ခွဲခွာရခြင်း၊ လိုအင်ဆန္ဒဖြင့် တောင့်တတိုင်း မရခြင်းနှင့် အကျဉ်းချုပ်အားဖြင့်ဆိုသော် ဥပါဒါန် တရားတို့၏ စွဲလမ်းရာ ဖြစ်ကုန်သော ခန္ဓာငါးပါးတို့သည် ဆင်းရဲအစစ်၊ ဆင်းရဲအမှန်တို့သာတည်း။ ဒုက္ခသမုဒယ အရိယာသစ္စာ ဆိုသည်မှာ ဆင်းရဲခြင်း၏ အကြောင်းရင်းဖြစ်သည်။ ထိုအကြောင်းရင်းသည်ကား သာယာနှစ်သက်မှု တပ်မက်စွဲလမ်းမှု ဟုဆိုအပ်သော တဏှာလောဘဖြစ်သည်။ တဏှာသည် ဘဝ အသစ် အသစ်ကို တစ်ဖန်ဖြစ်စေတတ်သော သဘောရှိ၏။ ဒုက္ခနိရောဓ အရိယာသစ္စာ ဆိုသည်မှာ တဏှာချုပ်ငြိမ်း၍ မငြိမကပ်မှုကြောင့် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်း၍ သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်မှုနိဗ္ဗာန်သဘောတရားကြီးပင်တည်း။ ဒုက္ခ နိရောဓ ဂါမိနီ ပဋိပဒါ အရိယာသစ္စာသို့မဟုတ် မဂ္ဂသစ္စာ ဆိုသည်မှာ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ နိဗ္ဗာန်ရောက်ကြောင်းဖြစ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂင်ရှစ်ပါး တရားအကျင့်လမ်းကြောင်းပင်တည်း။ မဂ္ဂင်ရှစ်ပါး တရားဟူသည်မှာ ကောင်းစွာမြင်ခြင်း၊ ကောင်းစွာ ကြံစည်ခြင်း၊ ကောင်းစွာ ပြောဆိုခြင်း၊ ကောင်းစွာ ပြုလုပ်ခြင်း၊ ကောင်းစွာ အသက်မွေးခြင်း၊ ကောင်းစွာ အားထုတ်ခြင်း၊ ကောင်းစွာ အောက်မေ့ခြင်း၊ ကောင်းစွာ တည်ကြည်ခြင်း တို့ဖြစ်သည်။

ဆက်လက်၍ မြတ်စွာဘုရားသည် သစ္စာလေးပါးနှင့် ပတ်သက်သော ဉာဏ်အလုပ် သုံးမျိုးအကြောင်းကို ဟောကြားသည်။ ထိုဉာဏ်သုံးမျိုးမှာ သစ္စ ဉာဏ်၊ ကိစ္စဉာဏ်နှင့် ကတဉာဏ်တို့ ဖြစ်သည်။ သစ္စာလေးပါးတို့ကို ပိုင်ပိုင်နိုင်နိုင် သိမြင်စေသော ဉာဏ်ထင်ရှား ဖြစ်ပေါ်ခြင်းသည် သစ္စ ဉာဏ် ဖြစ်သည်။ သစ္စာ တစ်ပါးစီအတွက် ပြုလုပ်ဖွယ် ကိစ္စကို သိခြင်းသည် ကိစ္စဉာဏ်ဖြစ်သည်။ ပြုလုပ်ဖွယ်ကိစ္စ ပြီးပြီဟူ၍ သိခြင်းသည် ကတဉာဏ်ဖြစ်သည်။

# ဝိပဿနာ ကမ္မဋ္ဌာန်း

၄

(က) ဒုက္ခ အရိယာသစ္စာ၌ -

(၁) "ဤ တေဘူမက ဝဋ်တရားစု (သို့မဟုတ် ခန္ဓာ) သည် ဆင်းရဲစစ်စစ်ဖြစ်သော အရိယာသစ္စာ တစ်ပါး" ဟူ၍ သိခြင်းသည် သစ္စ ဉာဏ်ဖြစ်သည်။

(၂) "ဆင်းရဲစစ်စစ်ဖြစ်သော ထိုအရိယာ သစ္စာတရားကို ပိုင်းပိုင်းခြားခြား ပိုင်ပိုင်နိုင်နိုင် သိအပ် သိထိုက်၏" ဟူ၍ သိခြင်းသည် ကိစ္စဉာဏ်ဖြစ်သည်။

(၃) "ဆင်းရဲစစ်စစ်ဖြစ်သော ထိုအရိယာ သစ္စာတရားကို ပိုင်းပိုင်းခြားခြား ပိုင်ပိုင်နိုင်နိုင် သိခြင်းကိစ္စ ပြီးစီးလေပြီ" ဟူ၍ သိခြင်းသည် ကတဉာဏ်ဖြစ်သည်။

(ခ) ဒုက္ခသမုဒယ အရိယာသစ္စာ၌ -

(၁) "ဤ တပ်မက် သာယာသော တဏှာ လောဘသည် ဆင်းရဲခြင်း၏ အကြောင်းရင်းဖြစ်သော အရိယာသစ္စာ ကြီး တစ်ပါး" ဟူ၍ သိခြင်းသည် သစ္စ ဉာဏ် ဖြစ်သည်။

(၂) "ဆင်းရဲခြင်း၏ အကြောင်းရင်းဖြစ်သော ထိုအရိယာ သစ္စာတရား (တဏှာ) ကို ကြွင်းမဲ့ဥဿုံ အလုံးစုံ ပယ်သင့် ပယ်ထိုက်၏" ဟူ၍ သိခြင်းသည် ကိစ္စ ဉာဏ် ဖြစ်သည်။

(၃) "ဆင်းရဲခြင်း၏ အကြောင်းရင်းဖြစ်သော ထိုအရိယာ သစ္စာတရား (တဏှာ) ကို ကြွင်းမဲ့ဥဿုံ အလုံးစုံ ပယ်ခြင်းကိစ္စပြီးပြီ" ဟူ၍ သိခြင်းသည် ကတဉာဏ် ဖြစ်သည်။

(ဂ) ဒုက္ခ နိရောဓ အရိယာသစ္စာ၌ -

(၁) "နိဗ္ဗာန်သည် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ အမှန်ဖြစ်သော အရိယာ သစ္စာကြီးတစ်ပါး" ဟူ၍ သိခြင်းသည် သစ္စ ဉာဏ် ဖြစ်သည်။

(၂) "ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ အမှန်ဖြစ်သော ထိုသစ္စာတရားကို ကိုယ်တိုင်ဆိုက်ရောက် မျက်မှောက်ပြုအပ်ပြုထိုက်၏" ဟူ၍ သိသောဉာဏ်သည် ကိစ္စဉာဏ် ဖြစ်သည်။

(၃) "ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာ အမှန်ဖြစ်သော ထိုအရိယာ သစ္စာတရားကို ကိုယ်တိုင်ဆိုက်ရောက် မျက်မှောက်ပြုခြင်း ကိစ္စ ပြီးပြီ" ဟူ၍ သိခြင်းသည် ကတဉာဏ် ဖြစ်သည်။

(ဃ) ဒုက္ခ နိရောဓဂါမိနီ ပဋိပဒါ အရိယာသစ္စာ၌ -

(၁) "ဤမဂ္ဂင် ရှစ်ပါးတရား အစုသည် ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာအမှန် နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကောင်း လမ်းမှန်ဖြစ်သော အရိယာ သစ္စာကြီး တစ်ပါး" ဟူ၍ သိခြင်းသည် သစ္စ ဉာဏ်ဖြစ်သည်။

(၂) "ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာအမှန် နိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်ကောင်း လမ်းမှန်ဖြစ်သော ထိုအရိယာ သစ္စာတရားကို ဘာဝနာ အလုပ်ဖြင့် အားထုတ်ပွားများအပ် ပွားများထိုက်၏" ဟူ၍ သိခြင်းသည် ကိစ္စဉာဏ် ဖြစ်သည်။

(၃) "ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းရာအမှန် နိဗ္ဗာန်သို့ ရောက်

ကြောင်း အကျင့်ကောင်း လမ်းမှန်ဖြစ်သော ထိုအရိယာ သစ္စာတရားကို ပွားများခြင်းကိစ္စ ပြီးပြီ" ဟူ၍ သိခြင်းသည် ကတဉာဏ် ဖြစ်သည်။

ဤဓမ္မစကြာ ဒေသနာတော်၌ မြတ်စွာဘုရားရှင်သည် သစ္စာလေးပါးအားဖြင့် သံသရာ ဝဋ္ဋဒုက္ခမှ လွတ်မြောက်ကြောင်းကို ဟောကြားခဲ့ပေသည်။ မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သည့်အတိုင်း သစ္စာလေးပါးနှင့်ပတ်သက်၍ ပြီးမြောက်အောင်မြင်စွာ ဆောင်ရွက်ဆင်ခြင်ရန် ဉာဏ်အလုပ်မှာ –

(၁) ဒုက္ခကို ဒုက္ခစစ်စစ် ဟူ၍ ပိုင်းခြားထိုးထွင်း **သိစေရန်၊**

(၂) ဤသို့ သိခြင်းဖြင့် ဒုက္ခ၏ အကြောင်းရင်းဖြစ်သော တပ်မက်စွဲလမ်းမှု တဏှာကို **ပယ်ရန်၊**

(၃) တပ်မက်ခြင်းကင်း၍ ကိလေသာမှ လွတ်မြောက်ခြင်းဖြင့် ဒုက္ခ ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို **ဆိုက်ရောက် မျက်မှောက်ပြုရန်၊**

(၄) မဂ္ဂင်ရှစ်ပါး တရားကို **အားထုတ်ပွားများခြင်းဖြင့် ကိစ္စပြီး**အောင် ဆောင်ရွက်ရန်တို့ ဖြစ်သည်။

စင်စစ်သော်ကား အကျဉ်းချုပ်ဆိုသော် ဥပါဒါန် တရားတို့၏ စွဲလမ်းရာဖြစ်သော ခန္ဓာငါးပါးတို့၏ ဆင်းရဲအစစ်၊ ဆင်းရဲအမှန်ကို ဉာဏ်မျက်စိဖြင့် ဟုတ်တိုင်းမှန်စွာ သိမြင်ပါက ဆက်လက်အားထုတ်ဆင်ခြင်သည်နှင့်အမျှ စွဲလမ်းမှု ကင်းပြတ်ခြင်းနှင့် ဒုက္ခချုပ်ငြိမ်းခြင်းကိစ္စတို့သည်လည်း အစဉ်အတိုင်း ပေါ်ပေါက်မည်မှာ ဓမ္မနိယာမတရားအရပင် ဖြစ်ပေသည်။

ဤသို့ဖြင့် ပြဆိုပြီးသည့်အတိုင်း မြတ်စွာဘုရားရှင် ကိုယ်တော်တိုင်အားလည်း သစ္စ ဉာဏ်၊ ကိစ္စဉာဏ်၊ ကတဉာဏ် တည်းဟူသော ဉာဏ်သုံးပါးအားဖြင့် စက်လည်ပုံ သုံးပါးရှိသော၊ အခြင်းအရာ တစ်ဆယ့်

နှစ်ပါးရှိသော အရိယာ သစ္စာမြတ်တို့၌ ဟုတ်မှန်သောအတိုင်း ပိုင်းခြား ထင်ထင် ဉာဏ်အမြင်သည် စင်စင်ကြယ်ကြယ် ဖြစ်ပေါ်လာခဲ့ပေသည်။ ထိုအခါ၌သာလျှင် မြတ်စွာဘုရားရှင်သည် လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာ့ဘုံ နှင့်တကွဖြစ်သော အနန္တ စကြ ဝဠာ ကမ္ဘာလောကဓာတ် အတွင်းရှိ လူ နတ် ဗြဟ္မာ သတ္တဝါ အပေါင်းတို့ အလယ်၌ "အတုမရှိသော ဘုရားဖြစ် ရန် သမ္ဗုဒ္ဓ ရွှေဉာဏ်တော်ကို ပိုင်ပိုင်ရရှိ ထိုးထွင်း၍ သိတော်မူပြီ" ဟူ၍ ဝန်ခံတော်မူခဲ့ပေသည်။ မြတ်စွာဘုရားသည် ဘုရားဖြစ်ကြောင်း ဝန်ခံတော်မူပြီးနောက် မိမိ၌ ပစ္စဝေက္ခဏာဉာဏ်လည်း ထင်ရှားဖြစ်ပေါ် လာပြီဖြစ်ကြောင်း။ မိမိ ရရှိပြီးသော အရဟတ္တဖိုလ်သည်လည်း ခိုင်ခံ့ တည်မြဲလေပြီ ဖြစ်ကြောင်း။ မိမိ၏ ယခု ဘဝသည်လည်း နောက်ဆုံး ဘဝဖြစ်၍ နောက်ထပ် ဘဝအသစ် ဖြစ်ဖို့ရာအကြောင်း မရှိတော့ကြောင်း တို့ကို မိန့်တော်မူသည်။

မြတ်စွာဘုရား၏ တရားဦးဖြစ်သော ဤဓမ္မစကြာ ရတနာ တရား တော်ကို ကြားနာရ၍ ပဉ္စဝဂ္ဂီ ရဟန်းငါးဦးတို့ အနက်မှ အသက်အရွယ် အငယ်ဆုံးဖြစ်သော အရှင် ကောဏ္ဍည မထေရ်အား ရှေးဦးစွာ သောတာ ပတ္တိမဂ်ဉာဏ်သည် ထင်ရှားစွာ ပေါ်ပေါက်လာ၏၊တစ်နည်းအားဖြင့်ဆို သော် အလုံးစုံသော တေဘုမ္မက ဝဋ္ဋဒုက္ခ တရားစုသည် ဖြစ်ပေါ်ခြင်းပင် အကြောင်းရင်းရှိ၏။ ထိုအလုံးစုံသော တေဘုမ္မက ဝဋ္ဋဒုက္ခ တရားစုသည် မကြွင်းမကျန် အမှန်ချုပ်ဆုံးခြင်း သဘောရှိ၏ ဟူသည်ကို ဟုတ်တိုင်း မှန်သိ ဉာဏ်မျက်စိဖြင့် ထင်ရှား သိမြင်ခြင်းပင်ဖြစ်သည်။ နောက်ရက် များ၌ အရှင် ဝပ္ပ၊ အရှင် ဘဒ္ဒိယ၊ အရှင် မဟာနာမ်နှင့် အရှင် အဿဇိ တို့သည်လည်း ရှေ့ဆင့်နောက်ဆင့် သောတာပန် ဖြစ်ကြကုန်သည်။

## ဝိပဿနာ ကမ္မဋ္ဌာန်း

၈

### အနတ္တလက္ခဏာသုတ်ကို ဟောကြားခြင်း

ပဉ္စဝဂ္ဂီ ရဟန်းတို့ သောတာပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရရှိပြီး နောက် မြတ်စွာဘုရားရှင်သည် ထိုရဟန်းတို့အား အနတ္တလက္ခဏာသုတ်ကို ဝါဆိုလပြည့်ကျော် ငါးရက်နေ့တွင် ဟောကြားတော်မူသည်။ ဤသုတ်တွင် မြတ်စွာဘုရားက ရဟန်းတို့အား ခန္ဓာငါးပါးတို့၏ အစိုးမရသော အနတ္တ သဘောကို ဤကဲ့သို့ ရှင်းလင်း ဟောကြားတော်မူသည်။ "ရုပ်သည် အတ္တမဟုတ်၊ ရုပ်သည် အတ္တဖြစ်ခဲ့ငြားအံ့၊ ဤရုပ်သည် နာကျင်ခြင်းငှာ မဖြစ်ရာ၊ ငါ၏ရုပ်သည် ဤသို့ဖြစ်စေ၊ ငါ၏ရုပ်သည် ဤသို့ မဖြစ်စေလင့်" ဟု ရုပ်၌ တောင့်တမှုကို ရကောင်းရာ၏။ ရုပ်သည် အတ္တ မဟုတ်သောကြောင့် နာကျင်ခြင်းငှာ ဖြစ်၏။ ငါ၏ရုပ်သည် ဤသို့ဖြစ်စေ၊ ငါ၏ရုပ်သည် ဤသို့ မဖြစ်စေလင့် ဟု ရုပ်၌ တောင့်တမှုကိုလည်း မရ။

"ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်တည်းဟူသော နာမ်ခန္ဓာ တို့သည်လည်း အတ္တမဟုတ်၊ အတ္တ ဖြစ်ခဲ့ငြားအံ့" - စသည်ဖြင့် ရုပ်ကို ဟောကြားတော်မူခဲ့သည့်အတိုင်း ခန္ဓာ တစ်ခုစီကို ဆက်လက် ဟောတော်မူသည်။ ထို့နောက် ခန္ဓာငါးပါးတို့၏ မမြဲခြင်းသဘော၊ ဆင်းရဲခြင်းသဘော၊ ဖောက်ပြန်ခြင်း သဘောတို့ကို အမေးအဖြေ ပြုလုပ်၍ ရဟန်းတို့အား ထင်ရှားစေပါသည်။ ဤကဲ့သို့ ခန္ဓာငါးပါးတို့၏ မမြဲသောသဘော၊ ဆင်းရဲသော သဘောတို့ကို ထင်ရှားစေပြီးနောက် ယင်းခန္ဓာငါးပါးတို့ကို "ငါ၏ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏ကိုယ်အတ္တ မဟုတ်" ဟူ၍ ဟုတ်တိုင်းမှန်စွာ မှန်ကန်သော ပညာဖြင့် ရှုရမည်ဟု မိန့်ကြားတော်မူသည်။ ဆက်လက်၍ မြတ်စွာဘုရားရှင်က မိမိ ဟောကြားတော်မူခဲ့သည့်အတိုင်း ခန္ဓာငါးပါးတို့၏ မမြဲသော အနိစ္စ သဘော၊ ဆင်းရဲသော ဒုက္ခ သဘော၊ အစိုးမရသော အနတ္တ သဘောတို့ကို ပိုင်ပိုင်နိုင်နိုင်

ရှုဆင်ခြင်သည်ရှိသော် ရုပ်နာမ်တရားတို့၌ တပ်မက်ခြင်း ကင်း၍ ကိလေသာမှ လွတ်မြောက်ပြီး အရဟတ္တဖိုလ်သို့ပင် ဆိုက်ရောက်နိုင်ပုံ တို့ကို ဟောကြားပြသ ခဲ့ပေသည်။ မြတ်စွာဘုရားရှင်၏ အနတ္တလက္ခဏာ တရားကို နာရခြင်းဖြင့် ခန္ဓာငါးပါးတို့၏ မမြဲသော သဘော၊ ဆင်းရဲသော သဘော၊ အစိုးမရ အလိုမလိုက်သော သဘောကို ကြည်ကြည်လင်လင် သိမြင် သဘောပေါက်လာ၍ ပဥ္စဝဂ္ဂီ ငါးပါးတို့သည် ရုပ်နာမ်တရား အစုတို့၌ ငြီးငွေ့လာကြသည့် အလျောက် ခန္ဓာငါးပါးတို့၌ မစွဲလမ်းမူ၍ အာသဝေါတို့မှ လွတ်မြောက်ကြကုန်၏။

ဤကဲ့သို့ ရုပ်ခန္ဓာ အစုကို ဟုတ်တိုင်းမှန်စွာ မြင်လာခြင်းဖြင့် ခန္ဓာတို့၌ ငြီးငွေ့လာသည်မှစ၍ အာသဝေါ တရားတို့မှ ကင်းရှင်းလွတ်မြောက်ပုံ ဉာဏ်စဉ် အဆင့်ဆင့်ကို မြတ်စွာဘုရားက အောက်ပါ ပါဠိတော်ဖြင့် ပြဆိုခဲ့ပေသည်။

## ပါဠိတော်

"ဧဝံပဿံ ဘိက္ခဝေ သုတဝါ အရိယာ သာဝကော ရူပသ္မိံပိ နိဗ္ဗိန္ဒတိ ဝေဒနာယပိ နိဗ္ဗိန္ဒတိ သညာယပိ နိဗ္ဗိန္ဒတိ သင်္ခါရေသုပိ နိဗ္ဗိန္ဒတိ ဝိညာဏသ္မိံပိ နိဗ္ဗိန္ဒတိ နိဗ္ဗိန္ဒံ ဝိရဇ္ဇတိ ဝိရာဂါ ဝိမုစ္စတိ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံဟောတိ ခီဏာဇာတိ ဝုသိတံ ဗြဟ္မစရိယံ ကတံ ကရဏီယံနာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ"

## ထွင့်ခေါင် ဆရာတော်ဘုရားကြီး၏ နိဿယ

ဤပါဠိတော်၏ နိဿယကို ကျေးရူးရှင် ရတနာထွင့်ခေါင် ဆရာတော် ဘုရားကြီးက ဤသို့ပေး၏။ " ဧဝံ ဤသို့၊ ပဿံ ပဿန္တော

မြင်သော၊ သုတဝါ အကြားအမြင်ရှိသော၊ အရိယာ သာဝကော အရိယာ၏ တပည့်သည်၊ ရူပသ္မိံ ပိ ရူပက္ခန္ဓာ၌လည်း၊ နိဗ္ဗိန္ဒတိ ငြီးငွေ့၏။ ဝေဒနာယပိ ဝေဒနာက္ခန္ဓာ၌လည်း၊ နိဗ္ဗိန္ဒတိ ငြီးငွေ့၏။ သညာယပိ သညာက္ခန္ဓာ၌လည်း၊ နိဗ္ဗိန္ဒတိ ငြီးငွေ့၏။ သင်္ခါရေသုပိ သင်္ခါရက္ခန္ဓာတို့၌လည်း၊ နိဗ္ဗိန္ဒတိ ငြီးငွေ့၏။ ဝိညာဏသ္မိံ ပိ ဝိညာဏက္ခန္ဓာ၌လည်း၊ နိဗ္ဗိန္ဒတိ ငြီးငွေ့၏။ နိဗ္ဗိန္ဒံ နိဗ္ဗိန္ဒန္တော ငြီးငွေ့သည်ဖြစ်၍၊ ဝိရဇ္ဇတိ တပ်ခြင်းကင်း၏။ ဝိရာဂါ တပ်ခြင်းကင်းသောကြောင့်၊ ဝိမုစ္စတိ ကိလေသာမှလွတ်၏။ ဝိမုတ္တသ္မိံ ကိလေသာမှ လွတ်ရာဖြစ်သော အရဟတ္တဖိုလ်၌၊ ဝိမုတ္တော ကိလေသာမှ လွတ်သည်၊ အမှို ဖြစ်၏။ ဣတိ ဤသို့၊ ဉာဏံ ပစ္စဝေက္ခဏာဉာဏ်သည်၊ ဟောတိ ဖြစ်၏။ ဇာတိ ပဋိသန္ဓေ နေခြင်းသည်၊ ခီဏာ ကုန်ပြီ။ ဗြဟ္မစရိယံ မဂ်တည်းဟူသော မြတ်သောအကျင့်ကို၊ ဝုသိတံ သုံးအပ်ပြီ၊ ကရဏီယံ ပြုဖွယ်ကိစ္စကို၊ ကတံ ပြုအပ်၏။ ဣတ္ထတ္တာယ တစ်ဆယ့်ခြောက်ပါးသော မဂ်ကိစ္စအလို့ငှာ၊ အပရံန မရှိပြီ။ ဣတိ ဤသို့၊ ပဇာနာတိ သိ၏။ ဣတိ ဤသို့၊ ဘဂဝါ မြတ်စွာဘုရားသည်၊ အဝေါစ မိန့်တော်မူ၏။"

## လယ်တီ ဆရာတော်ဘုရားကြီး၏ အဓိပ္ပါယ် ရှင်းလင်းချက်

ဤပါဠိတော်၏ အဓိပ္ပါယ်ကို ကျေးဇူးရှင် လယ်တီ ဆရာတော်ဘုရားကြီးကလည်း အနတ္တလက္ခဏာသုတ် မြန်မာပြန် နိဿယသစ်တွင် ဤသို့ဖော်ပြ၏။ "ချစ်သားရဟန်းတို့ ဤသို့ ခန္ဓာငါးပါး၌ မမြဲသော အနိစ္စသဘော၊ ဆင်းရဲသော ဒုက္ခသဘော၊ အစိုးမရသော အနတ္တသဘောကို ဟောခဲ့ပြီးသောအတိုင်း ပိုင်ပိုင်ထင်ထင် ရှုဆင်ခြင်သည်ရှိသော် ရုပ်နာမ်တရားတို့၌ များသော အကြားအမြင်ရှိသော ငါဘုရား၏ တပည့်မြတ်သည် ရုပ်တရား အစု၌လည်း အနှစ်သာရ မတွေ့ဘဲ ငြီးငွေ့

ပျင်းမှန်းလေ၏။ ခံစားမှု စံစားမှု ဝေဒနာ အစု၌လည်း အနှစ်သာရ မတွေ့ဘဲ ငြီးငွေ့ ပျင်းမှန်းလေ၏။ မှတ်မှုသညာ အစု၌လည်း အနှစ်သာရ မတွေ့ဘဲ ငြီးငွေ့ပျင်းမှန်းလေ၏။ ပြုပြင်မှု သင်္ခါရ အစု၌လည်း အနှစ်သာရ မတွေ့ဘဲ ငြီးငွေ့ပျင်းမှန်းလေ၏။ အာရုံသိမှု ဝိညာဏ အစု၌လည်း အနှစ်သာရ မတွေ့ဘဲ ငြီးငွေ့ပျင်းမှန်းလေ၏။ ခန္ဓာပဉ္စကၡ အနှစ်သာရ မတွေ့ဘဲ ငြီးငွေ့ ပျင်းမှန်းလေသည်ရှိသော် မတွယ်မတာ မသာယာဘဲ တဏှာ ကင်းပြတ်လေ၏။ မတွယ်မတာ မသာယာဘဲ တဏှာ ကင်းပြတ်မှုကြောင့် ကိလေသာ ဝဋ်တွင်းမှ လွတ်ကင်း ထွက်မြောက်လေ၏။ ကိလေသာ ဝဋ်တွင်းမှ လွတ်ကင်း ထွက်မြောက်သည်ရှိသော် ကျွတ်ပေပြီ၊ လွတ်ပေပြီဟူ၍ ဟုတ်တိုင်းအမှန်ကို သိသောဉာဏ်သည် ဖြစ်ပေါ်လေ၏။ ဘဝအသစ် အဖြစ်မ စဲ အသစ်အသစ် လဲရမှုသည် အစတုံး၍ ကုန်ဆုံးလေပြီ၊ မြတ်သောအကျင့် ဟူသမျှကို ကျင့်သုံးခြင်းကိစ္စ ပြီးဆုံးခဲ့လေပြီ၊ သစ္စာလေးသွယ်နှင့် ပြုဖွယ်ဟူသမျှ မဂ်ကိစ္စကို ကိစ္စတုံးအောင် လုံးလုံးကြီး ပြုအပ်ပေပြီ၊ ဤပစ္စုပ္ပန် ခန္ဓာအစဉ်မှ တစ်ပါးသော ခန္ဓာအစဉ်သည် ကင်းပြတ်ကုန်ကြွေ မရှိချေ၊ ဤသို့ ထွန်းလင်းထိန်တောက် အသိဉာဏ် ပေါ်ပေါက်လေ၏။"

**တရားဆင်ခြင်ခြင်း**

အနတ္တလက္ခဏာသုတ်အရ ဆိုသော် ယောဂီသည် ခန္ဓာ၏ မမြဲသော အနိစ္စ သဘော၊ ဆင်းရဲသော ဒုက္ခသဘော၊ အစိုးမရ အလိုမလိုက်သော အနတ္တ သဘောတို့ကိုလည်းကောင်း၊ "ခန္ဓာသည် ငါ၏ ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏ အတ္တမဟုတ်" ဟူသော သဘောတရားကိုလည်းကောင်း မြတ်စွာဘုရား ဟောကြားတော် မူခဲ့သည့်အတိုင်း ဟုတ်တိုင်းမှန်စွာ မြင်လာသည်အထိ ရှုဆင်ခြင်ရန် ဖြစ်သည်။ ဤသို့ မြင်လာသည်ရှိသော်

ခန္ဓာ၌ ငြီးငွေ့လာပေလိမ့်မည်။ ငြီးငွေ့လာသည် ရှိသော် တပ်မက်မော ခြင်း ကင်းပေမည်။ တပ်မက်မောမှု ကင်းခြင်းကြောင့် ကိလေသာ ဝဋ်ဆင်းရဲမှ လွတ်ကင်း ထွက်မြောက်ပေမည်။

မြတ်စွာဘုရားသည် အချို့သုတ်များတွင် အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာများကို တစ်ပေါင်းတည်း မဟုတ်ဘဲ တစ်ခုချင်း ခွဲခြား၍လည်း ဟောကြားတော် မူခဲ့ပေသည်။ လက္ခဏာ တစ်ခုချင်း ဆင်ခြင်ရာ၌လည်း မြတ်စွာဘုရား ဟောကြားထားတော် မူသည့်အတိုင်း ယင်းလက္ခဏာ တစ်ခုကိုပင် ဟုတ်တိုင်းမှန်စွာ မြင်လာသည်အထိ ဆင်ခြင်ရန်ဖြစ်သည်။ ဤသို့ မြင်လာသည်ရှိသော် ခန္ဓာ၌ ငြီးငွေ့လာပေလိမ့်မည်။ ငြီးငွေ့သည် ရှိသော် တပ်မက်မောခြင်း ကင်းပေလိမ့်မည်။ တပ်မက်မောခြင်း ကင်းခြင်း ကြောင့် ကိလေသာ ဝဋ်ဆင်းရဲမှ လွတ်ကင်း ထွက်မြောက်ပေလိမ့်မည်။

နေ့စဉ်နှင့်အမျှ ကျွန်ုပ်တို့ ထိတွေ့နေရသော အဖြစ်အပျက်များ သည်လည်း မြတ်စွာဘုရား ဟောကြားထားသော အနိစ္စသဘော၊ ဒုက္ခ သဘော၊ အနတ္တ သဘောနှင့် "ငါ၏ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏ အတ္တမဟုတ်" ဟူသော သဘောတရားတို့ကို ဆောင်လျက် ရှိကြကုန် သည်။ ၎င်း အချက်အလက်များကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတရား တစ်ခုကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ဟုတ်တိုင်းမှန်စွာ မြင်လာသည်အထိ ဆင်ခြင်ရာသည်။ စွဲမြဲစွာ ဆင်ခြင်ခြင်းဖြင့် ခန္ဓာကို ငြီးငွေ့လာပေလိမ့် မည်။ အကယ်၍ စွဲမြဲစွာ ဆင်ခြင်လျက်နှင့်ပင် မငြီးငွေ့လျှင် အကြောင်း ခြင်းရာ တစ်ခုခုကို ပြောင်းလဲ ဆင်ခြင်ရန်ဖြစ်သည်။ အမှန်စင်စစ်မှာ ဆင်ခြင်ရသော သဘော၏ အဓိက ဦးတည်ချက်သည်ကား ခန္ဓာ၌ ငြီး ငွေ့စေရန်နှင့် တပ်မက်ခြင်း ကင်းစေရန်ဖြစ်သည်။ အဘယ့်ကြောင့် ဆို သော် ခန္ဓာ၌ တပ်မက်ခြင်း ကင်းသည်ရှိသော် ကိလေသာဝဋ်မှ လွတ် ခြင်း၊ ပဋိသန္ဓေနေမှု ကုန်ဆုံးခြင်း ဟူသော အကျိုးဆက်တို့သည် ဓမ္မ

နိယာမအတိုင်း ပေါ်ပေါက်လာကြမည် ဖြစ်သည်။ ဤသည်ကား ဆင်ခြင်ရသော ဝိပဿနာတရား အလုပ်ပေတည်း။

## အခန်း (၂)

## ဆင်ခြင်ရသော ဝိပဿနာတရားနှင့် ပတ်သက်၍ သိကောင်းဖွယ်ရာအချို့

### ဝိပဿနာ ကမ္မဋ္ဌာန်း အလုပ်ကို အိမ်မိစီးပွားနှင့် တွဲဖက်၍ ဆင်ခြင်နိုင်ခြင်း

ဝိပဿနာ ကမ္မဋ္ဌာန်း အလုပ်ကို အိမ်အလုပ် အိမ်မိစီးပွားနှင့် တွဲဖက်၍ လုပ်နိုင်သည်ကို ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီး သည် အာဟာရ ဒီပနီတွင် ဤသို့ ဖော်ပြခဲ့ပေ၏။ "အာနာပါန အစ ရှိသော သမထ ကမ္မဋ္ဌာန်းမျိုးသည်ကား ပြောဟောမှု အလွန်လွယ်၏။ နိမိတ်ထင်ရအောင် အားထုတ်မှု အလွန်ခဲယဉ်း၏။ အိမ်၌နေ၍ စီးပွား နှင့် တွဲဖက်ခြင်းငှာမရ၊ ဆိတ်ငြိမ်ရာသို့ထွက်၍ အပြင်းအထန် အားထုတ် မှ နိမိတ်ရနိုင်၏။ ဝိပဿနာ ကမ္မဋ္ဌာန်းသည်မူကား ဉာဏ်အလုပ်ဖြစ်၍ လယ်လုပ်ရင်းလည်း ဖြစ်နိုင်၏။ ယာလုပ်ရင်းလည်း ဖြစ်နိုင်၏။ လှေ သွားရင်း၊ လှည်းသွားရင်း၊ ဝန်ထမ်းရောင်းဝယ်ရင်း အစရှိသည်ဖြင့် အိမ်အလုပ် အိမ်မိစီးပွားနှင့် ဖက်တွဲနိုင်သတည်း။ ဘုရားလက်ထက်တော်၌ သမထ ကမ္မဋ္ဌာန်းကို ပေါက်ရောက်အောင် လုပ်နိုင်သောသူသည် အလွန် နည်းပါးလှ၏။ အိမ်နေ၍ အိမ်မိစီးပွားနှင့် ဖက်တွဲ၍ စွဲမြဲကြသူ များ၏။ ထိုစကား မှန်၏။ သမထ ကမ္မဋ္ဌာန်း ပေါက်ရောက်သူ လူ၌ အလွန် နည်းလှ၏။ ရဟန်းတို့၌သာလျှင် များ၏။ ဝိပဿနာ ကမ္မဋ္ဌာန်း ပေါက် ရောက်၍ သောတာပန် အရိယာ ဖြစ်ကြသူကား လူ၌ အလွန်များလှ၏။ လူသောတာပန် တစ်ထောင်ကို ရဟန်း သောတာပန် တစ်ယောက်ကျ ထား၍ ရေတွက်သော်လည်း ရဟန်းဘက်ကသာ ကုန်ပေရာ၏။ လူ

ဘက်က မကုန်လေရာ၊ ဤမျှလောက်ပင် များရိပ်ထင်၏။ အဘယ်ကြောင့်နည်း လောက၌ ရှိရင်းကပင် ရဟန်း အလွန်နည်း၏။ လူကမူ မချိမတိုက်နှင့် အပြည့်ရှိ၏။ လူသောတာပန်လည်း ပြည့်မတတ်ပင် များလှ၏။ ထိုသို့ များလှခြင်းသည်ကား အိမ်စီးပွားနှင့် ဝိပဿနာ တွဲချင်တိုင်း တွဲသာလှသောကြောင့်တည်း။ (လယ်တီဆရာတော် အာဟာရဒီပနီနှင့် သီလဝိနိစ္ဆယ – သုဓမ္မဝတီ ပုံနှိပ်တိုက်၊ နှာ ၁၂၆)

## ဆင်ခြင်သော ကမ္မဋ္ဌာန်းအလုပ်ဖြင့် ရဟန္တာအဖြစ်ကို ရရှိကြခြင်း

ခန္ဓာ၏ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တ သဘောတို့ကို ဆင်ခြင်ခြင်းဖြင့် ခန္ဓာငါးပါးကို ငြီးငွေ့လာပြီး ခန္ဓာ၌ တပ်ခြင်းကင်းသောကြောင့် ရဟန္တာ ဖြစ်သွားကြောင်း သာဓကများကို မြတ်စွာဘုရား၏ ဒေသနာပေါင်း မြောက်မြားစွာတို့တွင် တွေ့ရပါသည်။ ပဉ္စဝဂ္ဂီ ရဟန်းငါးပါးအစုသည် မြတ်စွာဘုရား ဟောကြားတော်မူသော အနတ္တလက္ခဏာသုတ်ကို ကြားနာရ၍ တရားသဘောကို ဆင်ခြင်ရာ အရဟတ္တမဂ်ဉာဏ်၊ ဖိုလ်ဉာဏ်တို့ကို ရရှိကြ၍ ရဟန္တာများ ဖြစ်သွားကြသည်။ အရှင်ဝက္ကလိသည်လည်း အနတ္တလက္ခဏာ တရားကိုပင် မြတ်စွာဘုရားထံမှ ကြားနာရ၍ နေ့ရောညပါ ဆင်ခြင်ရာ အရဟတ္တဖိုလ်ကို ဆိုက်ရောက်ခဲ့ပေသည်။ သန္တတိ အမတ်ကြီးသည်လည်း မြတ်စွာဘုရား၏ တရားတော်ကို ကြားနာပြီး တရားသဘောကို ဆင်ခြင်၍ အရဟတ္တဖိုလ်ဉာဏ်ကို ရရှိကာ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန် စံဝင်သွားခဲ့ပေသည်။ သဠာယတနဝဂ္ဂ သံယုတ်၊ ဆန္နဝဂ်၊ ဆန္နသုတ်တွင် အရှင်ဆန္နသည် စက္ခုဝိညာဏ် အစ ရှိသည်တို့ဖြင့် သိအပ်သော တရားတို့၌ ချုပ်မှုကိုမြင်၍ ချုပ်မှုကို အထူးသိ၍ "ဤကား ငါ့ဥစ္စာမဟုတ်၊ ဤကား ငါမဟုတ်၊ ဤကား ငါ၏ ကိုယ်အတ္တ မဟုတ်" ဟု ရှုဆင်ခြင်ခြင်းဖြင့် တဏှာ ကင်းပြတ်၏။

နောက်ဆုံး၌ အရှင်ဆန္နသည် မိမိအသက်ကို ဓားဖြင့် ဆောင်ခဲ့ငြားသော်လည်း မြတ်စွာဘုရားက အရှင်သာရိပုတြာအား "သာရိပုတြာ ဆန္နရဟန်းသည် ပဋိသန္ဓေသို့ ချဉ်းကပ်ခြင်း မရှိဘဲ (အသက်ကို) ဆောင်လေပြီဟု မှတ်ပေလော့" ဟု မိန့်ကြားခဲ့ကြောင်းကို တွေ့ရှိရပါသည်။ ထို့ပြင် အချို့သုတ်တော်များတွင် မြတ်စွာဘုရား၏ တရားကို ကြားနာရ၍ အပြီးတွင် တစ်ဦးချင်း မဟုတ်ဘဲ အဖွဲ့လိုက် ရဟန္တာ ဖြစ်သွားကြသည်ကိုလည်း တွေ့ရှိရပေသည်။ ဥပမာအားဖြင့် ဆိုသော် မဇ္ဈိမနိကာယ်၊ ဥပရိပဏ္ဏာသ၊ ဒေဝဒဟဝဂ်၊ မဟာပုဏ္ဏ သုတ်ကို ဟောကြား၍ အပြီးတွင် ရဟန်းအပါး ၆၀ တို့သည် တပ်ခြင်းကင်းပြီး၊ အာသဝေါတရားကုန်သည် အဖြစ်ကို ရောက်၍ ရဟန္တာ ဖြစ်သွားကြကုန်သည်ကို ဖော်ပြထားပေသည်။

အထက်ပါပုဂ္ဂိုလ် အပေါင်းတို့သည် မြတ်စွာဘုရား၏ တရားတော်ကို နာကြားရ၍ တရားကို ဆင်ခြင်ခြင်းဖြင့် တရားအဆုံး၌ သော်လည်းကောင်း၊ မကြာမီကာလ အတွင်း၌ သော်လည်းကောင်း၊ ရဟန္တာများ ဖြစ်ကုန်ကြသည်မှာ ရှေးအခါတပင် ပါရမီ ဆည်းပူးခဲ့ကြပြီး ဖြစ်၍ ပါရမီ ရင့်သန်သူများ၊ ပါရမီ ထူးကဲသူများ ဖြစ်ကြပေသည်။ သာမန်ပါရမီ ရှိသူများ အဖို့မှာမူ မြတ်စွာဘုရား၏ တရားတော်ကို နာကြားရ၍ တရားအဆုံး၌ သောတာပတ္တိဖိုလ်ကို ရရှိသွားသူ မြောက်မြားစွာ ရှိသည်ဟူ၍ ဒေသနာတော်များ၌ တွေ့ရှိရဖူးသည်။ မျက်မှောက်ခေတ် လူများတွင် ပါရမီ ရှိမရှိ၊ သို့မဟုတ် ပါရမီ ရင့်သန်မှုရှိသည် မရှိသည်ကို မည်သူတစ်ဦး တစ်ယောက်မျှ တပ်အပ်သေချာစွာ သိရန် လွန်စွာခဲယဉ်းလှပေသည်။ သို့ရာတွင် တစ်ဦးတစ်ယောက်သော သူသည် မြတ်စွာဘုရား၏ ဒေသနာတော်၌ ယုံကြည် သက်ဝင်၍ သဒ္ဓါတရား ပွားများခြင်း၊ တရားတော်ကို လုံ့လ ဝီရိယဖြင့် ဆင်ခြင်အားထုတ်ခြင်း

အဆင့်သို့ ရောက်ရှိခြင်းသည်ပင်လျှင် ပါရမီရှိခြင်း လက္ခဏာ တစ်ရပ် ဟူ၍ မှန်းဆနိုင်ပေသည်။

## တရားအားထုတ်ရာ၌ အဓိပတိလေးပါး လိုအပ်ခြင်း

တရားကို ဆင်ခြင်အားထုတ်သော ယောဂီသည် ရုပ်နာမ်ဓမ္မ သင်္ခါရ အားလုံးတို့၏ မမြဲခြင်း၊ ရုပ်နာမ်ဓမ္မ သင်္ခါရ အားလုံးတို့၏ ဆင်းရဲခြင်း၊ သဘာဝတရား အားလုံးတို့၏ အတ္တ မဟုတ်ကုန်သည်၏ အဖြစ်တို့ကို ဉာဏ်ဖြင့် သိလာ၍ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၌ ငြီးငွေ့လာသည် အထိ ဆင်ခြင်ရာ၏။ "ဤသို့ ငြီးငွေ့ခြင်းသည် ကိလေသာ စင်ကြယ်ရာ နိဗ္ဗာန်၏ အကြောင်းဖြစ်၏"ဟု မြတ်စွာဘုရားက ဟောကြားတော်မူခဲ့ပေသည်။ (ဓမ္မပဒဂါထာ ၂၇၇၊ ၂၇၈၊ ၂၇၉)။ ထို့ပြင် မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံဝင်မည့် ဆဲဆဲတွင် "ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာ ဒေန၊ သမ္ပာဒေထ "ဟူ၍ မိန့်ကြားတော်မူခဲ့သေးသည်။ ဆိုလိုရင်း အဓိပ္ပါယ်မှာ သင်္ခါရ တရားတို့သည် ပျက်ခြင်းသဘော ရှိကုန်၏။ ယင်းသဘော တရားကို မမေ့မလျော့သော သတိဖြင့် ပြီးစီးပြည့်စုံအောင် အားထုတ်ရစ်ကြကုန်လော့ဟု မိန့်တော်မူခြင်းပင် ဖြစ်၏။ မြတ်စွာဘုရား၏ အလိုတော်မှာ **အရဟတ္တဖိုလ်** ရရှိ၍ သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်ခြင်းကို ဦးတည်လျက် တရား ပွားများအားထုတ် စေလိုခြင်းပင်ဖြစ်သည်။

ကျေးဇူးရှင် ရတနာထွဋ်ခေါင် ဆရာတော် ဘုရားကြီးကမူ ဤမျက်မှောက် ဘဝတွင်ပင် နိဗ္ဗာန်ရောက်အောင် ဝိပဿနာ ကမ္မဋ္ဌာန်းကို ပွားများ အားထုတ်ရန် ဤကဲ့သို့ တိုက်တွန်းခဲ့၏။ "သေခြင်း သဘောတရားကို လက်ဝါးအပြင်၌ ထားအပ်သော ဇီးဖြူသီး၊ ဖန်ခါးသီးကဲ့သို့ မြင်အပ်ပြီးသော၊သမ္မာဒိဋ္ဌိ ပညာမျက်စိနှင့် ပြည့်စုံသော ကုလပုတ္တ အမျိုးကောင်း

သားတို့သည် သေခြင်း သဘောတရားကို ငြီးငွေ့သည်ဖြစ်၍ ပဋိသန္ဓေနေရခြင်း၊ အိုခြင်း၊ သေခြင်းဟူသော ဘေးဘျမ်းနှင့် တကွဖြစ်သော ခန္ဓာငါးပါးနှင့် ဘုံသုံးပါးကို ကျားရှိသော ဂူကဲ့သို့ လည်းကောင်း၊ ခြင်္သေ့ကျားသစ် အစရှိသော ဘေးဘျမ်းနှင့် တကွသော တောအုပ်ကဲ့သို့ လည်းကောင်း၊ ကြောက်ခြင်း၊ တုန်လှုပ်ခြင်းတို့ကို ဖြစ်စေ၍ သေခြင်းကင်းရာ မဟာအမတ သေန္တိ သုခဖြစ်သော နိဗ္ဗာန်ချမ်းသာကို အလွယ်တကူ ယခုဘဝမှာပင် ငါယူအံ့ဟု ဆန္ဒာဓိပတိ၊ ဝိရိယာဓိပတိ၊ စိတ္တာဓိပတိ၊ ဝိမံသာ (ပညာ) ဓိပတိ ဟုဆိုအပ်သော အဓိပတိ လေးပါးကို ကြီးကြီးမားမား ဖြစ်စိမ့်သောငှာ ချီးမြှောက်အပ်၏ ”

(ရာဇပါမောက္ခဒီပနီ နှာ၊ ၁၅၃)

ကျေးရှုးရှင် လယ်တီဆရာတော် ဘုရားကြီးကလည်း ဗောဓိပက္ခိယ ဒီပနီတွင် သာဝတ္ထိပြည်၌ အိမ်တွင်နေ၍ တရားသဘောကို ဝိရိယမိုလ်ဖြင့် ဆင်ခြင်ကာ ပညာမိုလ် ရရှိကြပြီး ငါးကုဋေ ငါးသိန်းမျှပင် ကျွတ်လွတ်သွားကြကြောင်းကို ဤသို့ ဖော်ပြပါ၏။ “မိုလ်ငါးပါးတွင်လည်း ဝီရိယမိုလ်နှင့် ပညာမိုလ် နှစ်ပါးတို့သည် ဣန္ဒြိပါဒ်မျိုး ဖြစ်ကြကုန်၏။ ထို့ကြောင့် မိုလ်ကြီးနှစ်ပါး တညီတညာ ခိုင်ခဲ့လျှင် ကြွင်းသော မိုလ်သုံးပါးတို့အတွက် ဝိပဿနာမှု၌ မတိုးနိုင်၊ မတက်နိုင် မရှိပြီ၊ ဂဟဋ္ဌဖြစ်သူ အိမ်နေလူ ပကတိ ဖြစ်ကြကုန်လျက် သာဝတ္ထိပြည်တွင်းမှ ငါးကုဋေ ငါးသိန်းမျှ ကျွတ်လွတ်နိုင်ကြသည်ကို မြင်လေ ”

(လယ်တီ ဗောဓိပက္ခိယ ဒီပနီပေါင်းချုပ် ပထမတွဲ၊ နှာ ၃၁၃)

## သေခါနီးတရားဆင်ခြင်ခြင်း

### (က) ဖဂ္ဂုနသုတ်

ဤအကြောင်းအရာနှင့် ပတ်သက်၍ အင်္ဂုတ္တိုရ်နိကာယ် ဆက္ကနိပါတ်၊ ဒုတိယ ပဏ္ဏာသ၊ မဟာဝဂ် – ဖဂ္ဂုန သုတ်တော်တွင် **ဖဂ္ဂုနမထေရ်** အကြောင်းကို ဖော်ပြထားပါ၏။ အခါတစ်ပါး၌ အရှင်ဖဂ္ဂုနသည် အနာ နှိပ်စက်သည်ဖြစ်၍ ဆင်းရဲလျက် ပြင်းပြစွာ မကျန်းမမာ ဖြစ်နေကြောင်းကို အရှင် အာနန္ဒာက မြတ်စွာဘုရားအား လျှောက်ထားတော်မူ၏။ ထိုနေ့ ညချမ်းအချိန်တွင်ပင် မြတ်စွာဘုရားသည် အရှင်ဖဂ္ဂုနထံ သွားရောက်၍ အရှင် ဖဂ္ဂုနအား တရား ဟောကြားတော်မူပြီး တရားကို ဆောက်တည်စေကာ ထက်သန်ရွှင်လန်းစေပြီးလျှင် ပြန်ကြွသွားတော်မူသည်။ မြတ်စွာဘုရား ကြွသွား၍ မကြာမီပင် အရှင်ဖဂ္ဂုန ကွယ်လွန်လေ၏။ ထိုသေခါနီး ကာလ၌ ဖဂ္ဂုန မထေရ်၏ ဣန္ဒြေတို့သည် အထူး ကြည်လင်ကုန်၏။ ထိုအခြင်းအရာကို အရှင်အာနန္ဒာက မြတ်စွာဘုရားအား လျှောက်ထားရာ မြတ်စွာဘုရားက အရှင်အာနန္ဒာအား "ဖဂ္ဂုန ရဟန်း၏ ဣန္ဒြေတို့သည် အဘယ့်ကြောင့် အထူးသဖြင့် မကြည်လင်ဘဲ ရှိကုန်လိမ့်မည်နည်း၊ – – – – ထိုဖဂ္ဂုန ရဟန်း၏ စိတ်သည် ထိုတရား ဒေသနာကို ကြားနာရ၍ အောက်ပိုင်းသံယောဇဉ် ငါးပါးမှ လွတ်၏" ဟု မိန့်ကြားတော်မူသည်။

ဆက်လက်၍ မြတ်စွာဘုရားက အရှင်အာနန္ဒာအား သင့်လျော် လျောက်ပတ်သောအခါ တရားကို နာရခြင်းနှင့် သင့်လျော် လျောက်ပတ်သောအခါ အကျိုးအကြောင်းကို ဆင်ခြင်ခြင်းတို့၏ အကျိုးခြောက်မျိုးကို ဟောကြားတော်မူသည်။

မှတ်ချက်။ ။ဤခေါင်းစဉ်နှင့် ပတ်သက်၍ -
- သေခြင်း သဘောတရားကို ဆင်ခြင်ခြင်းကို အခန်း (၃) တွင်လည်းကောင်း၊
- ကုသိုလ်စိတ်ဖြင့် သေတတ်ရန် အရေးကြီးခြင်း အကြောင်းကို အခန်း (၄) တွင် လည်းကောင်း၊
ဖတ်ရှုပါရန်။

"အဘယ်ခြောက်မျိုးတို့နည်းဟူမူ"-

အာနန္ဒာ ဤသာသနာတော်၌ ရဟန်းအား အောက်ပိုင်း သံယောဇဉ် ငါးပါးတို့မှ စိတ်သည် မလွတ်မြောက်သေး၊ ထိုရဟန်းသည် ထိုသေခါနီး အခါ၌ မြတ်စွာဘုရားကို ဖူးမြော်ရ၏။ ထိုရဟန်းအား မြတ်စွာဘုရား သည် အစ၏ကောင်းခြင်း၊ အလယ်၏ ကောင်းခြင်း၊ အဆုံး၏ ကောင်း ခြင်းရှိသော အနက်နှင့် ပြည့်စုံသော တရားကို ဟောတော်မူ၏။ အလုံး စုံပြည့်စုံ၍ ထက်ဝန်းကျင် စင်ကြယ်သော မြတ်သောအကျင့်ကို ပြတော် မူ၏။ ထိုတရား ဒေသနာကို ကြားနာရ၍ ထိုရဟန်း၏ စိတ်သည် အောက်သံယောဇဉ် ငါးပါးတို့မှ လွတ်မြောက်၏။ အာနန္ဒာ ဤသည်ကား သင့်လျော် လျောက်ပတ်သောအခါ တရား နာရခြင်း၏ ပထမ အကျိုး တည်း။

အာနန္ဒာ နောက်တစ်မျိုးကား ရဟန်းအား အောက်ပိုင်း သံယောဇဉ် ငါးပါတို့မှ စိတ်သည် မလွတ်မြောက်သေး၊ ထိုရဟန်းသည် ထိုသေခါနီး အခါ၌ မြတ်စွာဘုရားကို ဖူးမြော်ခွင့်မရ၊ စင်စစ်သော်ကား မြတ်စွာဘုရား ၏ တပည့် သာဝကကို ဖူးမြော်ခွင့်ရ၏။ မြတ်စွာဘုရား၏ တပည့် သာဝကသည် ထိုရဟန်းအား အစ၏ ကောင်းခြင်း၊ အလယ်၏

ကောင်းခြင်း၊ အဆုံး၏ ကောင်းခြင်းရှိသော၊ အနက်နှင့် ပြည့်စုံသော၊ သဒ္ဒါနှင့် ပြည့်စုံသော တရားကို ဟော၏။ အလုံးစုံ ပြည့်စုံ၍ ထက်ဝန်းကျင် စင်ကြယ်သော မြတ်သော အကျင့်ကိုပြ၏။ ထိုတရား ဒေသနာကို ကြားနာရ၍ ထိုရဟန်း၏ စိတ်သည် အောက်ပိုင်း သံယောဇဉ် ငါးပါးတို့မှ လွတ်မြောက်၏။ အာနန္ဒာ ဤသည်ကား သင့်လျော် လျောက်ပတ်သောအခါ တရား နာရခြင်း၌ ဒုတိယ အကျိုးတည်း။

အာနန္ဒာ နောက်တစ်မျိုးကား ရဟန်းအား အောက်ပိုင်း သံယောဇဉ် ငါးပါးတို့မှ စိတ်သည် မလွတ်သေး၊ ထိုရဟန်းသည် ထိုသေခါနီး အခါ၌ မြတ်စွာဘုရားကိုလည်း ဖူးမြော်ခွင့်မရ၊ မြတ်စွာဘုရား၏ တပည့်သာဝကကိုလည်း ဖူးမြော်ခွင့်မရ၊ စင်စစ်သော်ကား ကြားနာဖူး၊ သင်ယူဖူးသည့်အတိုင်း တရားကို စိတ်ဖြင့် အဖန်ဖန် ကြံစည်၏။ အဖန်ဖန် သုံးသပ်၏။ စိတ်ဖြင့် အဖန်ဖန် ရှု၏။ ကြားနာဖူး၊ သင်ယူဖူးသည့်အတိုင်း တရားကို၊ အဖန်ဖန် ကြံစည်သော စိတ်ဖြင့်၊ အဖန်ဖန် သုံးသပ်သော စိတ်ဖြင့်၊ အဖန်ဖန် ရှုသော ရဟန်း၏စိတ်သည် အောက်ပိုင်း သံယောဇဉ် ငါးပါးတို့မှ လွတ်မြောက်၏။ အာနန္ဒာ ဤသည်ကား သင့်လျော် လျောက်ပတ်သော အခါ အကြောင်းအကျိုးကို ဆင်ခြင်ခြင်း၌ တတိယ အကျိုးတည်း။

မှတ်ချက်။ ။အောက်သံယောဇဉ် ငါးပါးမှ လွတ်မြောက်ခြင်းသည် အနာဂါမိ မဂ်ဖိုလ်ကို ရရှိခြင်းပင် ဖြစ်၏။

အာနန္ဒာ ဤသာသနာတော်၌ ရဟန်းအား အောက်သံယောဇဉ် ငါးပါးတို့မှ စိတ်သည် လွတ်မြောက်၏။ အတုမရှိသော ဥပဓိ ကုန်ရာ (နိဗ္ဗာန်) ၌ စိတ်သည် (အရဟတ္တဖိုလ်ဖြင့်) မလွတ်မြောက်သေး၊ ထိုရဟန်းသည် ထိုသေခါနီး အခါ၌ မြတ်စွာဘုရားကို ဖူးမြော်ခွင့်ရ၏။

မြတ်စွာဘုရားသည် ထိုရဟန်းအား အစ၏ကောင်းခြင်း၊ အလယ်၏ ကောင်းခြင်း၊ အဆုံး၏ ကောင်းခြင်းရှိသော၊ အနက်နှင့် ပြည့်စုံသော သဒ္ဒါနှင့် ပြည့်စုံသော တရားကို ဟောတော်မူ၏။ အလုံးစုံ ပြည့်စုံ၍ ထက်ဝန်းကျင် စင်ကြယ်သော မြတ်သောအကျင့်ကို ပြတော်မူ၏။ ထို တရား ဒေသနာကို ကြားနာရ၍ ထိုရဟန်း၏ စိတ်သည် အတုမရှိသော ဥပဓိ၏ကုန်ရာ (နိဗ္ဗာန်) ၌ (အရဟတ္တဖိုလ်ဖြင့်) လွတ်မြောက်၏။ အာနန္ဒာ ဤသည်ကား သင့်လျော် လျောက်ပတ်သော တရားကို နာရခြင်း၌ စတုတ္ထ အကျိုးတည်း။

အာနန္ဒာ နောက်တစ်မျိုးကား ရဟန်းအား အောက်ပိုင်းသံယောဇဉ် ငါးပါးတို့မှ စိတ်သည် လွတ်မြောက်၏။ အတုမရှိသော ဥပဓိကုန်ရာ (နိဗ္ဗာန်) ၌ စိတ်သည် မလွတ်မြောက်သေး၊ ထိုရဟန်းသည် ထိုသေခါနီး အခါ၌ မြတ်စွာဘုရားကို ဖူးမြော်ခွင့်မရ၊ စင်စစ်သော်ကား မြတ်စွာဘုရား ၏ တပည့် သာဝကကို ဖူးမြော်ခွင့်ရ၏။ မြတ်စွာဘုရား၏ တပည့် သာဝကသည် ထိုရဟန်းအား အစ၏ ကောင်းခြင်း၊ အလယ်၏ ကောင်း ခြင်း၊ အဆုံး၏ ကောင်းခြင်းရှိသော၊ အနက်နှင့် ပြည့်စုံသော၊ သဒ္ဒါနှင့် ပြည့်စုံသော တရားကို ဟောတော်မူ၏။ ထိုတရား ဒေသနာကို ကြားနာ ရ၍ ထိုရဟန်း၏ စိတ်သည် အတုမရှိသော မြတ်သော ဥပဓိကုန်ရာ (နိဗ္ဗာန်) ၌ (အရဟတ္တဖိုလ်ဖြင့်) လွတ်မြောက်၏။ အာနန္ဒာ ဤသည်ကား သင့်လျော် လျော်ပတ်သောအခါ တရား နာရခြင်း၌ ပဉ္စမ အကျိုးတည်း။

အာနန္ဒာ နောက်တစ်မျိုးကား ရဟန်းအား အောက်ပိုင်း သံယောဇဉ် ငါးပါးတို့မှ စိတ်သည် လွတ်မြောက်၏။ အတုမရှိသော ဥပဓိကုန်ရာ (နိဗ္ဗာန်) ၌ စိတ်သည် မလွတ်မြောက်သေး၊ ထိုရဟန်းသည် ထိုသေခါနီး အခါ၌ မြတ်စွာဘုရားကိုလည်း ဖူးမြော်ခွင့် မရ၊ မြတ်စွာဘုရား၏ တပည့် သာဝကကိုလည်း ဖူးမြော်ခွင့်မရ၊ စင်စစ်သော်ကား ကြားနာဖူး၊

သင်ယူဖူးသည့် အတိုင်း၊ တရားကို စိတ်ဖြင့် အဖန်ဖန် ကြံစည်၏။ အဖန်ဖန် သုံးသပ်၏။ စိတ်ဖြင့် အဖန်ဖန် ရှု၏။ ကြားနာဖူး၊ သင်ယူဖူးသည့်အတိုင်း တရားကို စိတ်ဖြင့် အဖန်ဖန် ကြံစည်သော၊ အဖန်ဖန် သုံးသပ်သော၊ စိတ်ဖြင့် အဖန်ဖန် ရှုသော ထိုရဟန်း၏ စိတ်သည် ဥပဓိကုန်ရာ (နိဗ္ဗာန်) ၌ (အရဟတ္တဖိုလ်ဖြင့်) လွတ်မြောက်၏။ အာနန္ဒာ ဤသည်ကား သင့်လျော် လျောက်ပတ်သော အခါ၌ အကြောင်းအကျိုးကို ဆင်ခြင်ခြင်း၌ ဆဌမ အကျိုးတည်း။

အာနန္ဒာ သင့်လျော် လျောက်ပတ်သောအခါ တရား နာခြင်းနှင့် သင့်လျော် လျောက်ပတ်သောအခါ အကြောင်းအကျိုး ဆင်ခြင်ခြင်း၌ အကျိုးတို့သည် ဤခြောက်မျိုးတည်းဟု မိန့်တော်မူ၏။

## (ခ) ဝက္ကလိသုတ်

ထို့ပြင် ခန္ဓ ဝဂ္ဂသံယုတ် ပါဠိတော်၊ ထေရဝဂ်၊ ဝက္ကလိသုတ်တွင် **အရှင်ဝက္ကလိ** အကြောင်းကို ဖော်ပြထား၏။

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုလ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် အရှင်ဝက္ကလိသည် အိုးထိန်းသည်အိမ်၌ ပြင်းထန်စွာ မကျန်းမမာ ဖြစ်နေ၏။ ထိုအခါ အရှင်ဝက္ကလိသည် မြတ်စွာဘုရားအားဖူးမြော်လိုသောစိတ် ပြင်းပြလှသဖြင့် အလုပ်အကျွေးတို့ကိုခေါ်၍ မြတ်စွာဘုရားအား သနားသောအားဖြင့် အရှင်ဝက္ကလိထံသို့ ကြွရောက်တော်မူစေလိုကြောင်းကို လျှောက်ထားစေပါသည်။ မြတ်စွာဘုရားသည်လည်း အရှင်ဝက္ကလိ ထံသို့ ကြွတော်မူ၏။ ထိုအခါ အရှင်ဝက္ကလိက မြတ်စွာဘုရားအား ကြာမြင့်စွာကပင် ဖူးမြော်ရန် ချဉ်းကပ်လိုခဲ့ပါကြောင်း၊ မြတ်စွာဘုရားကို ဖူးမြော်ရန် ချဉ်းကပ်နိုင်လောက်သော ခွန်အားမျှပင် မိမိကိုယ်၌ မရှိကြောင်းကို လျှောက်ထားသည် ရှိသော်

မြတ်စွာဘုရားက "ဝက္ကလိ မသင့်လျော်၊ ဤအပုပ်ကောင်ကို သင်ဖူးမြင်ခြင်းဖြင့် အဘယ်အကျိုး ရှိမည်နည်း။ - - တရားကိုမြင်လျှင် ငါ့ကို မြင်၏။ ငါ့ကိုမြင်လျှင် တရားကို မြင်၏" ဟု မိန့်ကြားတော်မူသည်။ ဆက်လက်၍ ခန္ဓာငါးပါး၏ မမြဲသော သဘော၊ ဆင်းရဲသော သဘော၊ ဖောက်ပြန် (အစိုးမရ) သော သဘောတို့ကိုလည်းကောင်း၊ ခန္ဓာငါးပါးတို့သည် ဤကား ငါ၏ ဥစ္စာဖြစ်၏။ ဤကား ငါဖြစ်၏။ ဤကား ငါ၏ကိုယ် (အတ္တ) ဖြစ်၏ ဟူ၍ ဆင်ခြင်ခြင်း မပြုအပ်သည် တို့ကိုလည်း မြတ်စွာဘုရားက ဟော်ကြားတော်မူသည်။ ထို့နောက် ဝိပဿနာရှုပုံကို အကျယ်တဝင့် ဟောကြားတော်မူပြီးလျှင် အဆုံး၌ ဝိပဿနာရှုလတ်သည်ရှိသော် အရဟတ္တဖိုလ်ပေါက် အကျိုးရောက်အောင် အကျယ်တဝင့် ဖွင့်ပြ ဟောကြားခဲ့ပါသည်။

ထိုနောက် မြတ်စွာဘုရားသည် ဂိဇ္ဈကုဋ်တောင်သို့ ကြွသွား၏။ အရှင်ဝက္ကလိသည်လည်း အလုပ်အကျွေးများကို ခေါ်၍ မိမိသည် ရွာတွင်း၌ မသေလို၍ မိမိအား ဣသိဂိလိ တောင်နံပါးရှိ ကာဠသိလာကျောင်းသို့ ပို့ဆောင်စေ၏။ ထိုနေ့ညတွင် နတ်နှစ်ပါးသည် မြတ်စွာဘုရားထံသို့ လာရောက်၍ ဝက္ကလိ ရဟန်းသည် လွတ်မြောက်ခြင်းငှာ တရားအားထုတ်နေကြောင်းနှင့် ထိုအရှင်သည် အရဟတ္တဖိုလ် ပေါက်အောင် လွတ်မြောက်မည်ဖြစ်ကြောင်းကို လျှောက်ထားကြသည်။ နတ်တို့ လျှောက်ထားချက်ကို မြတ်စွာဘုရားက ဝက္ကလိအား သိစေလို၍ ရဟန်းတို့အား သွားရောက်ပြောကြားစေသည်။ ထို့ပြင် အရှင်ဝက္ကလိအား "မကြောက်လင့်၊ သင့်အား မယုတ်မာသော သေမှု ဖြစ်လတ္တံ့." ဟူ၍လည်း အားပေးစကားမှာကြားလိုက်သည်။ ထိုရဟန်းတို့အား အရှင်ဝက္ကလိက ရှင်တော်ဘုရား၏ ခြေတော်အစုံ ကြာပဒုံတို့ကို ရှိခိုးပါကြောင်းနှင့် မိမိ၏ကိုယ်စား မြတ်စွာဘုရားအား ရှိခိုးပါသေဟူ၍ မှာကြား၏။ ထို့နောက် ခန္ဓာငါးပါး

၏ မမြဲသော သဘော၊ ဆင်းရဲသော သဘောတို့၌ မိမိသည် ယုံမှား သံသယ မရှိကြောင်းနှင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ ဝိပရိဏာမ ဖြစ်သော ထို ရူပက္ခန္ဓာစသည့် ခန္ဓာငါးပါး အပေါ်၌ မိမိသည် ချစ်ခြင်း ပေမ၊ နှစ်သက်ခြင်း ရာဂ၊ တပ်စွမ်းခြင်း ဆန္ဒ တစ်စုံတစ်ရာ မရှိကြောင်းကိုပါ မြတ်စွာဘုရားအား လျှောက်ထားပေးပါရန် မှာကြားလိုက်သည်။ ထို ရဟန်းတို့ ပြန်သွား၍ မကြာမီပင် အရှင်ဝက္ကလိသည် ဓားဖြင့်လည်ပင်း ကို ဖြတ်လေ၏။

ဤအကြောင်းနှင့် ပတ်သက်၍ သံယုတ္တနိကာယ်၊ သံဂါယနာ အမေးအဖြေ၊ ဒုတိယစာအုပ် စာမျက်နှာ ၃၂၊ ခန္ဓဝဂ္ဂသံယုတ် ပါဠိတော် အမေးအဖြေတွင် အောက်ပါအတိုင်း ဖော်ပြထားပေသည်။

“ထိုရဟန်းတော်တို့ ပြန်ကြ၍ မကြာမီပင်လျှင် အရှင်ဝက္ကလိ မထေရ် သူမြတ်သည် မိမိ၏ အဇ္ဈတ္တ သန္တာန်ဝယ် ကိလေသာတို့ ဖြစ်ပွားမှု မရှိသည်ကို မြင်သဖြင့် မိမိကိုယ်ကို မိမိ အရဟတ္တဖိုလ် ပေါက်ရောက်ပြီ အထင်ရှိလတ်၍ ဆင်းရဲငြိုငြင်စွာ ဤသို့ အသက်ရှင်ခြင်း ဖြင့် အဘယ်သို့ အကျိုးရှိအံ့နည်းဟု ကြံစည်ပြီးလျှင် မိမိ၏ လည်ပင်းကို ထက်လှစွာသော သင်တုန်းဖြင့် မိမိကိုယ်ကိုပင် ‘သတ္ထဟာရကကံ’ ဆောင်တော်မူခဲ့ပါသည်။သင်တုန်းဖြင့် လည်ပင်းကို လှီးခဲ့ပါသည်။ ထို အခါ အရှင်ဝက္ကလိ သန္တာန်ဝယ် သည်းထန်စွာသော ဒုက္ခဝေဒနာတို့ မခံသာသော ဝေဒနာတို့ ဖြစ်ပွားခဲ့ပါသည်။

ထိုအခါ အရှင်ဝက္ကလိ မထေရ်သူမြတ်သည် မိမိကိုယ်ကို မိမိ ပုထုဇဉ် ဖြစ်သည်ကို ထင်ထင်လင်းလင်း သိမြင်တော်မူသည်ဖြစ်၍ မိမိ မူလ နှလုံးသွင်းရင်းဖြစ်သော ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် တည်းဟူသော ခန္ဓာ ကမ္မဋ္ဌာန်းကို တစ်ဖန်ထပ်၍ နှလုံးသွင်းခဲ့ပါသည်။ မိမိအပေါ် ရောက်သော ဝေဒနာကို ရှုခဲ့ပါသည်။ ဝေဒနာကို ရှုပြီးလျှင်

မူလ ကမ္မဋ္ဌာန်းဖြစ်သော ခန္ဓာ ကမ္မဋ္ဌာန်းကို သုံးသပ် ဆင်ခြင်တော်မူ သဖြင့် အရဟတ္တဖိုလ်ပေါက် ရောက်ရှိတော်မူပြီးလျှင် သမသီသီ အမည်ရှိသော ရဟန္တာ အရှင်သူမြတ်ဖြစ်၍ ပရိနိဗ္ဗာန် ဝင်စံတော်မူခဲ့ပါသည်။

ဤသို့လျှင် လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် အရှင်ဝက္ကလိ မထေရ်သူမြတ်၏ ဉာဏာဘိသမ္ဘရာယ တည်းဟူသော အရဟတ္တဖိုလ်ပေါက် ရောက်ရှိတော်မူခြင်းသည် ထင်လင်းစွာ ဖြစ်ပါသည်ဘုရား။”

## (ဂ) ဆန္နသုတ်

အရှင်ဆန္နသည်လည်း သေခါနီးတွင် စက္ခုဝိညာဏ် စသည်တို့ဖြင့် မြင်အပ်သော တရားတို့၌ ချုပ်မှုကို မြင်၍၊ ချုပ်မှုကို အထူးသိ၍ ဆင်ခြင်ခြင်းဖြင့် နောက်ဆုံး၌ တဏှာ ကင်းပြတ်၍ သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်းကို တွေ့ခဲ့ရပေသည်။

ဤသို့ဖြင့် သေခါနီး အချိန်တွင် ကြားနာဖူး၊ သင်ယူဖူးသည့် အတိုင်း တရားကို စိတ်ဖြင့် အဖန်ဖန် ကြံစည်၊ သုံးသပ်၊ အဖန်ဖန် ရှုခြင်းအားဖြင့် တစ်နည်းဆိုသော် သင့်လျော် လျောက်ပတ်သော အခါ၌ တရားကို ဆင်ခြင်ခြင်းအားဖြင့် ဥပဓိကုန်ရာ (နိဗ္ဗာန်) ၌ (အရဟတ္တဖိုလ်ဖြင့်) လွတ်မြောက်ကြောင်းကို တွေ့ရှိခဲ့ရ၏။ ယခုခေတ်တွင်လည်း တရားကို ဤကဲ့သို့ ဆင်ခြင်ခြင်းအားဖြင့် ဖဂ္ဂုန မထေရ်မျှလောက် တရားသဘော ပေါက်ပါက အောက်သံယောဇဉ် ငါးပါးမှ လွတ်မြောက်ပြီး အရှင်ဝက္ကလိနှင့် အရှင်ဆန္န မထေရ်တို့ကဲ့သို့ တရားသဘောပေါက်သော် ဥပဓိကုန်ရာ (နိဗ္ဗာန်) ၌ (အရဟတ္တဖိုလ်ဖြင့်) လွတ်မြောက်နိုင်ပေမည်ဟု မျှော်မှန်းနိုင်ပါသည်။ စင်စစ်သော်ကား သေခါနီး အချိန်၌ အမှန်တကယ် ဤကဲ့သို့ ဆင်ခြင်ဖြစ်စေရန်အတွက် အထုံ ဖြစ်နေစေရန် ယခုအချိန်ကပင် အားထုတ်ရာ၏။

**တရားနာရခြင်း၏ အကျိုးလေးပါး။ ။သောတာနုဂတသုတ်**

ဤနေရာ၌ **အင်္ဂုတ္တိုရ်** ပါဠိတော် စတုက္ကနိပါတ် မဟာဝဂ်တွင် ပါဝင်သော သောတာနုဂတသုတ်မှ ဒေသနာတော်ကို ဖော်ပြလိုပါသည်။ ဤဒေသနာတော်သည် မြတ်စွာဘုရားက ဗြဟ္မဏဇာတ်ရှိသူ ငါးရာသော ရဟန်းတော်တို့ တရားနာ မလာသည်ကို အကြောင်းပြု၍ ဟောကြားတော်မူသော တရားနာရခြင်း၏ အကျိုးလေးပါးကို ဖော်ပြသော ဒေသနာတော်ဖြစ်ပါသည်။ ထိုအကျိုးလေးပါး တို့သည်ကား အောက်ပါတို့တည်း။

(၁) မြတ်စွာဘုရား၏ တရားတော်များကို ကြားနာအပ်ပြီး နှုတ်ဖြင့်လည်း သရဇ္ဈာယ်အပ်ပြီး၊ စိတ်ဖြင့်လည်း ဆင်ခြင်အပ်ပြီး၊ ဉာဏ်ဖြင့်လည်း သုံးသပ်ထိုးထွင်း သိမြင်ပြီးသော ပုဂ္ဂိုလ် တစ်ယောက်သည် အကယ်၍ သတိကင်းမဲ့စွာဖြင့် ကွယ်လွန် အနိစ္စ ရောက်ရစေကာမူ နတ်ပြည်သို့ ရောက်ရပြီး လူ့ဘဝက မိမိ သင်ကြားနာယူ လေ့လာဆင်ခြင်ခဲ့ဖူးသော တရားကို ရုတ်တရက် အမှတ်ရပြီးလျှင် မဂ်ဖိုလ်ဉာဏ်ကို လျင်မြန်စွာ ရနိုင်ပေသည်။

(၂) နတ်ပြည်သို့ရောက်၍ လူ့ပြည်၌ လေ့လာခဲ့သော တရားဓမ္မတို့ လွယ်ကူစွာ မပေါ်စေကာမူ ထိုနတ်ပြည်၌ အရှင်မောဂ္ဂလန် မထေရ်သူမြတ် ကဲ့သို့သော ရဟန်း တစ်ပါးပါးက နတ်ပရိသတ်အား လာရောက် တရားဟောကြားခိုက် ကြုံကြိုက်ပါလျှင် လူ့ပြည်၌ မိမိ သင်ကြားနာယူ လေ့လာဆင်ခြင်ဖူးသော တရားကို သတိရလျှင်ရချင်းပင် မဂ်ဖိုလ်တရားထူးကို ရနိုင်ပေသည်။

(၃) နတ်ပြည်သို့ရောက်၍ လူ့ပြည်၌ လေ့လာခဲ့သော တရားဓမ္မတို့ လွယ်ကူစွာ မပေါ်စေကာမူ ထိုရဟန်းတော် အရှင် သူမြတ်တို့က လာရောက်၍ တရား မဟောစေကာမူ ထိုဓမ္မသဘင် နတ်ပရိသတ် အတွင်း၌ တရား ဓမ္မကထိက နတ်သားတို့ တရားဟောခိုက် ကြုံကြိုက်သောအခါ ရှေး လူဖြစ်စဉ်ကာလက မိမိ သင်ကြားနာယူ လေ့လာ ဆင်ခြင်ခဲ့သော တရားကို သတိရသည်၏ ခဏအတွင်း၌ပင် မဂ်ဖိုလ်တရားထူးကို ရနိုင်ပေသည်။

(၄) နတ်ပြည်သို့ရောက်၍ လူ့ပြည်၌ လေ့လာခဲ့သော တရားဓမ္မတို့ လွယ်ကူစွာ မထင်စေကာမူ၊ တရားဟော ရဟန်းတော်တို့ နတ်ပရိသတ်တို့ကို တရားဟောခိုက်နှင့်လည်း မကြုံကြိုက်စေကာမူ၊ ဓမ္မကထိက နတ်သားတို့ နတ်ပရိသတ်၌ တရားဟောခိုက်နှင့်လည်း မကြုံကြိုက်စေကာမူ၊ မိမိနှင့် အတူတကွ တရားကျင့်သုံးဘက်၊ တရားစာသင်ဘက်၊ တရားနာဘက်ဖြစ်သော နတ်သားတစ်ယောက်က မိမိကို သတိပေးသော အခါ လူ့ပြည်က ကျင့်သုံးခဲ့သော တရားကို သတိရသည်နှင့် တစ်ပြိုင်နက် ထိုပုဂ္ဂိုလ်သည် မဂ်ဖိုလ် တရားထူးကို ရနိုင်ပေသည်။ (အင်္ဂုတ္တရနိကာယ် - သံဂါယနာ အမေးအဖြေ၊ ဒုတိယစာအုပ်ကို မှီငြမ်းပြု၍)

သို့ပါ၍ သေခါနီး အချိန်၌ အမှန်တရားကို ဆင်ခြင်ဖြစ်စေရန်အတွက် အထုံ ဖြစ်နေစေရန် တရားအားထုတ်နေကြကုန်သော ပုဂ္ဂိုလ်များသည်လည်း သတိ ကင်းမဲ့စွာဖြင့် ကွယ်လွန် အနိစ္စ ရောက်စေကာမူ နတ်ပြည်သို့ရောက်ပြီး မဂ်ဖိုလ် တရားထူးကို ရရှိရန် မျှော်လင့်နိုင်ဖွယ်ရာ ရှိပေသေးသည်။

# အခန်း (၃)

## မမြဲသော အနိစ္စ သဘောကို ဆင်ခြင်ခြင်း

### ဇာတိ၊ ဇရာ၊ မရဏ

ဇာတိ ဆိုသည်မှာ အမှန်စင်စစ် ရုပ်နာမ်အသစ် ဖြစ်ပေါ်ခြင်းကို ခေါ်သည်။ ရုပ်နာမ်တို့ ဖြစ်ပေါ်လာပါက ရုပ်နာမ်တို့၏ ရင့်ရော်မှု ဖြစ်လာသည်။ ဆံဖြူ သွားကျိုး၍ အရေပြားများ တွန့်လာကြသည်။ မျက်လုံးများသည် ကြည်လင် တောက်ပခြင်းမရှိ။ ခန္ဓာကိုယ်သည် အားအင်ဆုတ်ယုတ်ချည့်နဲ့လာပြီဖြစ်၍အသွားအလာ နှေးကွေးသည်။ ဤသို့ဖြစ်ခြင်းကား အိုခြင်း (ဇရာ) ၏ လက္ခဏာပင် ဖြစ်သည်။ အိုခြင်း၏ နောက်ကွယ်၌ သေခြင်း (မရဏ) သည်ထက်ကြပ်မကွာကပ်၍ လိုက်ပါလာတော့သည်။ ရုပ်နာမ်တို့သည် တည်တံ့မနေဘဲ မမြဲသော သဘောဘရားရှိကြသည်။ ရုပ်နာမ် ဖြစ်ပေါ်လာပါက ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂ ပါးမှာပါသော ဇရာနှင့် မရဏတို့သည် ဖြစ်ပေါ်ကြစမြဲပင်တည်း။ ဤအခြင်းအရာနှင့် ပတ်သက်၍ လယ်တီဆရာတော် ဘုရားကြီးက "ပဋိစ္စသမုပ္ပါဒ်ဒီပနီ" စာအုပ်တွင် လင်္ကာဖြင့် ဖော်ပြခဲ့သည်မှာ –

"သန္ဓေဇာတိ၊ တစ်ဖန်ငြိ၍၊ တြိဘုံသူ၊ အဆူဆူလျှင်၊ လူလူနတ်နတ်၊ အရုပ်ရုပ်တည့်၊ မတ်မတ်မားမား၊ ဖြစ်ပြန်ငြားသော်၊ သုံးပါးအရွယ်၊ အလယ်အဆုံး၊ ရှိမြဲထုံးဖြင့်၊ အနှုန်းစဉ်စီ၊ သန္ဓေချီက၊ နာရီစဉ်သင့်၊ အဆင့်ဆင့်လျှင်၊ ရင့်မြဲရော်မြဲ၊ တသဲသဲတည့်၊ မစဲနေ့ည၊ တရွရွလျှင်၊ ခဏသန္တတိ၊ အဂ္ဂိဇရာ၊ နှစ်ဖြာလောင်မီး၊ ရှိန်ရှိန်ညီး၍၊ အကြီးအငယ်၊ အရွယ်ခြားနား၊ အစားစားလျှင်၊ အသွားတွင်တွင်၊ မစဲနှင်၏၊ လေးအင်

သေမှု၊တစ်ခုခုလည်း၊ဗဟုအန္တ ရာယ်၊ အသွယ်သွယ်နှင့်၊ နှီးနွယ်ရုံးစည်း၊ တစ်လုံးတည်းလျှင်ကြီးကြီးငယ်ငယ်၊ အရွယ်မထောက်၊ အချိန်ရောက်က၊ ရုပ်ပျောက်ခန္ဓာ၊ မငြင်းသာသည်၊ ဇရာမရဏာ စွမ်းရည်တည်း" ဟူ၍ ဖြစ်၏။ သို့ဖြစ်၍ အိုခြင်း သေခြင်းဟူသော မမြဲသော သဘောကို မမေ့ လျော့အပ်၊ အမြဲ ဆင်ခြင်ရာ၏။

**သံဝေဂ လင်္ကာများ**

(က) (၁) နန္ဒယ်ရုပ်ဆင်း ပျို့မြစ်ခြင်းကား အိမင်း နောက်ဆုံးပါတကား၊
(၂) ဥစ္စာဆင်မြင်း ပေါ်များခြင်းကား ယိုယွင်း နောက်ဆုံးပါ တကား၊
(၃) ဇီဝိန်တင်းလင်းသက်ရှင်ခြင်းကား သေခြင်း နောက်ဆုံးပါ တကား၊
(၄) ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား ကွေကွင်း နောက်ဆုံး ပါတကား၊
(၅) ချမ်းသာသုခ ပြည့်စုံကြလည်း ဒုက္ခ နောက်ဆုံးပါတကား၊
(၆) ပွဲလယ်ပြင်ပ ချီးမွမ်းကြလည်း ရှုတ်ချ နောက်ဆုံးပါတကား၊
(၇) ခံမင်ခယ ပျော်ရွှင်ကြလည်း သောက နောက်ဆုံးပါတကား၊
(၈) တက်ကြွားကြွကြွ မြင့်မောက်ကြလည်း လျှောကျ နောက် ဆုံးပါတကား။

(ခ) (၁) ငါတို့နေရာ ဤကမ္ဘာ တဏှာအုပ်စိုးသည်၊
(၂) တဏှာစေရာ မနေသာ ဖွေရှာဆက်ရသည်၊
(၃) ရသည့်ဥစ္စာ ချစ်သူပါ စွန့်ခွာသွားရသည်၊
(၄) တကယ်အရေး တကယ်ဘေး ဘယ်သွေး ဘယ်သား မကယ်ပြီ၊

(၅) ငါနှင့်ရွယ်တူ ငါ့အောက်လူ ကြီးသူသေကြ များလှပြီ၊
(၆) ခဏမစဲ အိုစမြဲ ကိုယ်လဲသေဘက် နီးလှပြီ၊
(၇) ဇရာမီးတောင် ကိုယ်လဲလောင် သေအောင်မြိုက်တော့သည်၊
(၈) မသေရခင် သွားလမ်းစဉ် ကြိုတင်ပြင်သင့်ပြီ၊
(၉) ဒါနသီလာ ဘာဝနာ လမ်းသာထွင်လိမ့်မည်၊
(၁၀) မဂ္ဂင်ယာဉ်ကြီး အမြန်စီး ခရီးထွက်တော့မည်။

(အမရပူရ မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသ)

(ဂ) **သဗ္ဗေ သင်္ခါရာ အနိစ္စာ**“ တိ၊ ယဒါ၊ ပညာယ ပဿတိ၊အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊သေ မဂ္ဂေါ ဝိသုဒ္ဓိယာ၊ ‘အကြင်အခါ’ (ရုပ်နာမ် ဓမ္မ) သင်္ခါရ အားလုံးတို့သည် အမြဲမရှိကုန်”ဟု ဝိပဿနာဖြင့် ရှုမြင်နိုင်၏။ ထိုအခါ ရုပ်နာမ်ဓမ္မသင်္ခါရတို့၌ ငြီးငွေ့ကုန်၏။ ဤငြီးငွေ့ခြင်းသည် ကိလေသာ စင်ကြယ်ရာ နိဗ္ဗာန်၏ အကြောင်း ဖြစ်၏။ (ဓမ္မပဒ ပါဠိတော် ဂါထာ ၂၇၇)

(ဃ) **အနိစ္စာဝတ သင်္ခါရာ**၊ ဥပ္ပါဒဝယ ဓမ္မိနော၊ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ၊ ဝတ စင်စစ်၊ သင်္ခါရာ အကြောင်းတရား တို့ ပြုပြင် ဖန်တီးသဖြင့် ပေါ်လာသည့် ရှိရှိသမျှ ရုပ်နာမ်ဓမ္မ သက်ရှိသက်မဲ့ အားလုံးတို့သည်၊ အနိစ္စာ အမြဲမရှိကုန် ယိုယွင်း ပျက်စီးတတ်ကုန်၏။ ဥပ္ပါဒဝယ ဓမ္မိနော ဖြစ်တတ် ပျက်တတ် သော သဘောရှိကုန်၏။ ဥပ္ပဇ္ဇိတွာ ဖြစ်ပြီး၍၊ နိရုဇ္ဈန္တိ ချုပ်ပျက် ကြကုန်၏။ တေသံ ထိုရုပ်နာမ်ဓမ္မ သက်ရှိသက်မဲ့အားလုံးတို့၏၊ ဝူပသမော ချုပ်ငြိမ်းရာ ဖြစ်သော နိဗ္ဗာန်သည်၊ သုခေါ ချမ်းသာ လှေစွတကား။

## ခန္ဓာငါးပါးတို့သည် သေခြင်းဆီသို့သာ အမြဲသွားနေခြင်း

သတ္တဝါတို့၏ အသက်သည် သေခြင်း ရှိရာသို့သာလျှင် မြန်စွာ အားထုတ်၍ အမြဲတစေ ပြေးသွားနေ၏။ ဤအခြင်းအရာကို မြတ်စွာ ဘုရားရှင်သည် အောက်ပါအတိုင်း ဟောကြားတော်မူခဲ့ပေသည်။

ဤသကံ အနိဝတ္တန္တံ၊ သတတံ ဂမနသုတံ။
ဇီဝိတံ ဥဒယာ အတ္ထံ၊ သူရိယောဝိယ ဓာဝတိ။

**အဓိပ္ပါယ်။** "ထွက်သောနေမင်းသည် **အရှေ့လောကဓာတ်**မှ အနောက်လောကဓာတ်သို့ ဝင်သည့်တိုင်အောင် **အနည်းငယ်မျှ** နောက်သို့ မဆုတ်သည်ဖြစ်၍ မပြတ်မလပ် **အခါခပ်သိမ်း** အားထုတ်၍ လျင်မြန်စွာ သွားသကဲ့သို့ ဇီဝိတိန္ဒြေဟူသော အသက်သည် ပဋိသန္ဓေ နေသည်မှ သေသည့်တိုင်အောင် အနည်းငယ်မျှ နောက်သို့ မပြန်သည်ဖြစ်၍ **မပြတ်မလပ်** အခါခပ်သိမ်း အားထုတ်၍ သွား၏ " ဟူလိုသတည်း။ *

* ကျေးဇူးရှင် **ရတနာထွန်းခေါင်** ဆရာတော် ဘုရားကြီး၏ ဖွင့်ဆိုချက်ဖြစ်သည်။ (ရာဇပေါ်မောဇ္ဇဒီပနီ၊ နှာ ၄၉၊ ၅၀)

ဤဂါထာဖြင့် မြတ်စွာဘုရားရှင်သည် သတ္တဝါတို့၏ သေခြင်းဆီသို့ မရပ်မနားဘဲ အမြဲတစေ သွားနေသော အဖြစ်ကို ပြသခဲ့သည်။ မှန်လှပေ၏။ သတ္တဝါတို့၏ အသက်အရွယ်နှင့် ခန္ဓာ ငါးပါးတို့သည် သတ္တဝါတို့ မွေးဖွားသော နေ့မှစ၍ အစဉ်တစိုက် ကြီးပြင်း ရင့်ရော်၍သာ လာကြရသည်။ ပြန်ငယ်လိုသဖြင့် အရွယ်ကို နောက်ပြန်ဆုတ်၍ မရပါ။ သတ္တဝါတို့သည် အိုမင်းရင့်ရော်သော တတိယ အရွယ်သို့သာ တစ်ဆင့်ပြီးတစ်ဆင့် တက်လာကြရသည်။ နောက်ဆုံး၌ သတ္တဝါသည် အရွယ် သုံးပါးမရွေး သေကြရသည်။

သူတစ်ဦး တစ်ယောက်သည် မိမိ၏ ငယ်စဉ်တောင်ကျေး ကလေး ဘဝမှာစ၍ တွေ့ကြုံခဲ့ရသော ပျော်ရွှင်စရာကောင်းသော အခြင်းအရာများကို အခါအားလျော်စွာ ပြန်လည် သတိရတတ်၏။ ဤသို့ သတိရသော အခါတိုင်း အတိတ်ကာလကို လွမ်းဆွတ်ပြီး အတိတ်ကာလကို နှမြောတသ ဖြစ်တတ်၏။ ငယ်စဉ်အခါက မိမိ ခန္ဓာကိုယ်၏ သန်စွမ်းဖျတ်လတ်ပုံများကိုလည်း ပြန်လည်သတိရတတ်သည်။ ယခုအခါတွင်မူ မိမိ၏ အသက်အရွယ် ကြီးပြင်း ရင့်ရော်လာပြီဖြစ်၍ ရှေးကကဲ့သို့ သန်စွမ်းဖျတ်လတ်ခြင်း မရှိတော့ပေ။ ဤကွာခြားချက်ကို သတိထားမိသောအခါ ခန္ဓာ၏ မမြဲသော သဘောတရားကို ကောင်းစွာ မြင်တွေ့နိုင်သည်။ ဤသို့မြင်သော် ခန္ဓာငါးပါး၌ ငြီးငွေ့ခြင်း၊ မတပ်မက် မတွယ်တာခြင်း၊ ခန္ဓာငါးပါးမှ လွတ်မြောက်လိုသော ဆန္ဒတို့ ဖြစ်ပေါ်နိုင်သည်။

## အသက်မသေနိုင်သော တစ်ခဏသည် မရှိ

အသက်သည် စိတ္တက္ခဏ တစ်ခုမျှသာလျှင် အစဉ်ရှင်၏။ အသက်မသေနိုင်သော ခဏသည်မရှိ၊ အချိန်အခါမရွေး၊ နေ့ရက်မရွေး၊ နာရီမရွေး၊ မိနစ်မရွေး၊ စက္ကန့်မရွေး သေနိုင်သော အဖြစ်ကို မြတ်စွာဘုရားရှင်က ဒေသနာ မြောက်မြားစွာတို့တွင် အကြိမ်ကြိမ် ဟောကြားတော်မူခဲ့သည်။ အမရပူရ မဟာဂန္ဓာရုံ ဆရာတော် အရှင် ဇနကာဘိဝံသ ကလည်း ရုပ်တရား နာမ်တရားတို့ကို အောက်ပါအတိုင်း ဖော်ပြခဲ့၏။

* အရှင် ဇနကာဘိဝံသ၏ တစ်ဘဝ သာသနာ၊ နှာ ၅၈၄၊

(၁) **ရုပ်တရား**

"အဝိဇ္ဇာတဏှာ အရင်းခံ၍ ရှေးကံ စီမံလိုက်သော ဤခန္ဓာကိုယ်သည် တစ်လုံးတစ်ခဲ တစ်တွဲတည်းသာ ထင်ရသော်

လည်း ကံ၊ စိတ်၊ ဥတု အာဟာရတို့ကြောင့် အသီးသီးဖြစ်၍ နေသော ရုပ်ကလာပ် အမှုန်အမွှားတို့သာ ဖြစ်ချေသည်။

ဤရုပ်ကလာပ် အမှုန်အမွှားတို့သည် အချိန်ရှိသမျှ ဖြစ်၍ဖြစ်၍ ဖြစ်တိုင်းဖြစ်တိုင်း ပျက်၍ပျက်၍၊ ပျက်တိုင်း ပျက်တိုင်း ထပ်၍ထပ်၍ ဖြစ်ပျက်နေသောကြောင့် မမြဲသော အနိစ္စပါတကား ။

မမြဲသည့်အတွက် အဖြစ်အပျက်ဒဏ်ကို ခံနေရသော ကြောင့် ကြောက်ဖွယ်ကောင်းသော ဒုက္ခတို့ပါတကား ။

ကြောက်ဖွယ်ကောင်းသော ဒုက္ခဖြစ်၍ အနှစ်သာရ အတ္တ မရှိသော (အတ္တ မဟုတ်သော) အနတ္တတို့ပါတကား"

## (၂) နာမ်တရား

"စိတ်စေတသိက် နှစ်ပါးကို (အာရုံကိုယူတတ်သော) အာရုံ သို့ ညွတ်တတ်သောကြောင့် နာမ်တရားဟု ခေါ်ရ၏။

ထိုနာမ်တရားများသည် စိတ်တစ်ပါးနှင့် စေတသိက် အများပေါင်း၍ ဖြစ်ရသောကြောင့် နာမ်ကလာပ်ပင် ဖြစ် ချေသည်။

ဤနာမ်ကလာပ်များသည်လည်း လက်ဖျောက်တစ် ချက်တီးခန့် ကာလ၌ ကုဋေတစ်သိန်းမက ဖြစ်ပျက်နေသော ကြောင့် မမြဲသော အနိစ္စပါတကား ။

မမြဲသည့်အတွက် အဖြစ်အပျက်ဒဏ်ကို ခံနေရသော ကြောင့်၊ ကြောက်ဖွယ်ကောင်းသော ဒုက္ခတို့ ပါတကား။

ကြောက်ဖွယ်ကောင်းသော ဒုက္ခဖြစ်၍ အနှစ်သာရ အတ္တ မရှိသော (အတ္တ မဟုတ်သော) အနတ္တပါတကား"

# ဦးဘငွေး
၃၅

ဆရာတော်ကြီးက သေခြင်း သဘောတရားဟူသည် မမျှော်လင့်ဘဲ အမှတ်မထင် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ပေါ်ပေါက်နိုင်ကြောင်းကိုလည်း ဤသို့ မိန့်ကြားသေးသည်။ "မနက်ဖြန်" ဆိုသည်ကမှ ဝေးသေး၏။ "နောက်ဘဝ" ဆိုသည်ကား အနီးကလေး၊ ကွေးသောလက် မဆန့်မီ၊ ဆန့်သောလက် မကွေးမီ အချိန်အတွင်းမှာ တမလွန်ဘဝသို့ ရောက်သွားနိုင်သည် - - ။ ဆက်လက်၍ လင်္ကာဖြင့် ဖော်ပြသည်မှာ * -

"နက်ဖြန်ဆိုတာ တနေ့တာသည်
ဒီကာလနောက် ညည့်မှောင်ရောက်၍
နောက်နေ့နံနက် အာရုဏ်တက်မှ
ဆက်ဆက်ရောက်လာ ခရီးကြာ၏"
"သို့ပါသော်လဲ မသဲကွဲသည်
ရောက်မြဲ့ဌာန 'နောက်ဘဝ' ကား
ခဏခရီး ရောက်ဖို့နီးသည်
ကွေးပြီးလက်ဆန့် မမီတည်း"

ဤကဲ့သို့ သေဆုံးနေကြသည်ကို ဒိဋ္ဌ၊ ပစ္စက္ခပင် တွေ့နေ၊ ကြုံနေ၊ မြင်နေ၊ ကြားနေရပေသည်။ ဥပစ္ဆေဒက ကံထိုက်၍ ခရီးသွားရင်း လေ့၊ သင်္ဘောနစ်ခြင်း၊ မီးရထား၊ မော်တော်ကားတိုက်ခြင်း၊ လေယာဉ်ပျက်ခြင်းစသော မတော်တဆမှုများကြောင့် ရုတ်တရက် သေဆုံးကြသည်ကိုလည်းကောင်း၊ ရေကြီးခြင်း၊ အပူအအေး လွန်ကဲခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ငလျင်လှုပ်ခြင်း စသော သဘာဝ ဘေးအန္တရာယ်တို့ကြောင့် အစုလိုက် အပြုံလိုက် သေဆုံးကြသည်ကိုလည်းကောင်း၊ မကြာခဏ ကြားသိနေရသည်။

* အရှင်ဇနကာဘိဝံသ၏ တစ်ဘဝသာသနာ၊ နှာ ၅၆၄

# ဝိပဿနာ ကမ္မဋ္ဌာန်း

၃၆

လောဘ၊ ဒေါသ၊ မောဟတို့ကို အခြေခံ၍ တစ်ဦးနှင့်တစ်ဦး၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ၊ တစ်အုပ်စုနှင့် တစ်အုပ်စုတို့ ပဋိပက္ခဖြစ်ခြင်း၊ စစ်မက်ဖြစ်ခြင်း တို့ကြောင့်လည်း လူ့အသက်ပေါင်း မြောက်မြားစွာ ဆုံးရှုံးခဲ့ကြရသည်။ ကမ္ဘာစစ်ကြီးများတွင်မူ လူပေါင်း သန်းချီ၍ သေဆုံးခဲ့ရသည်ဟု သိရ၏။ လောဘ၊ ဒေါသ၊ မောဟတို့ကိုပင် အခြေခံ၍ နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး ပဋိပက္ခမှုများကြောင့် သတ်ဖြတ်မှု ကြီးများလည်း ကမ္ဘာ့အနှံ့အပြားတွင် မြောက်မြားစွာ ဖြစ်ပေါ်ခဲ့သည်။ မြန်မာနိုင်ငံတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည် ခေါင်းဆောင် ကြီးများ လုပ်ကြံခံရမှု (၁၉-၇-၄၇) သည် အထင်ရှားဆုံးသော နိုင်ငံရေး သတ်ဖြတ်မှုကြီး ဖြစ်ပေသည်။ ကျွန်ုပ်တို့၏ အိမ်နီးခြင်း နိုင်ငံ ဖြစ်သော အိန္ဒိယ နိုင်ငံတွင်လည်း အမျိုးသား ခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီ၊ ဂျဝါဟာလာလ် နေရူး၏ သမီးဖြစ်သူ ဝန်ကြီးချုပ် အင်ဒရာ ဂန္ဒီနှင့် သူမ၏သား ဝန်ကြီးချုပ်ဟောင်း ရာဂျစ်ဂန္ဒီတို့လည်း လုပ်ကြံ သတ်ဖြတ်ခြင်း ခံခဲ့ကြရသည်။

အခြားအကြောင်းတို့ကြောင့် မမျှော်လင့်ဘဲ ရုတ်တရက် သေဆုံး သွားကြရသော သာဓကများစွာ တို့ကိုလည်း မကြာခဏ သိခဲ့ရသည်။ ဥပမာ အိပ်ယာထဲ၌ပင် အိမ်သားများ မသိလိုက်ရဘဲ သေဆုံးသွားသူ၊ အိမ်သာဝဲ ဝင်နေခိုက် သေဆုံးသွားသူ၊ လေယာဉ်ပေါ် သေဆုံးသူ၊ လမ်းလျှောက်ရင်း လမ်း၌ပင် အမောဆိုက်၍ သေဆုံးသူ၊ ဒကာ ဒကာမ တို့အား သီလပေးနေရင်း၊ တရားဟောနေရင်း၊ စကားပြောနေရင်း ရုတ် တရက် လေဖြတ်ပြီး ပျံလွန်တော်မူသွားကြသော ဆရာတော်ကြီးများ အကြောင်းလည်း ကြားသိရဖူးသည်။ မိုးကုတ်ဆရာတော် ဦးဝိမလနှင့် အမရပူရ မဟာဂန္ဓာရုံ ဆရာတော် အရှင် ဇနကာဘိဝံသ တို့သည်လည်း ဝေဒနာ ကြာကြာမခံစားကြရဘဲ မထင်မမှတ် ပျံလွန်တော်မူခဲ့ကြသည်။

မိုးကုတ်ဆရာတော် ဘုရားသည် နေ့ခင်း တရားဟောပြီး ထိုနေ့ညဉ့်ပင် ပျံလွန်တော်မူသည်။ အမရပူရ မဟာဂန္ဓာရုံ ဆရာတော် အရှင် ဇနကာဘိဝံသသည် ၂၇-၁၂-၇၈ နေ့ နေ့လယ် တစ်နာရီ အချိန်တွင် စာပေပို့ချပါသေးလျက် ညနေ လေးနာရီခွဲမှာ ပျံလွန်တော်မူခဲ့ပေသည်။

သာမန်အားဖြင့်ဆိုသော် လူတို့သည် သက်တမ်းကုန်သောကြောင့်လည်းကောင်း၊ ကံကုန်သောကြောင့်လည်းကောင်း၊ ကံနှင့် သက်တမ်းပါ ကုန်သောကြောင့်လည်းကောင်း သေဆုံးကြသည်။ ဤကဲ့သို့ ရိုးရိုး သေဆုံးကြသည်မှာ အများစု ဖြစ်ပါသည်။ အကယ်၍ ကမ္ဘာတစ်ဝန်းလုံးကို ခြုံကြည့်ပါက လူမသေသော သို့မဟုတ် ခန္ဓာငါးပါး မသေသော နေ့ရက်၊ နာရီ၊ မိနစ်၊ စက္ကန့်၊ တစ်ခဏဟူသည်မှာ မရှိ။ သို့ပါ၍ ခန္ဓာငါးပါးကို ငြီးငွေ့စေခြင်းငှာ ခန္ဓာငါးပါးကို မလိုချင်၊ မတပ်မက်၊ မတွယ်တာစေခြင်းငှာ ခန္ဓာငါးပါးမှ လွတ်မြောက်စေခြင်းငှာ အထက်ပါ အခြင်းအရာများကို ကောင်းစွာ ဆင်ခြင်၍ မမြဲသော အနိစ္စသညာကို ပွားများရာ၏။

## မမြဲသော သဘောတရားကို မြတ်စွာဘုရား ဟောတော်မူခဲ့သော သုတ် ဥပမာ အချို့

### (က) ခန္ဓာဝဂ္ဂသံယုတ်၊ ခန္ဓာသံယုတ်၊ အနိစ္စဝဂ်မှ အနိစ္စသုတ်

ဤသုတ်တွင် ဟောကြားပုံကား "ရဟန်းတို့ ရုပ်သည် မမြဲ၊ ဝေဒနာသည် မမြဲ၊ သညာသည် မမြဲ၊ သင်္ခါရတို့သည် မမြဲကုန်၊ ဝိညာဏ်သည် မမြဲ၊ ရဟန်းတို့ ဤသို့ မြင်သော အကြားအမြင်ရှိသော အရိယာ တပည့်သည် ရုပ်၌လည်း ငြီးငွေ့၏။ ဝေဒနာ၌လည်း ငြီးငွေ့၏။ သညာ၌လည်း ငြီးငွေ့၏။ သင်္ခါရတို့၌လည်း ငြီးငွေ့၏။ ဝိညာဏ်၌လည်း ငြီးငွေ့၏။ ငြီးငွေ့သော် တပ်မက်မှု ကင်း၏။ တပ်မက်မှု

ကင်းခြင်းကြောင့် (ကိလေသာမှ) လွတ်၏။ (ကိလေသာမှ) လွတ်သော် (ကိလေသာမှ) လွတ်ပြီဟု အသိဉာဏ်ဖြစ်၏။ **ပဋိသန္ဓေနေမှုကုန်ပြီ၊** အကျင့်မြတ်ကို ကျင့်သုံးပြီးပြီ၊ ပြုဖွယ်ကိစ္စကို ပြုပြီးပြီ၊ ဤ (မဂ်ကိစ္စ) အလို့ငှာ တစ်ပါးသော ပြုဖွယ် မရှိတော့ပြီဟု သိ၏ " ဟု မိန့်တော်မူ၏။

ဤသုတ်တွင် မြတ်စွာဘုရားသည် ခန္ဓာငါးပါးတို့၏ မမြဲသော သဘောတရားကို ဟုတ်တိုင်းမှန်စွာ ကြည်ကြည်လင်လင် မြင်၍ လေးလေးနက်နက် သဘောပေါက်အောင် အဖန်တလဲလဲ ဆင်ခြင်ရန် ညွှန်ကြားထားခြင်းဖြစ်သည်။

## (ခ) ခန္ဓာဝဂ္ဂသံယုတ်၊ ရာဓသံယုတ် ဒုတိယဝဂ်မှ မာရသုတ်

ရာဓမထေရ်သည် မြတ်စွာဘုရားအား **"အဘယ် တရားသည် သေသည် မည်သနည်း"** ဟု လျှောက်ထားသဖြင့် မြတ်စွာဘုရားက ဤသုတ်ကို ဟောကြားခြင်းဖြစ်သည်။ ဤသုတ်တွင် မြတ်စွာဘုရားက ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရနှင့် ဝိညာဏ် တည်းဟူသော ခန္ဓာငါးပါး တို့သည် သေကုန်၏ဟူ၍ ခန္ဓာ တစ်ပါးစီ၏ သေခြင်း သဘောတရား သဘာဝ ဓမ္မကို ပြသတော်မူသည်။

ဤသုတ်တွင် မြတ်စွာဘုရားသည် ခန္ဓာငါးပါးတို့၏ သေခြင်း သဘာဝ ဓမ္မကို မှန်စွာ ကြည်ကြည်လင်လင် မြင်၍ လေးလေးနက်နက် သဘောပေါက်အောင် အဖန်တလဲလဲ ရှုဆင်ခြင်ရန် ညွှန်ကြားထားခြင်း ဖြစ်သည်။ ဤသို့ ဝိပဿနာ ဉာဏ်ဖြင့် ရှုဆင်ခြင်သော အကြားအမြင် လည်းရှိသော မြတ်စွာဘုရား၏ တပည့်သည် ခန္ဓာငါးပါး၌ ငြီးငွေ့ခြင်း၊ တပ်မက်မှု ကင်းခြင်းတို့ကြောင့် ခန္ဓာငါးပါးမှ လွတ်၏။ ကိလေသာမှ လွတ်မြောက်ရာဖြစ်သော အရဟတ္တဖိုလ်၌ ပစ္စဝေက္ခဏာ ဉာဏ်သည် ဖြစ်၏။ ပဋိသန္ဓေ နေခြင်းလည်းကုန်၏။

## (ဂ) ခန္ဓာဝဂ္ဂသံယုတ်၊ ရာဓသံယုတ် ဒုတိယဝဂ်မှ မာရဓမ္မသုတ်

ဤမာရဓမ္မ သုတ်ကိုမူ ရာဓမထေရ်ကပင် "**အဘယ်တရားသည် သေတတ်သော သဘောမည်သနည်း**"ဟု လျှောက်ထားသဖြင့် မြတ်စွာဘုရားက ဟောကြားတော်မူခြင်း ဖြစ်သည်။ အထက်ပါ မေးခွန်းကို မြတ်စွာဘုရားက "ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ဟုဆိုအပ်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် သေတတ်သော သဘောရှိ၏"ဟု ဖြေတော်မူ၏။ ၎င်းနောက် ခန္ဓာငါးပါးတို့၏ သေတတ်သော သဘောကို အဖန်ဖန် ရှုဆင်ခြင်ခြင်း၏ အကျိုးတရားကိုပါ ရှေ့သုတ်များအတိုင်း တစ်ဆက်တည်း မိန့်ကြားတော်မူသည်။

မြတ်စွာဘုရား၏ မိန့်ကြားချက်ကို ကျေးဇူးရှင် ရတနာထွဋ်ခေါင်ဆရာတော် ဘုရားကြီး ရှင်းလင်းထားသည်ကို ဖော်ပြအပ်ပါသည်။
* ထွဋ်ခေါင်ဆရာတော် ဘုရားရေး "ရာဓပါမောဇ္ဇ ဒီပနီ" နှာ၊ ၆၅

"ခန္ဓာငါးပါးရှိသော နတ်၊ လူအပေါင်းတို့သည် သေတတ်သော သဘောရှိ၏ဟု အဖန်တလဲလဲ ပွားအပ်၏။ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ရတိုင်းရတိုင်း ပျက်စီးတတ်သော သဘောရှိ၏။ အဖန်တလဲလဲ ရှုအပ်၏။ ဤသို့အတိတ်၊ အနာဂတ် ပစ္စုပ္ပန်၌ ပျက်တတ်သောသဘောတရားရှိ၏ဟု အဖန်တလဲလဲပွားသော ယောဂါဝစရ ပုဂ္ဂိုလ်၏ အကျိုးကို ပြတော်မူအံ့သောငှာ " ဧဝံ ပဿံ ရာဓ သုတဝါ အရိယာ သာဝကော" အစရှိသည်ကို ဟောတော်မူသတည်း။ ဤခန္ဓာငါးပါးတို့၌ သေတတ်သော သဘောရှိသည်၏ အဖြစ်ကို အဖန်တလဲလဲ ပွားသော အကြားအမြင်နှင့် ပြည့်စုံသော အရိယာ သာဝကသည် ရူပက္ခန္ဓာ အစရှိသော ခန္ဓာငါးပါး၌ ငြီးငွေ့၏။ ဤကား ရှေးဦးစွာသော အကျိုးတည်း။

ထိုသို့ငြိုးငွေ့သော အရိယာ သာဝကအား အဖန်တလဲလဲ သေတတ်သော သဘောရှိသော ခန္ဓာငါးပါး၌ တပ်မက်ခြင်းကင်း၏။ ဤကား ဒုတိယ အကျိုးတည်း။

ဤသို့ တပ်ခြင်းကင်းသော အရိယာ သာဝကအား ရာဂ အစရှိသော ကိလေသာတို့မှ လွတ်၏။ ဤကား တတိယ အကျိုးတည်း။

ဤသို့ ကိလေသာတို့မှ လွတ်တော်မူပြီးသော ရဟန္တာ အရှင်မြတ်တို့သည် မိမိ ပယ်ပြီးသော ကိလေသာတို့ကို ဆင်ခြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်နှင့် ပြည့်စုံတော်မူ၏။ ပဋိသန္ဓေနေခြင်း မရှိပြီ။ ဇာတိ ကုန်တော်မူသတည်း။ ဇရာ ကုန်တော်မူသတည်း။ ဗျာဓိ ကုန်တော်မူသတည်း။ မရဏ ကုန်တော်မူသတည်း။ မဂ်တည်းဟူသော မြတ်သောအကျင့်ကို သုံးတော်မူသတည်း။ သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်၊ သကဒါဂါမိမဂ်၊ သကဒါဂါမိဖိုလ်၊ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ဟု ဆိုအပ်သော မဂ်ကိစ္စ၊ ဖိုလ်ကိစ္စ အကျိုး၄ာ ကျင့်အပ်သော၊ ပြုအပ်သော ပြုဖွယ်ကိစ္စတို့ကို ကျင့်အပ်၊ ပြုအပ်ပြီ၊ ဗြဟ္မစရိယ ပရိယောသနသို့ ရောက်ပြီ၊ တစ်ဆယ့်ခြောက်ပါးသော မဂ်ကိစ္စ အကျိုး၄ာ ပြုဖွယ်ကိစ္စ အလွန်မရှိပြီ၊ ဤသို့ သိတော်မူသတည်း။

ခီဏာဇာတိဟူသော အကျိုးကို တောင့်တသော အမျိုးကောင်းသားသမီးတို့သည် အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို တောင့်တအပ်ကုန်၏။ အရဟတ္တမဂ်၊ အရဟတ္တဖိုလ်ကို အလိုရှိသော သူတို့သည် ဝိရာဂဟူသော တရားကို လက်သို့ ရောက်အောင်ပြုအပ်ကုန်၏။ ဝိရာဂကို အလိုရှိသော သူတို့သည် နိဗ္ဗိန္ဒဟူသော တရားကို ရှာအပ်၏။ နိဗ္ဗိန္ဒဟူသော တရားကို တောင့်တအပ်၏။ နိဗ္ဗိန္ဒကို အလိုရှိသော သူတို့သည် ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ တည်းဟူသော

ခန္ဓာငါးပါတို့၏ သေတတ်သောသဘော ရှိသည်၏ အဖြစ်ကို အဖန် တလဲလဲ ပွားအပ်ကုန်၏။ ဤသို့ ခန္ဓာငါးပါးတို့၏ သေတတ်သော သဘောရှိသည်၏ အဖြစ်ကို အဖန်တလဲလဲ ပွားများအပ်ကုန်၏။

ဤသို့ ခန္ဓာငါးပါးတို့၏ သေတတ်သော သဘော ရှိသည်၏ အဖြစ် ကို အဖန်တလဲလဲ နေ့ညဥ့်မပြတ် မပျင်းမရိ အားထုတ်လေ့ရှိသော အရိ ယာ သာဝကသည် နိဗ္ဗိန္ဒဟူသော တရားကို ရ၏။ နိဗ္ဗိန္ဒဟူသော တရား ကိုရသော အရိယာ သာဝကသည် ဝိရာဂဟူသော ကရားကို ရ၏။ ဝိရာဂဟူသော တရားကိုရသော အရိယာ သာဝကသည် ဝိမုတ္တိဟူသော တရားကို ရ၏။ ဝိမုတ္တိ ဟူသောတရား လက်သို့ရောက်သော အရိယာ သာဝကသည် “ ခီဏာဇာတိ၊ ဝုသိတံ ဗြဟ္မစရိယံ၊ ကတံကရဏီယံ၊ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ” ဟူသော အကျိုးထူးအကျိုးမြတ် တို့နှင့်ပြည့်စုံကုန်၏။

## ဥပမာဖြင့် တင်ပြခြင်း

ဥပမာကား လေးကျွန်းလုံးကို အစိုးရသော စကြာမင်း၏ သားတော် အကြီးသည် အိမ်ရှေ့မင်း အဖြစ်ကို ရသကဲ့သို့လည်းကောင်း၊ အိမ်ရှေ့ မင်းသည် အဘ၏ အရိုက်အရာဖြစ်သော ထီးဖြူကို ရသကဲ့သို့လည်း ကောင်း ထို့အတူ ခန္ဓာငါးပါးတို့၏ သေခြင်းကို အဖန် တလဲလဲ ပွားသော အရိယာ သာဝကသည် နိဗ္ဗိန္ဒ အစရှိသော တရားတို့သည် အစဥ်အတိုင်း လက်သို့ရောက်သည်ဖြစ်၍ ခီဏာဇာတိ အစရှိသော တရားထူး တရားမြတ်နှင့် ပြည့်စုံကုန်၏ ဟူလိုသတည်း။

ဤသို့ တရားတို့သည် တရားတို့၌ ပြည့်စုံ၏။ တရားတို့သည် တရားတို့နှင့် စပ်ကုန်၏။ တရားတို့သည် မဂ်ဟူသော အကျိုးငှာ ဖြစ်ကုန်၏ ဟူလိုသတည်း။

## (ဃ) ခန္ဓာဝဂ္ဂသံယုတ်၊ ရာဓသံယုတ်၊ အာယာစနဝဂ်၊ မာရာဒိသုတ္တ ကောဒသက သုတ်

ဤသုတ်ကိုလည်း ရာဓ မထေရ် လျှောက်ထား တောင်းပန်ခြင်းကြောင့်ပင် မြတ်စွာဘုရားက ဟောကြားတော်မူသည်။ အမှန်စင်စစ်မှာ ထိုစဉ်အခါက ရာဓ မထေရ်သည် အာသဝေါ ကုန်ပြီးသော ရဟန္တာ အဖြစ်ကို ရပြီးဖြစ်၍ မိမိ အကျိုးအတွက် မဟုတ်ဘဲ နောင်လာနောင်သားတို့ အကျိုးစီးပွား အတွက် လျှောက်ထားခြင်း ဖြစ်၏။ တရား ဟောရန် တောင်းပန်ရာ၌ ရာဓ မထေရ်က မြတ်စွာဘုရားအား "အရှင်ဘုရား ဟောတော်မူသော တရားကို နာပြီးသော် တစ်ယောက်တည်းဆိတ်ငြိမ်ရာ အရပ်သို့ ကပ်၍ မလျော့သော လုံ့လဖြင့် နိဗ္ဗာန်ကို အာရုံပြု၍ မိမိကိုယ်နှင့် အသက်ကို ငဲ့ကွက်ခြင်း မရှိဘဲ မြတ်စွာဘုရား ဟောကြားသည့် အတိုင်း အားထုတ်ပါမည်" ဟူ၍လည်း ဝန်ခံတော်မူသည်။

ထိုအခါ မြတ်စွာဘုရားက ရာဓ မထေရ်အား ဤသို့ မိန့်တော်မူသတည်း – "ရူပက္ခန္ဓာသည် သေ၏။ ထိုသေတတ်သော ရူပက္ခန္ဓာ၌ သင်သည် ဆန္ဒရာဂကို ပယ်အပ်၏။ ဝေဒနက္ခန္ဓာသည် သေ၏။ ထိုသေတတ်သော ဝေဒနက္ခန္ဓာ၌ သင်သည် ဆန္ဒရာဂကို ပယ်အပ်၏။ သညာက္ခန္ဓာသည် သေ၏။ ထိုသေတတ်သော သညာက္ခန္ဓာ၌ သင်သည် ဆန္ဒရာဂကို ပယ်အပ်၏။ သင်္ခါရက္ခန္ဓာတို့သည် သေကုန်၏။ ထိုသေတတ်သော သင်္ခါရက္ခန္ဓာ၌ သင်သည် ဆန္ဒရာဂကို ပယ်အပ်၏။ ဝိညာဏက္ခန္ဓာသည် သေ၏။ ထိုသေတတ်သော သဘောရှိသော ဝိညာဏက္ခန္ဓာ၌ သင်သည် ဆန္ဒရာဂကို ပယ်အပ်၏။ ရာဓ၊ အကြင်တရားသည် သေတတ်၏။ ထိုသေတတ်သော တရား၌ ဆန္ဒရာဂကို ပယ်အပ်၏။ ထို့နောက် အကျိုးတရားကို ပြတော်မူလို၍ ရှေ့သုတ်များ အတိုင်း

"ဇ၀ံ ပဿံ ရာဓ အရိယာ သာ၀ကော – –" အစရှိသည်ကို ဟောတော်မူသည်။

## သေခြင်း သဘောတရားကို ဆင်ခြင်ပွားများခြင်း

ခန္ဓာငါးပါးသည် သေသည်ဆိုရာ၌ စင်စစ် ခန္ဓာငါးပါးနှင့်တကွ ယင်းခန္ဓာကို ရရှိထားသော သတ္တဝါလည်း သေရသည့်အခြင်းအရာပင် ဖြစ်သည်။ သို့ပါ၍ မာရသုတ်၊ မာရဓမ္မသုတ်၊ မာရာဒိသုတ္တ ကောဒသက သုတ်များအရ "ခန္ဓာငါးပါးသည် သေသည်။ ခန္ဓာငါးပါးသည် သေတတ်သော သဘောရှိသည်" စသည့် တရားသဘောကို ဆင်ခြင်ရာ၌ ခန္ဓာငါးပါးကို ရရှိထားသော သတ္တဝါလည်း တစ်ချိန်တည်း၌ သေသည့် အဖြစ်ကို ထည့်သွင်း၍ ဆင်ခြင်သော် အချို့သော ယောဂီများအဖို့ ခန္ဓာငါးပါး၌ ငြီးငွေ့စေခြင်းငှာ အလားအလာ ပိုမိုကောင်းမည် ဖြစ်ပေသည်။ ခန္ဓာငါးပါး သေသောအခါတိုင်း သတ္တဝါလည်း သေရ၏။ ခန္ဓာငါးပါး သေလို့သာ သတ္တဝါလည်း သေရ၏။ ခန္ဓာငါးပါး မသေလျှင် သတ္တဝါလည်း မသေနိုင်၊ ခန္ဓာငါးပါးသည် စင်စစ် မိမိတို့၏သေခြင်းဖြင့် သတ္တဝါကို သေစေ၏။ * လူသည်လည်း ခန္ဓာငါးပါး သေခြင်းကြောင့် သေရ၏။ သေသောသူသည် အသက်ရှုရပ်သွား၏။ သူ၏ နှလုံးသည်လည်း လှုပ်ရှားခြင်း မရှိတော့ပေ။ သူ၏ ရုပ်ခန္ဓာသည်လည်း အလောင်းကောင် တစ်ခုသာ ဖြစ်ချေပြီ။ သူ၏ နာမ်ခန္ဓာ တည်းဟူသော ခံစားမှုအစု (ဝေဒနာက္ခန္ဓာ)၊ မှတ်သားမှုအစု (သညာက္ခန္ဓာ)၊ ပြုပြင်မှုအစု (သင်္ခါရက္ခန္ဓာ)၊ အာရုံကို အထူးသိမှုအစု (ဝိညာဏက္ခန္ဓာ) တို့သည်

---

* မြတ်စွာဘုရားကလည်း ခန္ဓာငါးပါးကို သူသတ်သမား ငါးယောက်ဟူ၍ ဟောကြားတော်မူခဲ့သည်။

လည်း သူ့၌ ဤဘဝတွင် မဖြစ်ပေါ်နိုင်တော့ပေ။ သူ၏ ခန္ဓာငါးပါးသည် သေလေပြီ။ သူ၏ ခန္ဓာငါးပါး သေခြင်းကြောင့် သူလည်း သေလေပြီ။

သူ၏ ခန္ဓာငါးပါး သေခြင်းကြောင့် သူလည်း သေရ၏။ သူ၏ မိဘမောင်ဘွား၊ ဇနီး၊ ခင်ပွန်း၊ သားသမီးများ၊ အခြားသော ဆွေမျိုးများ။ မိတ်သင်္ဂဟများ၊ စည်းစိမ်ရှိသူ၊ ရဲရင့်သူ၊ ဘုန်းတန်ခိုး ကြီးမားသောသူ၊ ပညာရှင်များနှင့် အခြားပုဂ္ဂိုလ်၊ သတ္တဝါ အသီးသီး တို့သည်လည်း သူတို့၏ခန္ဓာ သေသောကြောင့် သူတို့လည်း သေကြရ၏။ ဤမျှမက ဘုံသုံးပါးတွင်ဖြစ်သော ခန္ဓာဟူသမျှသည်လည်း သံသရာတစ်လျှောက် လုံးတွင် သေကြရ၍ ယင်းခန္ဓာများကို ရရှိထားသော သတ္တဝါတို့သည် လည်း သေကြရပေသည်။ ဤသို့ဖြင့် ခန္ဓာဟူသမျှသည် သေရ၏။ ခန္ဓာ ရရှိထားသော သတ္တဝါတို့သည်လည်း သေရ၏။ ခန္ဓာငါးပါးတို့သည် မိမိတို့၏ သေခြင်းဖြင့် သတ္တဝါအား သေစေ၏။ ထို့ကြောင့် ခန္ဓာငါးပါး ၌ သာယာတွယ်တာ ဖွယ်ရာမရှိ ငြီးငွေ့ဖွယ်ရာ မတပ်မက်ဖွယ်ရာသာ ရှိတော့၏။

ဤသဘောတရားကို ကြီးမားသော လုံ့လ ဝီရိယဖြင့် စွဲမြဲစွာ ဆင်ခြင်သည်ရှိသော် မသေမီ တစ်ချိန်ချိန်၌ဖြစ်စေ၊ သို့တည်းမဟုတ် ခန္ဓာငါးပါး၏ ဆင်းရဲအစစ် ဆင်းရဲအမှန် ဒုက္ခသစ္စာ ဖြစ်သည်ကို အထင်ရှားဆုံး တွေ့နိုင်သိနိုင်သော သေခါနီးဆဲဆဲ၌ဖြစ်စေ၊ ခန္ဓာငါးပါး၏ သေတတ်သော သဘောတရားကို အမှန်စင်စစ် သိမြင်နိုင်ပေမည်။ ဤသို့ မြင်သည်ရှိသော် မြတ်စွာဘုရား ဟောကြားထားသည်နှင့်အညီ ခန္ဓာငါး ပါး၌ အကယ်စင်စစ် ငြီးငွေ့ပေမည်။ ငြီးငွေ့သည်ရှိသော် ခန္ဓာငါးပါး၌ တပ်မက်မှုတဏှာ ပြတ်ကင်းလေ၏။ တဏှာပြတ်ကင်းမှုကြောင့် ကိလေ သာဝဋ်မှ လွတ်မြောက်လေ၏။ ဘဝအသစ် အဖြစ်မခံ အသစ်အသစ် လဲရမှုသည်လည်း ကုန်ဆုံးရလေပြီ။

## အခန်း (၄)

## ဆင်းရဲသော ဒုက္ခသဘောကို ဆင်ခြင်ခြင်း

### ခန္ဓာသည် ဆင်းရဲအစစ်၊ ဆင်းရဲအမှန်ဖြစ်ခြင်း

သတ္တဝါတို့၏ စိတ်သဘာဝသည် ချမ်းသာကို အလိုရှိပြီး ဆင်းရဲကိုမူ တစ်စိုးတစ်စိမျှ အလိုမရှိပေ။ သို့ပါ၍ ခန္ဓာငါးပါး၏ ဆင်းရဲအစစ်၊ ဆင်းရဲအမှန် ဖြစ်ခြင်းကို မျက်ဝါးထင်ထင် သိမြင်လာစေခြင်းမှာ အထူးလိုလားအပ်ပါသည်။ ခန္ဓာ၏ ဆင်းရဲအစစ်၊ ဆင်းရဲအမှန် ဖြစ်ခြင်းအကြောင်းကို မြတ်စွာဘုရားက ဓမ္မစကြာ ဒေသနာတော်တွင်လည်းကောင်း၊ ခုဒ္ဒကနိကာယ်၊ ဥဒါန်းပါဠိတော်၊ နန္ဒဝဂ်၊ လောကသုတ်တွင်လည်းကောင်း ဟောကြားခဲ့ပေသည်။ ခန္ဓာ၏ ဆင်းရဲအစစ်၊ ဆင်းရဲအမှန်ကို အကယ်စင်စစ် ဉာဏ်ဖြင့် သိမြင်လာသောအခါ ခန္ဓာကို အကယ်ပင် တပ်ခြင်း ကင်းပေလိမ့်မည်။ ခန္ဓာငါးပါးမှ တပ်ခြင်းကင်းသည်ရှိသော် ကိလေသာ ဝဋ်ဆင်းရဲမှ အရဟတ္တဖိုလ်ဖြင့် လွတ်မြောက်နိုင်ပေလိမ့်မည်။ ထိုအခါ ဇာတိ ပဋိသန္ဓေ နေခြင်းသည်လည်း ခိဏာ ကုန်ဆုံးချေပြီ။

### ခန္ဓာနှင့် ဆင်းရဲကို ထပ်တူပြု၍ မြတ်စွာဘုရား ဟောကြားတော်မူခြင်း

**(က) ဓမ္မစကြာ ဒေသနာတော်။** ။ဤ ဒေသနာတော်၌ မြတ်စွာဘုရားသည် ဒုက္ခ အရိယာ သစ္စာတရားကို ဤသို့ ဟောကြားခဲ့ပေသည်။ ချစ်သားရဟန်းတို့ ဤ ဆင်းရဲခြင်း သဘောဟု ဆိုအပ်သော မဖောက်မပြန် မှန်ကန်သော

အရိယာသစ္စာ တရားသည် ရှိ၏။ ( အဖန်ဖန် ) ပဋိသန္ဓေ နေရမှုကြီးသည်လည်း ဆင်းရဲ၏။ ( အဖန်ဖန် ) အိုရမှုကြီးသည်လည်း ဆင်းရဲ၏။ ( အဖန်ဖန် ) နာရမှုကြီးသည်လည်း ဆင်းရဲ၏။ ( အဖန်ဖန် ) သေရမှုကြီးသည်လည်း ဆင်းရဲ၏။ မချစ် မနှစ်သက်အပ်ကုန်သော သူတို့နှင့် ပေါင်းသင်း၍ နေရမှုကြီးသည်လည်း ဆင်းရဲ၏။ ချစ်နှစ်သက်အပ်ကုန်သော သူတို့နှင့် ကွေကွင်းခွဲခွာ၍ နေရမှုကြီးသည်လည်း ဆင်းရဲ၏။ အကြင် တောင့်တခြင်း အလိုရှိခြင်းကိုလည်း မရ၊ ထိုလိုအင်ဆန္ဒဖြင့် တောင့်တတိုင်း မရမှုကြီးသည်လည်း ဆင်းရဲ၏။ အကျဉ်းချုပ်အားဖြင့် ဥပါဒါန် တရားတို့၏ စွဲလမ်းရာ ဖြစ်ကုန်သော ခန္ဓာငါးပါးတို့သည် ဆင်းရဲအစစ်တို့သာတည်း။ ဤအတိုင်း တရားသဘော ပေါက်အောင် ကြိုးစားဆင်ခြင်ရာ၏။ တရားသဘောပေါက်လျှင် ကိစ္စပြီးနိုင်ပါ၏။

(ခ) လောကသုတ် *။ ။ အခါတစ်ပါး၌ မြတ်စွာဘုရားသည် ဘုရား ဖြစ်ခါစ ဉရုဝေလတော၊ နေရဉ္စရာ မြစ်ကမ်းနား ဗောဓိပင်ရင်း၌ ဖလသမာပတ် ချမ်းသာကို ခံစားလျက် ခုနစ်ရက်လုံး တင်ပလ္လင်ခွေကာ တစ်ထိုင်တည်း နေတော်မူ၏။ ခုနစ်ရက်လွန်သော် ထိုသမာဓိမှ ထ၍ ဗုဒ္ဓစက္ခုဖြင့် လောကကို ကြည့်ရှုတော်မူရာ ရာဂ၊ ဒေါသ၊ မောဟတို့ ကြောင့် ပူလောင်နေကြကုန်သော သတ္တဝါတို့ကို မြင်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ဤအကြောင်းအရာကို သိတော်မူ၍ ထိုသိသော အခါ၌ အောက်ပါအတိုင်း ဥဒါန်း ကျူးရင့်တော်မူ၏။

---

* ခုဒ္ဒကနိကာယ်၊ ဥဒါန်းပါဠိတော်၊ ၃ – နန္ဒဝဂ်၊ ၁၀ – လောကသုတ်၊

"ဤလောကသည် ပူလောင်မှု ဖြစ်ခဲ့၏။ (ဆင်းရဲ) တွေ့ထိမှုဖြင့် နှိပ်စက်၏။ ဘဝဖြင့် နှိပ်စက်အပ်သည် ဖြစ်လျက် ဘဝကိုပင် နှစ်သက်၏။ အကြင်ဘဝကို နှစ်သက်၏။ ထိုဘဝသည် ဘေးဖြစ်၏။ အကြင်ဇရာ စသည်မှ ကြောက်၏။ ထိုဇရာသည် ဆင်းရဲမည်၏။ ဘဝကိုပယ်ခြင်းငှာ သာလျှင် ဤမြတ်ဗြဟ္မစရိယာကို ကျင့်သုံး၏။

ဘဝဖြင့် ဘဝမှ လွတ်ခြင်းကို ဆိုကြသူ သမဏဗြာဟ္မဏ အချို့တို့သည် ဘဝမှ မလွတ်မြောက်ကုန်ဟု (ငါဘုရား) ဆို၏။ ဘဝကင်းပြတ်မှုဖြင့် ဘဝမှ ထွက်မြောက်ခြင်းကို ဆိုကြသူ သမဏဗြာဟ္မဏ အချို့တို့သည် 'ဘဝမှ မထွက်မြောက်ကုန်' ဟု (ငါဘုရား) ဆို၏။

မှန်၏။ ခန္ဓာငါးပါးဟူသော ဥပဓိကိုစွဲ၍ ဤဆင်းရဲသည် ဖြစ်၏။ အလုံးစုံ စွဲလမ်းအပ်သော ဥပါဒါနက္ခန္ဓာ၏ ကုန်ခြင်းကြောင့် ဆင်းရဲဖြစ်ပေါ်မှု မရှိ၊ ဤလောကကို ကြည့်လော့၊ အဝိဇ္ဇာဖြင့် နှိပ်စက်အပ်ကုန်သော သတ္တဝါ များစွာတို့သည် သားမယားတို့၌ မွေ့လျော်ကုန်သည် ဖြစ်၍ ဘဝမှ မလွတ်နိုင်ကုန်၊ ဆင်းရဲကုန်၏။ ဖောက်ပြန်ခြင်းသဘော ရှိကုန်၏။

"ဤသဘောကို ဟုတ်တိုင်းမှန်စွာ ကောင်းသော ဝိပဿနာပညာဖြင့် ရှုသူသည် ဘဝတဏှာကို ပယ်နိုင်၏။ ဘဝကင်းပြတ်မှု 'ဥစ္ဆေဒ'ကို မနှစ်သက်၊ အချင်းခပ်သိမ်း တဏှာတို့၏ ကုန်ခြင်းကြောင့် အကြွင်းမဲ့ ရာဂ ကင်းချုပ်ရာသည် နိဗ္ဗာန်မည်၏။

ထိုကိလေသာ ငြိမ်းအေးပြီးသော ရဟန်းအား စွဲလမ်းမှု မရှိသောကြောင့် ဘဝသစ် မဖြစ်၊ မာရ်မင်းကို နှိပ်စက်၍ အောင်အပ်ပြီး စစ်မြေပြင်ရှိ၏။ တာဒိဂုဏ်နှင့် ပြည့်စုံသော ရဟန္တာ ပုဂ္ဂိုလ်သည် ဘဝအလုံးစုံတို့ကို ကောင်းစွာ လွန်နိုင်၏။"

## ဆင်းရဲခြင်းတည်းဟူသော ခန္ဓာမှ လွတ်မြောက်ခြင်း

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူသည်နှင့် တစ်ပြိုင်နက် နှစ်ထောင်းအားရရှိစွာ နှစ်ဂါထာဖြင့် (စိတ်၌) ဥဒါန်း ကျူးရင့်တော်မူသည်မှာ -

(၁) အနေက ဇာတိ သံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာဇာတိ ပုနပ္ပုနံ။

အဖန်ဖန် ပဋိသန္ဓေ နေရခြင်းသည် ဆင်းရဲလှစွာသောကြောင့် ခန္ဓာအိမ် ဆောက်လုပ်တတ်သူ (လက်သမား) ကို ရှာသောငါသည် (ထိုလက်သမားကို မြင်နိုင်သောဉာဏ်) မရသေးသဖြင့် ဘဝများစွာ သံသရာ ပတ်လုံး ကျင်လည်ခဲ့ရလေပြီ။

(၂) ဂဟကာရက ဒိဋ္ဌောသိ၊ ပုနဂေဟံ နကာဟသိ။
သဗ္ဗာတေ ဖာသုကာဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရံ ဂတံစိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သော ဟယ်တဏှာ လက်သမား၊ ငါသည် သင့်ကို (ပညာမျက်စိဖြင့်) ယခု မြင်အပ်ပြီ၊ (ငါ့အဖို့) ခန္ဓာ အိမ်ကို နောင်တစ်ဖန် သင်ဆောက်လုပ်တော့မည် မဟုတ်၊ သင်၏ ကိလေသာ တည်းဟူသော အခြင်ရနယ် အားလုံးတို့ကို (ငါ) ချိုးဖျက်အပ်ပြီ၊ အဝိဇ္ဇာ တည်းဟူသော အထွဋ်ကို ဖျက်ဆီးအပ်ပြီ၊ (ငါ၏) စိတ်သည် ပြုပြင်ခြင်း ကင်းရာ နိဗ္ဗာန်သို့ ရောက်ပြီ၊ တဏှာ ကုန်ရာကုန်ကြောင်း အရဟတ္တဖိုလ်ကို ရပြီ။ (ဓမ္မပဒဂါထာ ၁၅၃၊ ၁၅၄)

သို့ပါ၍ ခန္ဓာအိမ်မှ လွတ်မြောက်ခြင်းသည် မြတ်စွာဘုရားရှင်၏ အဓိက ဦးတည်ချက်တစ်ခု ဖြစ်ပေသည်။ ဤကဲ့သို့သော ဦးတည်ချက်

ထားရှိခြင်းမှာ အဖန်ဖန် ပဋိသန္ဓေ နေရခြင်း၏ ဆင်းရဲလှစွာသော အဖြစ်ကို သိရှိခြင်းကြောင့်ပင် ဖြစ်သည်။ ပဋိသန္ဓေ နေခြင်းမှ လွတ်မြောက်စေရန် တစ်နည်းအားဖြင့် ခန္ဓာမှ လွတ်မြောက်စေရန်အတွက် မြတ်စွာဘုရားသည် ခန္ဓာကိုယ်ကို တပ်မက်မှု တဏှာနှင့် အဝိဇ္ဇာတို့ကို အကြွင်းမဲ့ ချုပ်ငြိမ်းစေခဲ့သည်။ ဤသို့ ချုပ်ငြိမ်းစေခြင်းဖြင့် ပြုပြင်ခြင်းကင်းသော နိဗ္ဗာန်ကို မျက်မှောက်ပြု၍ တဏှာ ကုန်ရာကုန်ကြောင်း အရဟတ္တဖိုလ်ကို ရရှိလေသည်။ ကိလေသာ ဝဋ်ဆင်းရဲမှ လွတ်မြောက်သည်။ ဆင်းရဲတည်းဟူသော ခန္ဓာမှလည်း လွတ်မြောက်လေပြီ။

## အလုံးစုံသော ဆင်းရဲအစု ဖြစ်ပွားပုံ

(ပဋိစ္စသမုပ္ပါဒ် တရားတော်)

မြတ်စွာဘုရား အကြိမ်ကြိမ် ဟောကြားတော်မူခဲ့သော ပဋိစ္စသမုပ္ပါဒ် တရားတော်သည် အောက်ပါအတိုင်း ဖြစ်သည်။

"ရဟန်းတို့၊ မသိမှု 'အဝိဇ္ဇာ' အကြောင်းခံကြောင့် ပြုစီရင်မှု 'သင်္ခါရ' ဖြစ်ရကုန်၏။ ပြုစီရင်မှု 'သင်္ခါရ' အကြောင်းခံကြောင့် သိမှု 'ဝိညာဏ်' ဖြစ်ရ၏။ သိမှု 'ဝိညာဏ်' အကြောင်းခံကြောင့် နာမ်ရုပ် ဖြစ်ရ၏။ နာမ်ရုပ် အကြောင်းခံကြောင့် တည်ရာ 'အာယတန' ခြောက်ပါး ဖြစ်ရ၏။ အာယတန ခြောက်ပါး အကြောင်းခံကြောင့် တွေ့ထိမှု 'ဖဿ' ဖြစ်ရ၏။ တွေ့ထိမှု 'ဖဿ' အကြောင်းခံကြောင့် ခံစားမှု 'ဝေဒနာ' ဖြစ်ရ၏။ ခံစားမှု ဝေဒနာ အကြောင်းခံကြောင့် တပ်မက်မှု 'တဏှာ' ဖြစ်ရ၏။ တပ်မက်မှု 'တဏှာ' အကြောင်းခံကြောင့် ပြင်းစွာ စွဲလမ်းမှု 'ဥပါဒါန်' ဖြစ်ရ၏။ ပြင်းစွာ စွဲလမ်းမှု 'ဥပါဒါန်' အကြောင်းခံကြောင့် ဘဝ ဖြစ်ရ၏။ ဘဝ အကြောင်းခံကြောင့် ပဋိသန္ဓေ နေမှု

'ဇာတိ' ဖြစ်ရ၏။ ဇာတိ အကြောင်းခံကြောင့် အိုမှု 'ဇရာ'၊ သေမှု 'မရဏ'၊ စိုးရိမ်မှု 'သောက'၊ ငိုကြွေးမှု 'ပရိဒေဝ'၊ ဆင်းရဲမှု 'ဒုက္ခ'၊ နှလုံးမသာမှု 'ဒေါမနဿ'၊ ပြင်းစွာ ပင်ပန်းမှု 'ဥပါယာသ'တို့ဖြစ်ကြကုန်၏။ ဤသို့လျှင် အလုံးစုံသော ထိုဆင်းရဲအစု ဖြစ်ပွား၏။

**ခန္ဓာငါးပါး တည်းဟူသော လူသတ်သမား ငါးဦးနှင့် နန္ဒီရာဂ တည်းဟူသော အတွင်းသူလျှို လူသတ်သမား**

သဠာယတနသံယုတ်၊ အာသီဝိသဝဂ် အာသီဝိသော ပထမသုတ်တွင် မြတ်စွာဘုရားက ဤကဲ့သို့ ဟောကြားခဲ့သည်။ "ရဟန်းတို့ 'ရန်သူ လူသတ်သမား ငါးဦးတို့'ဟူသော အမည်သည်ကား ရူပုပါဒါနက္ခန္ဓာ၊ ဝေဒနုပါဒါနက္ခန္ဓာ၊ သညုပါဒါနက္ခန္ဓာ၊ သင်္ခါရုပါဒါနက္ခန္ဓာ၊ ဝိညာဏုပါဒါနက္ခန္ဓာ ဟူသော ဥပါဒါနက္ခန္ဓာ ငါးပါတို့၏ အမည်တည်း။

ရဟန်းတို့ 'ခြောက်ယောက်မြောက် အတွင်းသူလျှို သန်လျက်မိုးထားသော လူသတ်သမား'ဟူသော ဤအမည်ကား နှစ်သက်စွဲလမ်းမှု နန္ဒီရာဂ၏ အမည်တည်း။"

သတ္တဝါတို့၏ ရန်သူ သူသတ်သမား ငါးယောက်တို့သည် သတ္တဝါတို့၏နောက်မှ ထက်ကြပ်မကွာလိုက်ပါနေကုန်၏။ အမြဲ ဒုက္ခဆင်းရဲကို ဖြစ်စေ၏။ နောက်ဆုံး၌ သေခြင်းဆင်းရဲသို့ ရောက်စေ၏။ သတ္တဝါတို့သည် ခန္ဓာကို ရရှိထားခြင်းကြောင့် ဘဝတိုင်း ဘဝတိုင်း သေနေရ၏။ သတ္တဝါတို့ဟု ဆိုရာ၌ လူရော၊ နတ်ရော၊ ဗြဟ္မာရော အကျုံးဝင်၏။ ဥပါဒါန်တို့၏ စွဲလမ်းရာဖြစ်သော ဤဥပါဒါနက္ခန္ဓာ ငါးပါးတို့သည် "တွေ့ရာသချိုင်း"ဟု ကြွေးကြော်၍ သတ္တဝါကို သတ်ဖို့ရာ လိုက်နေကြသော ရန်သူကြီး ငါးဦးပင် ဖြစ်တော့သည်။

သူလျှို သူသတ်သမားသည်ကား ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ တည်းဟူသော ကာမဂုဏ် ငါးပါးတို့၌ နှစ်သက် ကပ်ငြိ တတ်သော၊ ထိုထိုသို့သော ဘဝတို့၌ နှစ်သက် ကပ်ငြိတတ်သော နန္ဒီ ရာဂ တည်းဟူသော တဏှာပင် ဖြစ်သည်။ စင်စစ်သော်ကား နန္ဒီရာဂ တည်းဟူသော တရားသည် ခန္ဓာငါးပါးတို့ ဖြစ်စေတတ်သော တရား ပင်တည်း။ ခန္ဓာငါးပါး၏ အကြောင်းသည်ကား - နန္ဒီရာဂတည်း။ ဤနန္ဒီရာဂ ဖြစ်လာပါက သဒ္ဓါ၊ သတိစသော ကုသိုလ်တရားများ လွင့် စင်ပျောက်ပျက် သွားတော့သည်။ ယင်းသည် အကြိုက်ပေး၍ အတွင်းမှာ ပူးပေါင်းပြီး သတ္တဝါကို သတ်တတ်သော ရန်သူပင် ဖြစ်သည်။

ဤဒေသနာတော်နှင့် ပတ်သက်၍ ကျေးရူးရှင် ရတနာထွဋ်ခေါင် ဆရာတော် ဘုရားကြီးက ရာဇပါမောက္ခ ဒီပနီ၌ အကျယ်တဝင့် ရှင်း လင်းဖော်ပြထားသည်။ ၎င်းတို့အနက်မှ အချက်အလက် အနည်းငယ်မျှ ကို ဖော်ပြလိုပေသည် -

ရှေးဦးစွာ တင်ပြလိုသည်မှာ - “ထိုသို့ သေခြင်းကင်းရာ နိဗ္ဗာန် ချမ်းသာကို ပေးတော်မူတတ်သော ဘုရား အစရှိသော အရှင်မြတ်တို့နှင့် မတွေ့မကြုံရသည် ဖြစ်၍လည်းကောင်း၊ တွေ့ကြုံရပါသော်လည်း အရှင်မြတ်တို့၏ ဆုံးမဩဝါဒ စကားကို မလိုက်နာသည် ဖြစ်၍လည်း ကောင်း၊ ထိုသူသတ်ယောကျာ်း ငါးယောက်နှင့်တူသော ခန္ဓာငါးပါးတို့ ၌လည်းကောင်း၊ ခြောက်ခုမြောက်သော အတွင်း၌ကျင်လည်သော အဖန် တလဲလဲ သတ်တတ်သော နန္ဒီရာဂ၌လည်းကောင်း၊ ငြီးငွေ့တတ်သော ဉာဏ်ကို မရသည်ဖြစ်၍ ယခုဘဝတိုင်အောင် ထိုသူတို့၏ ညှဉ်းဆဲနှိပ် စက်ခြင်းကို လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါ အပေါင်းတို့သည် ခံရကုန်၏ - ဟူလိုသတည်း။ ထို့ကြောင့် ခန္ဓာငါးပါးတို့၌လည်းကောင်း၊ (နန္ဒီရာဂ၌ လည်းကောင်း) ချစ်ခြင်းကို မပြုအပ်၊ မုန်းခြင်းကိုသာ အဖန်တလဲလဲ

ဖြစ်စေရာ၏။ [မုန်းကြပါလေကုန်၊ သတိရှိကြပါလေကုန်။] ” ဟူ၍ ဖြစ်သည်။

ဆက်လက်၍ ဆရာတော် ဘုရားကြီးက တိုက်တွန်း သတိပေးထားသည်မှာ – “ဤခန္ဓာငါးပါး တည်းဟူသော သူသတ်ယောကျ်ား၊ ခြောက်ခုမြောက်သော အတွင်း၌ ကျင်လည်သော နန္ဒီရာဂ တည်းဟူသော သူသတ်ယောကျ်ားတို့သည် သတ်အံ့သောငှာ နောက်မှလိုက်သည်၏ အဖြစ်ကို သိအပ်၏။ သိကြပါလေကုန်။ ထိုသို့ သိပြီး၍ ကြောက်ခြင်း၊ ထိတ်လန့်ခြင်းတို့ကို ဖြစ်စေအပ်၏။ ကြောက်ခြင်း၊ တုန်လှုပ်ခြင်းတို့ကို ဖြစ်စေပြီး၍ ဘေးအပေါင်းတို့၏ ကင်းငြိမ်းရာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန်ရောက်ကြောင်း သူတော်ကောင်းတို့၏ တရားကို ကြိုးကြိုးစားစား နေ့ညဥ့်မပြတ် မပျင်းမရိ အားထုတ်ကြပါလေကုန်” ဟူ၍ ဖြစ်၏။

ဆက်လက်၍ သူမိုက်များ၊ ပညာမဲ့သူများနှင့် ပတ်သက်၍ ဖော်ပြထားသည်မှာ – “လောက၌ ရာဇဝတ်သင့်သော သူတို့ကို လက်ပြန်ကြိုးနှောင်ဖွဲ့၍ သူသတ် သင်္ချိုင်းသို့ ဆောင်ယူသွားကုန်၏။ သူသတ်ယောကျ်ားတို့သည်လည်း ထိုသူတို့နှင့် အတူတကွ သန်လျက်ကို ကိုင်၍ လိုက်ကုန်၏။ ထိုရာဇဝတ် သင့်သောသူတို့သည် မဟာဗာလ၊ မဟာဒုမ္မေဓ၊ မဟုမ္မတ္တကဖြစ်၍ ရှေ့၌သီချင်းကို သီ၍လည်းကောင်း၊ ကခြင်း၊ ခုန်ခြင်းကို ပြု၍လည်းကောင်း သွားကြကုန်၏။ ထိုသူတို့ကို သတ်ရာသင်္ချိုင်းသို့ ရောက်သောကာလတို့၌ သတ်အပ်သော အမှုကို လွန်ကျူးသောသူဖြစ်သောကြောင့် သတ်ကုန်သကဲ့သို့ ထို့အတူ ခန္ဓာငါးပါး တည်းဟူသော သူသတ်ယောကျ်ား၊ နန္ဒီရာဂ တည်းဟူသော သူသတ်ယောကျ်ားတို့သည် နောက်မှ သတ်အံ့သောငှာ လိုက်ကုန်လျက် သမ္မာဒိဋ္ဌိ ပညာမျက်စိ မရှိကုန်သော မဟာဗာလ၊ မဟာဒုမ္မေဓ၊ မဟုမ္မတ္တကတို့သည် ကြောက်ခြင်း၊

ထိတ်လန့်ခြင်း၊ တုန်လှုပ်ခြင်းတို့ကို မဖြစ်စေမူ၍ ကခြင်း၊ သီခြင်း၊ ပျော်ရွှင်မြူးထူးခြင်းတို့ကို ပြုကြကုန်၏ – ဟူလိုသတည်း ”ဟူ၍ဖြစ်၏။

ဆက်လက်၍ ဆရာတော်ဘုရားက တိုက်တွန်းထားတော်မူသည်မှာ “ရှေးရှေးသော ဘုရား အစရှိသော သူတော်ကောင်းတို့၏ အထံတော်၌ ဆည်းပူးအပ်သော ဒါန၊ သီလ၊ သမထဘာဝနာ၊ ဝိပဿနာဘာဝနာနှင့် ပြည့်စုံသော အမျိုးကောင်းသားတို့သည် ဤသို့ဆိုအပ်ပြီးသော သူမိုက်၊ ပညာမရှိသော သူတို့ကဲ့သို့ မဖြစ်စေမူ၍ ခန္ဓာငါးပါး တည်းဟူသော သူသတ်ယောက်ျား၊ နန္ဒီရာဂ တည်းဟူသော သူသတ်ယောက်ျားတို့သည် ဘဝတိုင်း၊ ဘဝတိုင်း သတ်သည့်၏အဖြစ်၊ ယခုဘဝ၌လည်း သတ်အံ့သော ငှာ ရှေ့၌ သန်လျက်ဖြင့် မိုး၍ ရပ်လာသည်၏အဖြစ်၊ နောင်ဖြစ်လတ္တံ့သော ဘဝတို့၌လည်း မချွတ်မယွင်း သတ်လတ္တံ့သည်၏ အဖြစ်ကို သိအပ်၏ ဟူလိုသတည်း။ [သတိရှိပါစေ]

**ဘဝမည်သည် မည်သည့်ဘဝမျှ မကောင်း၊ လက်ဖျစ်တစ်တွက် ကာလမျှသော ဘဝကိုပင် မြတ်စွာဘုရား ချီးမွမ်းတော် မမူ။**

မြတ်စွာဘုရားက ဤသို့ ဟောတော်မူ၏ – “ရဟန်းတို့ အနည်းငယ်မျှသော မစင်သည်လည်း မကောင်းသောအနံ့ ရှိသကဲ့သို့ ရဟန်းတို့ ဤအတူပင် ငါသည် အနည်းငယ်မျှသော ဘဝကိုလည်း ချီးမွမ်းတော်မမူ၊ အယုတ်ဆုံးအားဖြင့် လက်ဖျစ်တစ်တီးသော ကာလမျှသော ဘဝကိုလည်း ချီးမွမ်းတော်မမူ (ဟုမိန့်တော်မူ၏။)

ရဟန်းတို့ အနည်းငယ်မျှသော ကျင်ငယ်သည်လည်း မကောင်းသော အနံ့ ရှိသကဲ့သို့ အနည်းငယ်မျှသော တံထွေးသည်လည်း မကောင်းသော အနံ့ ရှိသကဲ့သို့၊ အနည်းငယ်မျှသော ပြည်သည်လည်း မကောင်းသော

အနံ့ ရှိသကဲ့သို့၊ အနည်းငယ်မျှသော ချေးသည်လည်း မကောင်းသော အနံ့ ရှိသကဲ့သို့၊ ရဟန်းတို့ ဤအတူပင် ငါသည် အနည်းငယ်မျှသော ဘဝကိုလည်း ချီးမွမ်းတော်မမူ၊ အယုတ်ဆုံးအားဖြင့် လက်ဖျစ်တစ်တီး ကာလမျှသော ဘဝကိုလည်း ချီးမွမ်းတော်မမူ (ဟုမိန့်တော်မူ၏)။" (အင်္ဂုတ္တိုရ် ပါဠိတော်၊ ဧကကနိပါတ်၊ ၁၆ ဧကဓမ္မပါဠိ တတိယဝဂ်၊ ၃၂၀၊ ၃၂၁၊ နှာ ၄၆)

## သုခသည်မမြဲ၊ မမြဲသောကြောင့် ဒုက္ခဆင်းရဲ စင်စစ်ဖြစ်၏

လောက၌ ဒုက္ခဆင်းရဲ ခံစားကြရမှုများ ရှိသကဲ့သို့ သုခချမ်းသာ ခံစားကြရမှုများလည်း ရှိ၏။ သုခချမ်းသာ ခံစားကြရမှုများကို လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာဟု ဆိုကြ၏။ ဤချမ်းသာမျိုးကို သတ္တဝါတွေသည် အလွန်ပင် နှစ်သက် တပ်မက် စွဲလမ်းတွယ်တာကြ၏။ သို့ပါ၍ သတ္တဝါတွေသည် ဤချမ်းသာများကိုပေးသည့် ရုပ်ခန္ဓာ၊ နာမ်ခန္ဓာ၊ ရုပ်တရား၊ နာမ်တရား၊ ခန္ဓာငါးပါးကိုလည်း နှစ်သက် တပ်မက် စွဲလမ်းတွယ်တာကြ၏။ ဤသည်ကား သတ္တဝါ၏ သဘာဝပေတည်း။ ဤသို့ ခန္ဓာကို နှစ်သက်တပ်မက်သည့် တဏှာကို ဘဝ၌ လိုချင်နှစ်သက် တပ်မက်သည့် ဘဝနိကန္တိ တဏှာဟုလည်း ဆို၏။ ဤတဏှာဖြင့် သတ္တဝါတွေ မွေးလာကြ၏။ နေကြ၏။ သေကြ၏။ ဤသို့ဖြင့် သတ္တဝါတွေသည် ခန္ဓာတဏှာဖြင့် သံသရာတွင် ဆုံးစမထင် ကျင်လည်နေရပေ၏။ သို့ပါ၍ လူချမ်းသာ၊ နတ်ချမ်းသာ၊ဗြဟ္မာချမ်းသာ များကို နှစ်သက် တပ်မက်ခြင်းသည် သတ္တဝါတွေအား သံသရာဝဋ်ဆင်းရဲတွင် ဆုံးစမထင် ကျင်လည်စေသည့် တရားများ စင်စစ် ဖြစ်ပေသည်။

ဤမျှလောက်ပင် ဒုက္ခဆင်းရဲ ပေးသဖြင့် လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာ့ချမ်းသာတို့ကို လိုချင်နှစ်သက် တပ်မက်မှုသည် စင်စစ်

သံသရာဘေးကြီး ဖြစ်လေသည်။ ဤသို့ဖြစ်သည်ကို သတ္တဝါတွေသည် ဘဝနိကန္တိ တဏှာကြောင့် မည်သည့်အခါမျှ မသိရှိခဲ့ကြ နောင်အနာဂတ်တွင်လည်း သိရှိကြမည် မဟုတ်ချေ။

သို့ပါ၍ လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာ့ချမ်းသာတို့သည် မမြဲကုန်၊ မမြဲကြသည့်အတွက် ဒုက္ခဆင်းရဲ စင်စစ်ဖြစ်သည်ကိုလည်းကောင်း၊ သံသရာသည် ဝဋ်ဆင်းရဲစစ်စစ် ဖြစ်သည်ကိုလည်းကောင်း၊ မြတ်စွာဘုရား ဟောတော်မူသည်နှင့်အညီ သဘောပေါက်အောင် အဖန်တလဲလဲ စွဲမြဲစွာ ဆင်ခြင်ရာ၏။

အကြောင်းတရားသည် မမြဲ၊ ထိုတရားသည် ဆင်းရဲ၏ဟု မြတ်စွာဘုရား ဟောတော်မူ၏။ ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးက လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာ့ချမ်းသာတို့သည် မမြဲကုန်၊ မမြဲသည့်အတွက် အခါခါ ထူထောင်မှု ဒုက္ခကို ပေးတတ်သဖြင့် သင်္ခါရ ဒုက္ခမျိုး၊ ဝိပရိနာမ ဒုက္ခမျိုးအမှန် ဖြစ်သည်ကိုလည်းကောင်း "သတ္တဝါတွေကို သံသရာဝဋ်မှ မလွတ်ရအောင် အပါယ်ဘေးမှ မလွတ်ရအောင် ထောင်မြှားကုပ်ချည်၍ထားသော သုခလိမ်၊ သုခကောက်၊ သုခဆိုး၊ သုခညစ်သာ ဖြစ်သည်" ဟု၍လည်းကောင်း ဤသို့ ဖော်ပြ၏။

"သစ္စာသဒ္ဒါသည် အမှန်ကို ဟော၏။ အမှန်ဆိုသည်ကား အဘယ်သောအခါမှာမှ ဖောက်ပြန်ခြင်းမရှိ၊ ရွေ့လျားခြင်းမရှိ၊ ပျက်ပြားခြင်းမရှိသော သုခကို သုခမှန် ဆိုလိုသည်။ တစ်ခါထူထောင်၍ ရပြန်ရင်း၊ ဖောက်ပြန်ပျက်ပြုန်း ကုန်ဆုံးပြန်ရင်း ဖြစ်၍နေသော သုခမျိုးသည်ကား သုခမှန်၊ သုခဖြောင့်မဟုတ်၊ သုခကောက်၊ သုခလိမ်သာလျှင်တည်း။ အဘယ်ကြောင့်နည်းဆိုသော် အခါခါ အဖန်ဖန် ပြုစုပျိုးထောင်မှု ဒုက္ခအနန္တတို့ကို ပေးတတ်သော သုခဆိုး၊ သုခညစ် ဖြစ်လေသောကြောင့်

တည်း။ ဇရာမီး၊ မရဏမီးတို့မှ မလွတ်သော သုခဟူသမျှသည် ဖောက်ပြန်ပျက်ဆုံးမှု ဧကန် ရှိနေသောကြောင့် ခဏခေတ္တ ငှားရမ်း၍ရသော ဝတ္ထုနှင့်တူ၏။ ထိုဝတ္ထုကို သူ့ဥစ္စာရှင် ပြန်ယူသွားသည်ရှိသော် မိမိမှာ ကိုယ်ချည်းထီးတည်း ကျန်ရှိ၏။ ထိုဝတ္ထုသည် သုခမှန်မဟုတ် တဒင်္ဂ သုခမျှသာတည်း၊ သုခကောက်၊ သုခလိမ်၊ သုခဆိုး၊ သုခညစ်သာတည်း။ မျက်လှည့်ပညာဖြင့် ပြုလုပ်၍ပေးသော ရွှေခဲ ရွှေတုံးနှင့်လည်း တူ၏။ မျက်လှည့်အတတ် မပြယ်မီအတွင်း ရွှေအနေနှင့် ဝမ်းမြောက်လိုက်ရ၏။ မျက်လှည့်အတတ် ပြယ်သောအခါ မြေဆိုင်မြေခဲ ဖြစ်လေ၏။ ဇရာ မရဏတို့၏ မီးစာဖြစ်သော သုခမျိုးသည် သိကြားမင်းသုခပင် ဖြစ်သော်လည်း ထိုမျက်လှည့် ရွှေလိမ်ကိုရသော သုခနှင့်တူ၏။ ယခုနေ့ သိကြား၊ နက်ဖြန်ခါ ဖါးငါး၊ ယခုနေ့ နတ်မင်း၊ နက်ဖြန်ခါ နွားမြင်း၊ ယခုနေ့ ဗြဟ္မာ၊ နက်ဖြန်ခါ မုဆိုးတံငါ၊ ဤသို့ ဇရာ မရဏတို့ မီးစာဖြစ်သော သုခမျိုး၏ ငှားရမ်းသော၊ သုခမျက်လှည့်အတတ်နှင့်ရသော တူပုံကို သိအပ်၏။ ထိုဇရာ မရဏနှင့်ယှဉ်သော သုခမျိုးသည် ရှေး၌ပြခဲ့သော ပြသာဒ်လိမ်ကြီး ဥပမာကဲ့သို့ သတ္တဝါတို့ကို သံသရာဝဋ်မှ မလွတ်ရအောင်၊ အပါယ်ဘေးမှ မလွတ်ရအောင် မြှားတုပ်ချည်၍ထားသော သုခလိမ်၊ သုခကောက်၊ သုခဆိုး၊ သုခညစ်သာဖြစ်၏။ အနမတဂ္ဂ သံသရာမှ သိကြားမင်းကြီး ဖြစ်ခဲ့ကြသည်ကား တစ်ယောက်တစ်ယောက်မှာပင် အနန္တ ရှိကြတော့သည်။ မျက်လှည့်ရွှေ မြေကြီးခဲ ဖြစ်သကဲ့သို့ ယခုဘဝဖြစ်၍ နေကြ၏။ ဤသို့သော မမြဲသောသုခ အခါခါ အဖန်ဖန် ထူထောင်မှု ဆုံးကမ်းမရှိသော သုခမျိုးကို သုခသစ္စာ မဆိုအပ်၊ သုခမှန် မဆိုအပ်၊ ဇရာ မရဏမီးကို့မှ လွတ်ကင်းသော သုခကိုသာ (နိဗ္ဗာန်ကိုသာ) သုခမှန် ဆိုအပ်၏။ ထိုကဲ့သို့သော သုခသည်မှုကား တစ်ကြိမ် အပင်ပန်းခံ၍ ထူထောင်မိသည်နောက် အစဉ်ထာဝရ မြဲ၍ သွားတော့

သည်။ သိကြားသုခ၊ ဗြဟ္မာသုခများကဲ့သို့ အခါခါ ထူထောင်မှုဒုက္ခ မလာပြီ၊ မမြဲသည့်အတွက် အခါခါ ထူထောင်မှု ဒုက္ခကို ပေးတတ်သော သုခမျိုး ဟူသမျှသည် သင်္ခါရ ဒုက္ခမျိုး အမှန်ဖြစ်၏။ ဝိပရိနာမ ဒုက္ခ မျိုး အမှန်ဖြစ်၏။ ဤသို့သော သုခမှန်၊ ဒုက္ခမှန်ကို သိအပ်၏။" (လယ်တီ၊ ပဋိစ္စသမုပ္ပါဒ်ဒီပနီ၊ နှာ ၁၇၂ - ၁၇၄)

**ခန္ဓာငါးပါးသည် သတ္တဝါတို့အား အပါယ်သို့သာ အများဆုံး ကျစေ၏**

(က) ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးက ဤသို့ ဖော်ပြ၏။ "+ + + အပါယ်လေးဘုံနှင့် တကွသော ခပ်သိမ်းသော လူ့ခန္ဓာ ချမ်းသာ၊ နတ်ခန္ဓာ ချမ်းသာ၊ ဗြဟ္မာ့ခန္ဓာ ချမ်းသာဟု ဆိုအပ်သော ခန္ဓာငါးပါး တေဘူမက တရားတို့ကို အဘိဓမ္မာ၌ - အာသဝါ၊ အာသဝေါ တရားတို့နှင့်တကွ ဖြစ်ကုန်၏ ဟူ၍လည်းကောင်း၊ သံယောဇနိယာ၊ သံယောဇဉ် တရားတို့ကို ပွားစီးစေတတ်ကုန်၏ ဟူ၍လည်းကောင်း၊ ဩဃနိယာ၊ ဩဃတရားတို့ကို ဖြစ်ပွားစေတတ်ကုန်၏ ဟူ၍လည်းကောင်း၊ ယောဂနိယာ၊ ယောဂတရားတို့ကိုဖြစ်ပွားစေတတ်ကုန်၏ ဟူ၍လည်းကောင်း၊ နီဝရဏိယာ၊ နီဝရဏ တရားတို့ကို ဖြစ်ပွားစေတတ်ကုန်၏ ဟူ၍လည်းကောင်း၊ ပရာမဋ္ဌာ မိစ္ဆာဒိဋ္ဌိ တရားတို့သည် အမှောက်အမှား သုံးသပ်ကုန်၏ ဟူ၍လည်းကောင်း၊ သံကိလေသိကာ၊ ခပ်သိမ်းသော တဏှာသံကိလေသတရား၊ ဒိဋ္ဌိသံကိလေသတရား၊ ဒုစရိုက်သံကိလေသတရား တို့ကို ပွားစီးစေတတ်ကုန်၏ ဟူ၍လည်းကောင်း၊ ဟောတော်မူသောကြောင့် ခပ်သိမ်းသော တေဘူမက တရားတို့သည် မိမိတို့လည်း ကိလေသာမှ ဖြစ်ပွားကြကုန်၏။ ကိလေသာ မီးတို့ကိုလည်း လွန်စွာ ပွားများစေတတ်ကြကုန်၏။ ဘုံသုံးပါး တို့သည် ကိလေသာ

တောကြီးအတိ ဖြစ်၍ အကုသိုလ်တောကြီးအတိ ဖြစ်၏ဟု သိအပ်၏။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်၌ ဘုံသုံးပါးကြီးသည် သားရဲဝံ့ဖြင့် ပြည့်သော တောအုပ်ကြီးနှင့် တူ၏။ ကျားတို့၏ နေရာဖြစ်သော လိုဏ်ဂူနှင့် တူ၏။ မိကျောင်းတို့ဖြင့် လည်းကောင်း၊ ရေဘီလူးတို့ဖြင့် လည်းကောင်း ပြည့်သော ရေအိုင်ကြီးနှင့် တူ၏။ အဆိပ်နှင့်ရောသော ဘောဇဉ်နှင့် တူ၏။ ခိုးသူ ဓားပြတို့၏ နေရာဖြစ်သော ခရီးနှင့် တူ၏။ မီးလောင်၍နေသော အိမ်နှင့် တူ၏။ စစ်သည်နှစ်ဘက် ချီတက် တိုက်ခိုက် နေသောစစ်မြေပြင် နှင့် တူ၏။ ဟူ၍ မိန့်တော်မူ၏။ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတို့သည် အလွန်ကောင်းသော အဆင်းအနံ့ အရသာနှင့် ပြည့်စုံလှသော အပွင့် အသီးတို့ကို အခါခပ်သိမ်း ဆောင်ကုန်သော အဆိပ်ပင် တောကြီးနှင့် လည်း တူကုန်၏။ အသဝ၊ သံယောဇနေ၊ ဂန္ထ၊ ဩဃ၊ ယောဂ အစရှိ ကုန်သော အဆိပ်စေးတို့နှင့် တူကုန်၏။ လူ နတ် ဗြဟ္မာ အပေါင်းတို့သည် အဆိပ်ပွင့် အဆိပ်သီးတို့ကို စားသောက်၍ နေကြကုန်သော အသိန်း အသောင်း ငှက်အပေါင်းတို့နှင့် တူ၏။ ထိုငှက်အပေါင်းတို့သည် အဆိပ် လောင်သဖြင့် အစဉ်အတိုင်း ကုန်ခန်းနေသော အသွေးအသား ရှိကြကုန် သည်ဖြစ်၍ မကြာမီ အောက်မြေအဖို့သို့ ကျရောက်သေဆုံး၍ မြေကြီး အစီးအပွား ဖြစ်ကြကုန်သကဲ့သို့ လူ နတ် ဗြဟ္မာတို့သည် လူ့စည်းစိမ်ချမ်း သာ၊ နတ်စည်းစိမ်ချမ်းသာ၊ ဗြဟ္မာ့စည်းစိမ်ချမ်းသာ ခန္ဓာငါးပါးတို့၌ ပွားစီး၍ နေကြကုန်သော ထိုအကုသိုလ် အဆိပ်တို့၏ အစဉ်အမြဲ လောင် မှုတို့ကြောင့် အနမတဂ္ဂ သံသရာ၌ အပါယ်ဘုံသို့သာ စုလာကြကုန်၍ အပါယ်လေးပါး အစီးအပွားချည်း အစဉ်ဖြစ်၍ နေကြကုန်၏။”

(လယ်တီ ဘာဝနာဒီပနီ၊ နှာ ၂၃၈)

(ခ) မြတ်စွာဘုရားသည် နိဒါနဝဂ္ဂပါဠိတော်၊ ဩပမ္မသံယုတ်၊ နခသိခသုတ်တွင် “ချစ်သား ရဟန်းတို့ ဤနည်းအတူပင်လျှင် အကြင်

ပုဂ္ဂိုလ်တို့သည် လူ့ပြည်မှ စုတေ၍ တစ်ဖန် လူ့ပြည် သို့မဟုတ် နတ်ပြည်သုဂတိ ဘုံဘဝသို့ သွားရောက်ကြကုန်၏။ ထိုသို့ လူ့ပြည်မှ စုတေ၍ လူ့ပြည်နတ်ရွာ တည်းဟူသော သုဂတိ ဘုံဘဝသို့ သွားရောက်ကြသည့် သတ္တဝါတို့သည်ကား ငါဘုရား လက်သည်းတော်ဖျားဝယ် ယခုတင်၍ထားသော မြေမှုန့်ပမာ နည်းပါးလှစွာကုန်၏။ စင်စစ်သော်ကား လူ့ပြည်မှ စုတေကြ၍ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ် တည်းဟူသော အောက်အပါယ်သို့ သွားကြသည့် သတ္တဝါတို့ကသာလျှင် အောက်မဟာပထဝီ မြေကြီးပမာ များလှစွာကုန်၏ + + + ”ဟု ဟောကြားတော်မူခဲ့သည်။ (ဆဋ္ဌသံဂါယနာ ဒုတိယသန္နိပါတ၊ သုတ္တန္တပိဋက၊ သံယုတ္တနိကာယ်၊ သံဂါယနာ အမေး အဖြေ ပဋ္ဌမစာအုပ်)

## ကုသိုလ်စိတ်ဖြင့် သေတတ်ရန် အလွန်အရေးကြီးခြင်း

သတ္တဝါတို့အဖို့ အပါယ်ကျမည့် အလားအလာသည် အလွန်ပင်များလှ၏။ အမရပူရ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး အရှင် ဇနကာဘိဝံသ ဖော်ပြသည်မှာ “ဒီတော့ ဘုန်းကြီးတို့ သေခါနီး စဉ်းစားကြစို့၊ သေခါနီးကျတော့ ဆိုပါတော့ မိနစ် အနည်းငယ်လောက်ကြာရင် သေတော့မှာ၊ သူ့ဆိုင်ရာ ရောဂါ တစ်ခုခုကြောင့် သေတော့မှာ (ကံ၏) သတ္တိတွေက လိုက်ရက်နော်၊ သေခါနီးလဲ ပါရက်နော်၊ ဘယ်သူ အကျိုးပေးမလဲ သိပ်အရေးကြီးပြန်တယ်၊ ဒီတော့ကာ ဘုန်းကြီးတို့ အာရုံဆိုတဲ့ အာရမ္မဏ ပစ္စည်းကို ပြန်ပြီးတော့ သတိထားပါ၊ အာရုံမပါပဲနဲ့ စိတ် ဘာဖြစ်ကို မဖြစ်ဘူး၊ အာရုံပါ ပါတယ်၊ ယခုဖြစ်နေတဲ့ စိတ်တွေလဲ အာရုံပါရပါတယ်၊ အာရုံ မပါဘဲနဲ့ စိတ် မဖြစ်ပါဘူး၊ ဒီတော့ သေခါနီးမှာ ကပ်ပြီးတော့ နေလို့ရှိရင် မနေ့တုန်းက ဘုန်းကြီးပြောတယ်၊ အာသန္နကံ နီးတဲ့ကံက အကျိုးပေးတယ်၊ အင်မတန် ကြီးလေးတဲ့ ဂရုကကံ မရှိလို့

ရှိရင် သေခါနီးပြုတဲ့ အာသန္နကံ အကျိုးပေးတယ်နော်၊ ဒါပြောတယ်၊ သေခါနီးကျတော့ လူက သတိ မရဘူး၊ မေ့နေတယ် ဆိုဆို၊ စိတ်က ဖြစ်ရ၏။ စိတ်က ဖြစ်ရ၏။ အာရုံ တစ်ခုခုယူလျက် အဲဒီအာရုံကများ မကောင်းတဲ့အာရုံ ဆိုလို့ရှိရင်ပေါ့၊ အဲဒီအာရုံနဲ့ ဆိုင်တဲ့ကံက အကျိုးပေးတော့မှာပဲ။" (အခြေပြု ပဋ္ဌာန်းတရားတော်၊ နှာ ၂၂၁၊ ၂၂၂)

သို့ပါ၍ သေခါနီး စိတ်သည် စင်စစ် သတ္တဝါ၏ လားရာဂတိကို အဆုံးအဖြတ်ပေးသည် ဖြစ်ရကား အလွန်မှ အရေးကြီးလှပါ၏။ ဒါန သီလ ဘာဝနာစသည့် ကုသိုလ်စိတ်ဖြင့် သေလျှင် အာသန္နကံ ကုသိုလ် မရဏာသန္နဇော စော၍သေကာ လူ့ပြည်တွင်ဖြစ်စေ၊ နတ်ပြည်တွင်ဖြစ်စေ၊ ဗြဟ္မာ့ပြည်တွင်ဖြစ်စေ ထိုက်ရာ သုဂတိဘုံ၌ ပဋိသန္ဓေ နေရ၏။ လောဘ၊ ဒေါသ၊ မောဟ အစရှိသဖြင့် အကုသိုလ်စိတ်ဖြင့် သေလျှင် အာသန္နကံ အကုသိုလ် မရဏာ သန္နဇော စော၍သေကာ ငရဲတွင် ဖြစ်စေ၊ တိရစ္ဆာန်ဘုံတွင် ဖြစ်စေ၊ ပြိတ္တာဘုံတွင် ဖြစ်စေ၊ အသူရကာယ်ဘုံတွင် ဖြစ်စေ ထိုက်ရာ ဒုဂ္ဂတိဘုံ၌ ပဋိသန္ဓေ နေရ၏။

မျက်မြင်ကိုယ်တွေ့ဖြစ်သော လူ့လောကကို ဆင်ခြင်သုံးသပ်သော် ပုထုဇဉ် ဟူသမျှသည် လင်စွဲ၊ မယားစွဲ၊ သားစွဲ၊ သမီးစွဲ၊ ဆွေစွဲ၊ မျိုးစွဲ၊ အိုးစွဲ၊ အိမ်စွဲ၊ ပစ္စည်းစွဲ၊ ဆရာစွဲ၊ တပည့်စွဲ၊ ကျောင်းစွဲ၊ ကန်စွဲ၊ ပစ္စည်းလေးပါးစွဲ အစရှိသဖြင့် သက်ဆိုင်သလို အစွဲ တစ်မျိုးမျိုးဖြင့် သေလေ့ရှိကြ၏။ ဤအစွဲတွေကို ပယ်နိုင်သည် ထားဦး၊ မိမိ၏ အသက်ကို မလွှတ်ချင် တွယ်၍ထားချင်သော အသက်စွဲဖြင့်တော့ သေတတ်ကြ၏။ အစွဲဟူသမျှသည် လောဘ တည်းဟူသော အကုသိုလ်ချည်း ဖြစ်၏။ သို့ပါ၍ အစွဲဖြင့် သေကြသူများသည် အပါယ်သို့သာ ကျကြရပေ၏။ အများအားဖြင့် အနီးအနားတွင် တိရစ္ဆာန် သော်လည်းကောင်း၊ ပြိတ္တာ

ငယ် တစ္ဆေ သော်လည်းကောင်း ဖြစ်ကြရတတ်သည်ဟု ဆိုကြ၏။ ဒေသနာတော်လာ သာဓကမှာ - မြတ်စွာဘုရား လက်ထက်တော်၌ တိဿ အမည်တွင်သော မထေရ်ကြီး တစ်ပါးရှိ၏။ ထိုမထေရ်ကြီးသည် တစ်သက်လုံး ရဟန်းတရားကို အားထုတ်ခဲ့၏။ တစ်နေ့သောအခါ ကောင်းလှစွာသော သင်္ကန်း အသစ်တစ်စုံ ရရှိလာရာ ထိုသင်္ကန်းကို တပ်မက် စွဲလမ်းလေ၏။ ထိုသင်္ကန်းကို တပ်မက်စွဲလမ်းသော အကုသိုလ် အာသန္နကံ လောဘဇောဖြင့် ပျံလွန်တော်မူရာ ထိုသင်္ကန်းတွင် သန်း ပြိတ္တာ ခုနစ်ရက် ဖြစ်ရရှာ၏။ မျက်မှောက်ဘဝ သာဓက တစ်ခုကို အမရပူရ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး ရှင်ဇနကာဘိဝံသက ဖော်ပြသည်မှာ "ရေချမ်းအမကြီး၊ တစ်ခု ပြောရအုံးမယ်၊ ဘုန်းကြီးပြောနေကျ + + + ဟို တောင်သမန်ဘက်က ကျောင်းတိုက်ကြီးရဲ့ ကျောင်းအမကြီး၊ နွေအခါကျလို့ရှိရင် အားလုံး ရေ ဆင်းရဲကြလွန်းလို့ ရေချမ်းအိုးစင်တွေ သူကတည်၊ ရေတွေလောင်းလို့၊ သူနဲ့ ဝေးတဲ့နေရာ သူများ ရေလောင်း ခိုင်းလို့ပေါ့လေ၊ ဒီလိုနဲ့ ရေချမ်းအမကြီး၊ ကျောင်းအမကြီးဆိုတဲ့ နာမည် နဲ့ အများသိ ရေချမ်းအမကြီးလို့ ပိုပြီး နားလည်တယ်၊ ဒကာမကြီး အသက်ကြီးတော့ ကွယ်လွန်သွားတယ်၊ ကွယ်လွန်သွားတော့ ဒီသချိုင်း မှာ လှူဒါန်းကြ၊ နောက် ရက်လည်ဆွမ်းဆိုတာ အိမ်မှာ ထုံးစံအတိုင်း ကျောင်းအမကြီး ရဲ့ ဆရာတော် ပင့်ပြီးတော့ တရားနာ၊ ရေစက်ချ၊ သားသမီးတွေက အမျှဝေ၊ နောက် ဆရာတော် ပြန်သွားတော့ တံတားထိပ် က နည်းနည်းလေး လွန်လာရင်ပဲ တံတားထိပ်လောက်က နေပြီးတော့ "ဆရာတော်ဘုရား၊ ဆရာတော်ဘုရား" လို့ဆိုတော့ "ဟဲ့ ဒါ ဒို့ကျောင်း အမကြီးရဲ့ အသံပါလား" "ဟုတ်တယ် ဘုရား" နည်းနည်း ဆရာတော် စိတ်မကောင်း ဖြစ်သွားရမှာပေါ့လေ၊ "ဘာဖြစ်နေတုန်း" ကျောင်းအမ ကြီးက "တပည့်တော် သေခါနီးတုန်းက သားတွေ သမီးတွေ ငိုကြလို့

သူတို့ကို စွဲလမ်းပြီး သေသွားလို့ တစ္ဆေ ဖြစ်နေတယ်၊ သချိုင်းမှာ လှူကြဒါန်းကြတုန်းက တပည့်တော် ဘာမှ မသိလိုက်ရဘူး၊ အဖော် တစ္ဆေတွေက ရေတံခွန်တောင်ကို ခေါ်သွားတယ်၊ တပည့်တော် ဘာမှ မသိလိုက်ရဘူး၊ ဒီနေ့တော့ဘုရား၊ ဆရာတော်ဘုရား ဟောတဲ့တရားလဲ နာရပါတယ်၊ အမျှဝေတာလဲ ရပါတယ်၊ တပည့်တော်ခုပဲ ကျွတ်တော့မှာ ဘုရား"လို့ ပြောလဲပြော အသံလဲ ပျောက်သွားတာပဲ၊ ကြည့်စမ်း အင်မ တန် သူတော်ကောင်းမကြီး၊ သေခါနီးမှာ အာရုံကလေး၊ အသံကြားလိုက် လို့မို့၊ အဲဒီအသံ စွဲသွားလိုက်တာ ဒီနား တစ္ဆေ ဖြစ်နေရသေးတယ် ဆိုပါတော့၊ (၇) ရက်လောက် ဆိုပါတော့၊ ပြီးတော့မှ သူ့ကံအားလျော်စွာ ကောင်းတဲ့ ဘဝကို လွတ်မြောက်သွားပါတယ်၊ အဲလူ့ပြည်က မသေခင် တုန်းက ခုနက ကျောင်းအမကြီးပေါ့လေ၊ သားသမီးတွေ ငိုသံ စွဲပြီးတော့ နေတယ် ဒီစိတ်အစဉ် ဖြစ်နေတယ်၊ အဲဒီ စိတ်အစဉ် ဖြစ်နေတော့ကာ စွဲလမ်းတဲ့ လောဘဇော ကလေးက အကျိုးပေးလိုက်တာ၊ ပဋိသန္ဓေနေ တော့ တစ္ဆေဘဝ ပဋိသန္ဓေနေတယ်၊ ဒီလောဘဇော အကျိုးပေးနေတာ၊ နောက် ဒီကျောင်းအမကြီးပဲ နောက် (၇) ရက်လောက် ရက်လည်ဆွမ်း ကျွေးလို့ ကုသိုလ် စေတနာတွေက သူ့သန္တာန်မှာ ထုံပြီးတော့ နေတယ်။ အဲဒီ ဆရာတော်နောက် လိုက်ပြီးတော့ "ဆရာတော်ဘုရား၊ ဆရာတော် ဘုရား" ပျောက်သည်အထိ သူ့မှာ ကုသိုလ် စေတနာတွေက တစ်ခု ပြီးတစ်ခု ထုံလို့ "တပည့်တော် ခုပဲ ကျွတ်တော့မှာ"လို့ ပြောသည့် အချိန် အထိပဲ အဲဒီ ကုသိုလ် စေတနာတွေ ထုံရက်၊ ဒီကုသိုလ် စေတနာတွေက အကျိုးပေးပြီးတော့ သူရောက်တဲ့ ဘဝက နတ်ပြည်ဆိုပါတော့၊ နတ်ဘဝ ပဋိသန္ဓေကို ဆက်ပေးတာပဲ၊ စုတိ ပဋိသန္ဓေ ဆက်ပေးတာပဲ"

(အမရပူရ မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး ရှင်ဇနကာ ဘိဝံသ၏ အခြေပြု၊ ပဋ္ဌာန်းတရားတော်၊ နှာ ၂၂၅၊ ၂၂၇)

လောဘတည်းဟူသော အစွဲအလမ်း တစ်ခုခုဖြင့် မသေစေကာမူ သောကတည်းဟူသော စိုးရိမ် ကြောင့်ကြမှုဖြင့်လည်း သေတတ်ကြ၏။ သေခါနီးတွင် ဟိုလူ့အတွက် ပူပင်ရ၊ ဒီလူ့အတွက် ပူပင်ရ၊ ဟိုဟာအတွက် ပူပင်ရ၊ ဒီဟာအတွက် ပူပင်ရ၊ မိမိအတွက် ပူပင်ရ အစရှိသဖြင့် စိုးရိမ် ကြောင့်ကြမှုတွေ တစ်ခုမဟုတ် တစ်ခုဖြင့်လည်း သေတတ်ကြ၏။ စိုးရိမ် ကြောင့်ကြမှု ပူပင်မှုသည်လည်း အကုသိုလ်စိတ် စင်စစ်ဖြစ်၏။ အကုသိုလ် စိတ်ဖြင့် သေသော် အကုသိုလ် မရဏာ သန္ဓေဇော စော၍ သေကာ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်လေးဘုံတွင် ထိုက်ရာ ဒုဂ္ဂတိဘုံ တစ်ခုခု၌ ပဋိသန္ဓေ နေကြရပေမည်၊ ဒေသနာတော်လာ သာဓကမှာ – အနှစ် နှစ်သောင်း ရဟန်းတရားကို အားထုတ်ခဲ့သော ရဟန်းတစ်ပါးသည် ပိန်းပင်ကို ဆွဲမိ၍ ပိန်းပင် ကျွတ်ပါလာရာ ငါ့မှာ အာပတ် သင့်ပြီလောဟု ပူပင်သောကဖြစ်၍ ဝိနယကုက္ကုစ္စ အာသန္နကံ အကုသိုလ်ဇောဖြင့် ပျံလွန်ရာ ထိုရဟန်းတော်သည် ဧရကပတ္တ နဂါး ဖြစ်သွားရရှာ၏။

သောကဖြင့် မသေစေဦး၊ ဒေါသဖြင့်လည်း သေတတ်ကြပါ၏။ ရောဂါဝေဒနာ ဖိစီးနှိပ်စက်သဖြင့် နာကျင်ခံခက် ခံစားချက်ကြောင့် ဒေါသထွက်ကာ သေသွားတတ်ကြ၏။ မိမိ၏ ရန်သူကိုဖြစ်စေ၊ မိမိ မနှစ်သက် မလိုလားသူကို ဖြစ်စေ သတိရ၍ ဒေါသထွက်ကာ သေသွားသူများလည်း ရှိ၏။ တိဿမထေရ် ပျံလွန်တော်မူ၍ တိဿမထေရ်၏ သင်္ကန်းကို ရဟန်းများက ခွဲယူရန် ကြံစည်နေရာ မြတ်စွာဘုရားက ဤကဲ့သို့ ခွဲဝေယူခြင်းကို ခုနစ်ရက် ဆိုင်းငံ့ထားရန် တားမြစ်တော်မူ၏။ ခုနစ်ရက် ကျော်လွန်၍ သင်္ကန်းကို ခွဲဝေယူကြပြီးသောအခါ ရဟန်းများက ဆိုင်းငံ့ထားရခြင်း၏ အကြောင်းကို သိလို၍ မြတ်စွာဘုရားအား လျှောက်ထားကြရာ မြတ်စွာဘုရားက တိဿမထေရ်သည် သင်္ကန်းကို

စွဲလမ်း၍ သေသွားသဖြင့် သက်န်း၌ သန်း ခုနစ်ရက် ဖြစ်နေကြောင်း၊ ဤသို့ သန်း ဖြစ်နေစဉ် သူ၏ သက်န်းကို ခွဲဝေယူကြလျှင် သူသည် ဒေါသထွက်၍ သေကာ ငရဲသို့ ကျမည်ဖြစ်ကြောင်း ဟောပော်မူ၏။ သို့ပါ၍ ဒေါသဖြင့် သေလျှင် တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ မဆိုထားဘိ ငရဲ သို့ပင် ကျနိုင်သေးသည်ကို သတိပြုကြရန် လိုပေသည်။

မောဟဖြင့် သေလျှင်လည်း မောဟသည် အကုသိုလ်စိတ် ဖြစ်သဖြင့် ထိုက်ရာ အပါယ်ဘုံ တစ်ခုခုတွင် ပဋိသန္ဓေ နေကြရပေမည်။

လောဘ၊ ဒေါသ၊ မောဟဖြင့် မသေစေဦး၊ မိမိ ပြုမိခဲ့ဖူးသော အပါယ် ကျစေတတ်သည့် ဒုစရိုက် တစ်ခုခု ရှိပါက ယင်းဒုစရိုက်ကို သေခါနီးတွင် သတိရမိတတ်ကြ၏။ ဤသို့ သတိရ၍ သေသွားလျှင် လည်း ငရဲကျရတတ်၏။ ဤအချင်းအရာကို အမရပူရ မဟာဂန္ဓာရုံ ဆရာတော် ဘုရားကြီး ရှင်ဇနကာဘိဝံသက သမ္မောအဌကထာလာ သာဓက တစ်ခုကို ဖော်ပြသည်မှာ –

“ဒီတော့ ဘုန်းကြီးပြောမယ်၊ ရှေးတုန်းက သောဏ မထေရ်ရဲ့ အဖေ မုဆိုးလုပ်နေ၊ ပြောလို့မရဘူး၊ တားလို့မရဘူး၊ နောက် အင်မတန် အသက်ကြီးလာတော့ ဒီဒကာကြီး ဒီလိုဆိုရင် ငရဲသွားတော့မှာပဲဆိုပြီး တော့ အတင်း သက်န်းဝတ် ပြီးတော့ တောထွက်ကိုယ်တော်ကြီး အလုပ်ခိုင်း၊ ကောင်းကောင်း အနေခိုင်း၊ သူတစ်သက်လုံး စိတ်အစဉ် ထုံလာတာက၊ မုဆိုး အလုပ်နဲ့ ထုံလာတာ၊ + + + နောက်ပိုင်းကျမှ သူတော်ကောင်း အနေမျိုးနဲ့ နေပေမယ့် သေခါနီးကျတော့ မေ့မြောပြီး သွားတော့ ငရဲနိမိတ်တွေ ဝင်လာတယ်၊ ခွေးကြီးတွေ။ သူကိုင်တဲ့ခွေးက ခပ်သေးသေး၊ အာရုံ ထင်လာတဲ့ ခွေးကြီးတွေက အကြီးကြီးတွေ၊ သူ နေတာက တောင်ပေါ်မှာနေတယ်၊ တောင်အောက်ခြေက နေပြီးတော့

ခွေးကြီးတွေ တက်လာလိုက်တာ၊ သူ့စားမလို့၊ ဝါးမလို့၊ "ဟဲ့ သားရဲ့ ခြောက်ပါဟဲ့၊ ခြောက်ပါဟဲ့၊" "ဘာတုန်း ဦးပဥ္စင်းကြီး၊" "ခွေးကြီးတွေ၊ ခွေးကြီးတွေ၊" ဩော် ငရဲနိမိတ် ထင်လာပြီ၊ ရှင်သောဏကလဲ ခမ္မကထိက နားလည်ပါးလည်ဆိုတော့၊ ပန်းတွေ တစ်ခါတည်း ခူးခိုင်းပြီးတော့ ဘုရား ရင်ပြင်တော်အပေါ် ပန်းတွေအကုန်လုံး ပန်းမွေ့ရာခင်းပြီးတော့ ညောင်စောင်းနဲ့ အတင်းခေါ်သွား "ဦးပဥ္စင်းကြီး ဒီမှာ ပန်းတွေ ပန်းတွေ၊ ဦးပဥ္စင်းကြီးဖို့ ပူဇော်နေတယ် ပူဇော်နေတယ်"ဆိုတော့ သူ သတိရလာပြီးတော့၊ ပန်းတွေ ကြည့်ပြီးတော့ သေခါနီးဆိုတာ ရိက္ခာကို အင်မတန် အားကိုးတာ၊ ပန်းတွေကြည့်ပြီးတော့ မေ့သွားပြန်၊ နတ်ပြည်က ဥယျာဉ်ဗိမာန်တွေထင်လို့၊ နတ်သမီးတွေထင်လို့ "သားရဲ့ ဖယ်ပေးလိုက်ပါဟဲ့၊" "ဦးပဥ္စင်းကြီး ဘာတုန်း၊" "မင်း မိထွေးတွေ လာနေတယ်" အင်း နတ်ပြည် နိမိတ်တော့ ထင်ပါပြီ၊ ငရဲကျမည့် သူဟာ နတ်ပြည် နိမိတ်လောက်ထင်ရင် တော်လောက်ပြီ၊ ဒီလိုလဲနေရော စုတေသွားရော၊ နတ်ပြည် ရောက်သွားတယ်။" (ရှင်ဇနကာဘိဝံသ အခြေပြု ပဋ္ဌာန်းတရားတော်၊ နှာ ၂၂၃၊ ၁ သမ္မောအဌကထာ နှာ ၄၂၀၊ ၄၂၁)

ဤသာဓကကို သုံးသပ်လေ့လာသော် အပါယ်ကို ကျစေတတ်သည့် ဒုစရိုက်ကို ပြုလုပ်လေ့ ရှိသောသူသည် သေခါနီးတွင် ယင်းဒုစရိုက်ကို သတိရတတ်၏။ ငရဲကျမည့်ဆဲဆဲ ဖြစ်နေ၍ ငရဲနိမိတ်များ ထင်လာနေစေကာမူ စုတိစိတ် မကျမီ အနီးအနားရှိသူက ကုသိုလ်အာရုံ ပြောင်းပေးလိုက်လျှင် ယင်းကုသိုလ်စိတ်ဖြင့် သေကာ နတ်ပြည်သို့ ရောက်နိုင်ပါသေး၏။ မှတ်သားဖွယ်ရာပင်၊ အားထားဖွယ်ရာဟုလည်း တစ်နည်းအားဖြင့် ဆိုနိုင်ပါ၏။ ဤသို့ဖြင့် သာမန် ကုသိုလ်စိတ်များဖြင့် သေကြရန် ဖြစ်ပါသည်။ ယခု ဖော်ပြလိုသည်မှာ ဤသို့ သာမ န် ကုသိုလ်စိတ်ဖြင့် နတ်ပြည် ရောက်သည်မှာ မှန်၏။ သို့ရာတွင် မဂ်ကုသိုလ်စိတ်ဖြင့် သေ

ခြင်း မဟုတ်သေးသောကြောင့် တစ်နည်းဆိုသော် ပုထုဇဉ်ဖြစ်လျက် နေသေးသောကြောင့် နောင်ဘဝတွင်လည်း ဤကဲ့သို့ပင် ကုသိုလ်စိတ်ဖြင့် သေလိမ့်ဦးမည်ဟု မမျှော်မှန်းနိုင်၊ ယခုဖော်ပြခဲ့သည့် လောဘ အစွဲအလမ်း တစ်ခုခုဖြင့် ဖြစ်စေ၊ ဒေါသအမျက် ထွက်၍ဖြစ်စေ၊ သောကစိုးရိမ် ကြောင့်ကြ၍ဖြစ်စေ၊ မောဟ တွေဝေ မသိမှုဖြင့်ဖြစ်စေ၊ ပြုခဲ့ဖူးသည့် ဒုစရိုက်ကို သတိရ၍ဖြစ်စေ၊ ဤအကုသိုလ်စိတ် တစ်ခုခုဖြင့် သေရန် အလားအလာသည် အလွန်ပင် များပြားလျက် ရှိမြဲရှိနေပေသည်။

စင်စစ်မှာ ပုထုဇဉ်မည်သည် ဘဝ အဆက်ဆက်တွင် မဆိုထားဘိ၊ ယခုမျက်မှောက် တစ်ဘဝတည်းတွင်ပင် မည်သည့် အကုသိုလ်စိတ်ဖြင့်မျှ သေမည် မဟုတ်ဟု စိတ်ချနိုင်စွမ်း တစိုးတစိမျှ မရှိပါ။ အခြား အကုသိုလ်စိတ် တစ်ခုခုဖြင် မသေစေဦး၊ မိမိ၏ အသက်ကို တွယ်တာသော အသက်စွဲ လောဘဇော အကုသိုလ်စိတ်ဖြင့်မူ သေတတ်ကြပါ၏။ သို့ပါ၍ ပုထုဇဉ်သေလျှင် အပါယ်ကျရန် ကျိန်းသေ သလောက်ပင် ဖြစ်၍ နေပေသည်။

သို့ပါ၍ အမရပူရ မဟာဂန္ဓာရုံ ဆရာတော် ဘုရားကြီး ရှင်ဇနကာဘိဝံသက နေ့စဉ်နှင့်အမျှ နံနက် ဩဝါဒ မပေးမီ တပည့်သံဃာတော်များအား "(၁) ငရဲရှိတယ်၊ (၂) တိရစ္ဆာန်ရှိတယ်၊ (၃) ပြိတ္တာရှိတယ်၊ (၄) သေရအုံးမယ်၊ (၅) သတိထား" ဟု ရွတ်ဆိုကြစေ၍ သတိပေး၏။

(တစ်ဘဝ သာသနာ၊ နှာ ၁၅၁)

သို့ပါ၍ သတ္တဝါ၏ စိတ်သည် သတ္တဝါအား အမှန်ပင် အပါယ်သို့ အများဆုံး ကျစေ၏။

# အခန်း (၅)

## အစိုးမရ၊ အလိုမလိုက်သော အနတ္တသဘောကို ဆင်ခြင်ခြင်း၊ ခန္ဓာငါးပါးတို့သည် အစိုးမရ၊ အလိုမလိုက်သော သဘော ရှိ၏။ သတ္တဝါအား စိုးရိမ်ပူပန်ခြင်း၊ စိတ်မချမ်းသာခြင်းတို့ကို ဖြစ်စေသည်။

လူတို့၏ သက်တမ်းတစ်လျှောက်တွင် စိုးရိမ်ကြောင့်ကြ ပူပန်ရခြင်း (သောက)၊ ဆင်းရဲ ပင်ပန်းရခြင်း (ဒုက္ခ)၊ နှလုံး မသာမယာ စိတ်မချမ်းမသာ ဖြစ်ရခြင်း (ဒေါမနဿ)၊ သက်ကြီးရှိုက်ငင် တပင်တပန်း စိတ်ထိခိုက်ရခြင်း (ဥပါယာသ) စသည့် မနှစ်သက်ဖွယ်ရာ ဖြစ်ရပ်များနှင့် ရံဖန်ရံခါ ကေန်မုချ ရင်ဆိုင်ကြရ၏။

စိုးရိမ် ပူပန်ဖွယ်ရာနှင့် ရင်ဆိုင်ကြရသောအခါ မိမိတို့သည် စိုးရိမ် ပူပန်မှုကို မခံစားလို စေကာမူ မိမိတို့စိတ်၏ တုံ့ပြန်မှုနှင့်အညီ စိုးရိမ် ပူပန်ကြရပေသည်။ ဝမ်းနည်း ကြေကွဲဖွယ်ရာနှင့် ရင်ဆိုင်ကြရသောအခါ မိမိတို့သည် ဝမ်းနည်းကြေကွဲမှုကို မခံစားလို စေကာမူ မိမိတို့စိတ်၏ တုံ့ပြန်မှုနှင့်အညီ ဝမ်းနည်း ကြေကွဲကြရပေသည်။ ဆင်းရဲပင်ပန်းဖွယ်ရာနှင့် ရင်ဆိုင်ကြရသောအခါ ဆင်းရဲ ပင်ပန်းမှုကို မခံစားလို စေကာမူ မိမိတို့စိတ်၏ တုံ့ပြန်မှုနှင့်အညီ ဆင်းရဲ ပင်ပန်းကြရပေသည်။ နှလုံး မသာယာဖွယ်ရာနှင့် ရင်ဆိုင်ကြရသောအခါ မိမိတို့သည် နှလုံး မသာယာမှုကို မခံစားလို စေကာမူ မိမိတို့စိတ်၏ တုံ့ပြန်မှုနှင့်အညီ နှလုံးမသာမယာ ဖြစ်ကြရပေသည်။ သက်ကြီးရှိုက်ငင် တပင်တပန်း စိတ်ထိခိုက်ဖွယ်ရာနှင့် ရင်ဆိုင်ကြရသောအခါ၊ မိမိတို့သည် စိတ်ထိခိုက်

မှုကို မခံစားလို စေကာမူ မိမိတို့စိတ်၏ တုံ့ပြန်မှုနှင့်အညီ သက်ကြီးရွက်ငင် တပင်တပန်း စိတ်ထိခိုက်မှု ဖြစ်ကြရပေသည်။

ဤသို့ဖြင့် သတ္တဝါတို့သည် စိတ်၏ ဆင်းရဲပင်ပန်းမှုတို့ကို အလူးအလဲ ခံစားနေကြရပေသည်။ စိတ်၏ ဆင်းရဲပင်ပန်းမှု ဒဏ်ကို မခံမရပ်နိုင်၍ အချို့သော သူတို့သည် ရူးသွပ် သွားကြသည်။ အချို့တို့သည်လည်း မိမိကိုယ်ကို မိမိ သေကြောင်းကြံစည်သည်အထိ ဖြစ်ခဲ့ကြရသည်။ အနည်းငယ်မျှသော သူတို့မှာမူကား ဘဝ၏ ဆင်းရဲပင်ပန်းမှုကြောင့် သံဝေဂဉာဏ် ရရှိပြီး တရားဓမ္မ၌သာ မွေ့လျော်သွားသည်ကိုလည်း ကြားဖူးတွေ့ဖူးခဲ့ပါသည်။

**ခန္ဓာငါးပါးသည် အလိုမလိုက်၊ သတ္တဝါများ မအိုချင်ပါဘဲလျက်နှင့် အိုကြရ၏**

မည်သူမဆို မအိုချင်ကြ၊ နုပျိုပျော်ရွှင် နေချင်ကြပေသည်။ သို့ရာတွင် ဤသို့ဖြစ်နေသလော၊ ဖြစ်မနေပါ၊ အရွယ်ကောင်းစဉ်က မိမိ၏ ခန္ဓာသည် နုပျိုသန်မာ၏။ မိမိလည်း ပျော်ရွှင်စွာ နေလာခဲ့ရ၏။ သို့ပါသော်လည်း အရွယ် ညောင်းလာသောအခါ မိမိ၏ ခန္ဓာသည် အိုနာကျိုးကန်း အိုမင်းမစွမ်း ဖြစ်လာ၏။ မိမိလည်း အိုခြင်း ဆင်းရဲကို ခံစားရပေ၏။ ဤသည်ကား မလွဲမသွေ ဖြစ်မြဲဓမ္မတာပေတည်း။ ခန္ဓာငါးပါး ရုပ်တရား၊ နာမ်တရားတို့သည် အလိုမလိုက်သော တရားများဟု ဆိုအပ်သော အနတ္တဓမ္မ ဖြစ်သည်နှင့်အညီ မည်သည့်သတ္တဝါ၏ အလိုသို့မျှ မလိုက်ကြပါ၊ အရွယ်ကောင်းစဉ်က ခန္ဓာငါးပါး ရုပ်တရား၊ နာမ်တရားတို့သည် နုပျိုသန်မာ၍ သတ္တဝါလည်း ပျော်ရွှင်စွာ နေလာခဲ့ရသည်မှာ မှန်၏။ သို့ရာတွင် ဤအခြင်းအရာသည် သတ္တဝါ၏ အလိုသို့လိုက်သောသာကေဟု မယူဆနိုင်ပါ၊ စင်စစ်သော်ကား ခန္ဓာငါးပါး ရုပ်တရား၊ နာမ်

တရားတို့သည် မိမိတို့၏ သဘာဝနှင့်အညီ ဖြစ်၍နေခြင်းသာတည်း။ ဤကဲ့သို့ပင် အရွယ်ညောင်း၍လာသော အခါတွင်လည်း ခန္ဓာငါးပါး ရုပ်တရား၊ နာမ်တရားတို့သည် မိမိတို့၏ သဘာဝနှင့်အညီ အိုနာကျိုးကန်း အိုမင်းမစွမ်း ဖြစ်လာကြ၏။ ဤသည်တွင် သတ္တဝါ၏ အလိုနှင့် တိုက်ရိုက် ဆန့်ကျင်ခြင်းပေတည်း။ သို့ပါ၍ မိမိက မအိုချင်ဘဲ မိမိအား အိုစေ၍ အိုခြင်းဆင်းရဲ ခံစားစေသော ဤခန္ဓာငါးပါး ရုပ်တရား၊ နာမ်တရားတို့၌ သာယာဖွယ်ရာ တစိုးတစိမျှ မတွေ့ရှိနိုင်ပါပေ။

## ခန္ဓာငါးပါးသည် အလိုမလိုက်၊ သတ္တဝါများ မနာချင်ပါဘဲလျက်နှင့် နာကြရ၏

လူ့လောကကိုကြည့်ပါ၊ မည်သူမဆို ကျန်းမာလို၏။ ကျန်းမာပါစေဟု ဆုတောင်းကြ၏။ ဆုပေးကြ၏။ သို့ပါသော်လည်း ကျန်းမာ၍ချည်းသာ နေရပါ၏လော၊ မနေရပါ၊ နာရန် အကြောင်းရှိပါက ဧကန်မုချ နာကြရ၏။ မနာဖူးသူမရှိ ၊ ခံစားကြရသည့် ရောဂါဝေဒနာ များကလည်း များပြားလှ၏။ အသေးအဖွဲဟု ဆိုကြသည့် နှာစေးချောင်းဆိုးသည်ပင်လျှင် အခံရ ခက်လှပါ၏။ ရောဂါ ဝေဒနာကြီးများကိုမူ ဆိုဖွယ်ရာ မရှိတော့ပြီ။ ခံစားရချက် ပြင်းပြလှပါ၏။ ရောဂါ ဝေဒနာ ခံစားကြရာ၌လည်း ခံစားရဆဲ အချိန်တွင် အမှန်ပင် ခန္ဓာငါးပါးမှ ထွက်ပြေးချင်စိတ် ဖြစ်လေ့ရှိကြပါ၏။ သို့သော်လည်း ရောဂါပျောက်၍ ကျန်းမာလာသော အခါတွင်မူ ခံစားချက်များကို မေ့သွားကြပြီး အမှုမဲ့ အမှတ်မဲ့ နေတတ်ကြပါ၏။ ဤသို့ မဖြစ်သင့်ပါ။ ရှေ့တွင်လည်း အကြောင်း ပေါ်ပေါက်လာပါက မိမိတို့၏ ခန္ဓာငါးပါးသည် မိမိတို့အား မလွဲမသွေ ရောဂါဝေဒနာ ခံစားစေဦးမည်မှာ အမှန်ပင် ဖြစ်၏။ သို့ပါ၍ မိမိတို့၏ အလိုသို့ မလိုက်သော မိမိတို့အား နာကျင်ခြင်း ဆင်းရဲကို အမြဲတစေ

ပေး၍နေသော ဤခန္ဓာငါးပါး ရုပ်တရား၊ နာမ်တရားများကို ဆင်ခြင်၍ ဟုတ်တိုင်းမှန်စွာ သိမြင်လာပါက မသာယာနိုင်တော့ပါ၊ ငြီးသာငြီးငွေ့ ပေမည်။

**ခန္ဓာငါးပါးသည် အလိုမလိုက်၊ သတ္တဝါများ မသေချင်ဘဲမလွဲမသွေ သေကြရကုန်၏**

သတ္တဝါမည်သည် မိမိ၏ အသက်ကို ခင်မင်၏။ တွယ်တာ၏။ မည်သည့်အခါမျှ မစွန့်လွှတ်ချင်၊ စွန့်လွှတ်ရမှာ အလွန်ကြောက်၏။ သေရမှာ အလွန်ကြောက်၏။ မသေချင်၊ ရှင်၍ချည်းသာ နေချင်၏။ သို့ပါသော်လည်း ဤသို့ မနေရ၊ အချိန်ကျပါက သေရပေတော့၏။ အဘယ်ကြောင့်နည်း၊ မိမိ၏ ခန္ဓာငါးပါး ရုပ်တရား၊ နာမ်တရားများ သေကြသောကြောင့် ဖြစ်ပေသည်။ တွေ့ဖူးကြုံဖူးသည်များကို ဆင်ခြင် ကြည့်ပါ၊ ဥပမာ ဦးဖြူ သေပြီ ဆိုပါတော့၊ ဦးဖြူ၏ ခန္ဓာကိုယ်သည် ယခင် အသက်ရှင်နေစဉ်ကလို လှုပ်ရှားမနေတော့ချေ၊ အသက်ရှု ရပ်သွား ၏ နှလုံးလည်း ရပ်သွား၏။ အခြား အစိတ်အပိုင်းများလည်း ရပ်သွား ကြ၏။ ဤသို့ဖြင့် ဦးဖြူ၏ ရုပ်ခန္ဓာသည် သေပေပြီ။ သူ၏ ခန္ဓာကိုယ် သည် အလောင်းကောင် ဖြစ်သွားပေပြီ။ ဤအလောင်းကောင်ကို ရိုက် ကြည့်ပါ၊ နာဦးမည်လော၊ မနာတော့ပါ၊ အဘယ်ကြောင့်နည်းဟူမူ ဦးဖြူ၏ ဝေဒနာက္ခန္ဓာသည် သေပြီ ဖြစ်သောကြောင့်ပေတည်း။ ဤအ လောင်းကောင်တွင် မှတ်သားစိတ် ရှိသေးသလော၊ မရှိတော့ပါ။ ဦးဖြူ၏ မှတ်စိတ် သညာက္ခန္ဓာသည် သေပေပြီ။ ဤအလောင်းကောင်တွင် စေတနာစိတ် ပြုစီရင်စိတ်တွေ ရှိသေးသလော၊ မရှိကြတော့ပါ၊ ဦးဖြူ၏ သင်္ခါရက္ခန္ဓာသည် သေပေပြီ။ ဤအလောင်းကောင်သည် အာရုံကို သိသောစိတ် ရှိသေးသလော၊ မရှိတော့ပါ၊ ဦးဖြူ၏ ဝိညာဏက္ခန္ဓာသည်

သေပေပြီ။ ဤသို့ဖြင့် ဦးဖြူသည် သူ၏ ခန္ဓာငါးပါး သေသောကြောင့် သူလည်း သေရပေတော့၏။ ဦးဖြူကဲ့သို့ပင် အခြား သတ္တဝါ ဟူသမျှတို့ သည်လည်း သူတို့၏ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏတို့ သေကြသောကြောင့် သူတို့လည်း သေကြရပေသည်။ သို့ပါ၍ စင်စစ်မှာ ရုပ်ကလည်း သတ္တဝါ၏ အလိုသို့မလိုက်၊ သတ္တဝါအား သေစေ၏။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏတို့ကလည်း ရုပ်ကဲ့သို့ပင် သတ္တဝါ၏ အလိုသို့မလိုက် သတ္တဝါအား သေစေ၏။ ထို့ကြောင့် ဤသို့ အလိုမလိုက် သတ္တဝါအား သေစေသော ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ ဝိညာဏ ခန္ဓာတို့သည် ငြီးငွေ့စရာအမှန် ဖြစ်ပေသည်။

## အနတ္တလက္ခဏာသုတ်

ငင်းသုတ် အကြောင်းကို အခန်း (၁) တွင် ဖော်ပြပြီး ဖြစ်သော် လည်း ငင်းသုတ်ပါ အချက်အလက် အချို့ကို ပြန်လည်ဆင်ခြင်နိုင်ရန် ထပ်မံ၍ ထည့်သွင်းဖော်ပြအပ်ပါသည်။ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ သည် အစိုးမရ၊ အလိုသို့ မလိုက်သော သဘောရှိကုန်၏။ ခန္ဓာငါးပါး တို့သည် မမြဲ။ ဆင်းရဲ၏။ မမြဲသောကြောင့် ဆင်းရဲ၏။ အစိုးမရသော ကြောင့်လည်း ဆင်းရဲ၏။ သတ္တဝါတို့သည် မဆင်းရဲလို၍လည်း မရ၊ မအိုချင်လို၍လည်း မရ၊ မနာချင်လို၍လည်း မရ၊ မသေချင်လို၍လည်း မရ၊ ဆင်းရဲရမည့် အချိန်၌ ဆင်းရဲဒုက္ခနှင့် တွေ့ကြုံရ၏။ အိုချိန်၌ အို၍၊ နာချိန်၌ နာရ၏။ သေချိန်၌ သေကြရ၏။ သို့ဖြစ်၍ ခန္ဓာဆိုသည်မှာ "ငါ၏ ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါ၏ အတ္တမဟုတ်" ဟူသည်ကို ကောင်းစွာနားလည် သဘောပေါက်ရမည်။ ခန္ဓာ၏ အစိုးမရသော သဘော၊ ကိုယ်မဟုတ်သော သဘော၊ မမြဲသော သဘော၊ ဆင်းရဲသော သဘော

တို့ကို ကောင်းစွာ ဉာဏ်ဖြင့်မြင်၍ ဟုတ်တိုင်းမှန်စွာ သိမြင်သော၊ အကြားအမြင်ရှိသော ယောဂီသည် ခန္ဓာကို အမှန်တကယ် ငြီးငွေ့မည် ဖြစ်၍၊ ခန္ဓာ၌ တပ်ခြင်းကင်း၍ ကိလေသာမှ အမှန်တကယ် လွတ်မြောက်မည်ဟု မြတ်စွာဘုရားရှင်က ဟောကြားခဲ့ပေသည်။ မြတ်စွာဘုရားရှင် ဤကဲ့သို့ ဟောကြား၍ ပဉ္စဝဂ္ဂီ ရဟန်းတို့သည် အာသဝေါမှ လွတ်မြောက်ကုန်ကြ၏။ အလားတူပင် အခြား သာဓက များစွာတို့ကိုလည်း အခြား ဒေသနာတော်များ၌ တွေ့မြင်ခဲ့ရပေသည်။ သို့ဖြစ်၍ တရား ဆင်ခြင်လိုသော ယောဂီသည်လည်း မြတ်စွာဘုရား ဟောကြားထားသည့် အတိုင်း ဆင်ခြင်နိုင်ပေသည်။

## နိဂုံး

ဤမျှလောက်ပင် မြတ်စွာဘုရား၏ ဒေသနာတော်ကို ဆင်ခြင်ရန် တင်ပြအပ်ပါသည်။ စင်စစ်မှာ မြတ်စွာဘုရားသည် ဘုရားဖြစ်သည့် အချိန်မှစ၍ ပရိနိဗ္ဗာန်ပြုသည့် အချိန်အထိ (၄၅) ဝါအတွင်း ဒေသနာ ပေါင်း မြောက်မြားစွာ ဟောကြားတော်မူခဲ့ပေသည်။ ဒေသနာများကို ဟောကြားရာ၌ မြတ်စွာဘုရားသည် တရားနာ ပရိသတ်ကိုလိုက်၍ အများ နားလည်လွယ်သော ဥပမာ အမျိုးမျိုးကို ထည့်သွင်းပြသလေ့ရှိသည်။ ဥပမာ ခန္ဓာသံယုတ်၊ ပုပ္ဖဝဂ်၊ ဖေဏပိဏ္ဍူပမသုတ်တွင် ခန္ဓာ ငါးပါးတို့၏ မမြဲခြင်း သဘော၊ အနှစ်သာရ မရှိခြင်း သဘောတို့ကို ပြသလိုသဖြင့် ရုပ်အားလုံးသည် ရေမြှုပ်စိုင်နှင့်လည်းကောင်း၊ ဝေဒနာ အားလုံးသည် ရေပွက်နှင့်လည်းကောင်း၊ သညာအားလုံးသည် တံလျှပ်နှင့်လည်းကောင်း၊ သင်္ခါရ အားလုံးတို့သည် သီးခိုင်တံ မရောက်သေးသော အနှစ်မဲ့သည့် ငှက်ပျောတုံးနှင့်လည်းကောင်း၊ ဝိညာဏ်အားလုံး

သည် မျက်လှည့်နှင့်လည်းကောင်း တူကြကုန်၏ဟူ၍ ဟောကြားခဲ့ပေသည်။ ထိုဒေသနာတော် အားလုံးမှာ သတ္တဝါတို့ သံသရာ ဝဋ်ဆင်းရဲမှ လွတ်မြောက်စေရန် ရည်သန်၍ ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။ အချို့သော ဒေသနာတော်များတွင် လက္ခဏာရေးသုံးပါးတည်းဟူသော အနိစ္စ၊ ဒုက္ခ၊ အနတ္တ သုံးခုလုံးကို ထည့်သွင်းဟောကြားပြီး အချို့သုတ်တို့တွင်မူ အနိစ္စ သဘောကိုသာ ဦးတည်၍ သေခြင်းကိုလည်းကောင်း၊ သေခြင်း သဘောတရားကိုလည်းကောင်း ရှုဆင်ခြင်ရန် ညွှန်ကြားတော်မူသည်။ ဥပမာ မာရသုတ်၊ မာရဓမ္မသုတ်။

တရား ဆင်ခြင်လိုသော ယောဂီသည် မြတ်စွာဘုရား ဟောကြားတော်မူသော တရား တစ်ခုခုကို ဆင်ခြင်ရာ၌ မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း ဟုတ်တိုင်းမှန်စွာမြင်အောင်၊ တရားသဘောပေါက်အောင် ရှုဆင်ခြင်ရပါမည်။ သို့ဖြစ်၍ စွဲစွဲမြဲမြဲ ဆင်ခြင်ပွားများရန် လိုအပ်ပေသည်။ စင်စစ်အားဖြင့်ဆိုသော် မြတ်စွာဘုရားသည် သတ္တဝါတို့အား ခန္ဓာသည် ဆင်းရဲအစစ် ဆင်းရဲအမှန် ဖြစ်ကြောင်းကို ဟုတ်တိုင်းမှန်စွာ သိမြင်လာသည်အထိ ရှုဆင်ခြင်ရန် ညွှန်ကြားခဲ့ပေသည်။ ဤကဲ့သို့ ရှုမြင်သည်ရှိသော် ခန္ဓာကို ငြီးငွေ့ပြီး၊ ခန္ဓာကို မစွဲလမ်း၊ မစွဲလမ်းခြင်းကြောင့် ခန္ဓာမှ လွတ်မြောက်၍ နောက်ထပ်တစ်ဖန် ပဋိသန္ဓေနေခြင်း ကုန်ဆုံးမည့် အဖြစ်ကိုလည်း သတ္တဝါတို့အား ပြတ်သားစွာ ဟောကြား ပြသခဲ့သည်။ တစ်နည်းအားဖြင့်ဆိုသော် ကြိုးစားအားထုတ်ကြရန်ကို ညွှန်ကြားခဲ့ခြင်းပင် ဖြစ်သည်။

ဤတရား သဘောကိုပင် ဓမ္မပဒဂါထာ ၂၇၇၊ ၂၇၈၊ ၂၇၉ တို့တွင် ဖော်ပြထားသည်ကို တွေ့ရှိရပါသည်။ ဤဂါထာ သုံးပုဒ်တို့သည် အမှန်စင်စစ် ခန္ဓာ၏ အနိစ္စသဘော၊ ဒုက္ခသဘောနှင့် သဘာဝဒအားလုံး

တို့၏ အနတ္တသဘောတို့ကို ဆင်ခြင်သော တရားပင်ဖြစ်သည်။ ဤနေရာ၌ မြတ်စွာဘုရားက ရဟန်းအစု သုံးစုတို့အား သူတို့နှင့် သင့်လျော်သော ကမ္မဋ္ဌာန်းကို အားထုတ်ကြရန် ပေးလိုက်ခြင်းဖြစ်သည်။ ရှေးကဿပ ဘုရား လက်ထက်တော်က ပထမ ရဟန်းငါးရာ အစုသည် အနိစ္စ လက္ခဏာကိုလည်းကောင်း၊ ဒုတိယ ရဟန်းအစုသည် ဒုက္ခ လက္ခဏာကိုလည်းကောင်း၊ တတိယ ရဟန်းအစုသည် အနတ္တ လက္ခဏာကိုလည်းကောင်း အသီးသီး ဆင်ခြင်ခဲ့ဖူးကြောင်းကို သိတော်မူသောကြောင့် မြတ်စွာဘုရားသည် အုပ်စု တစ်ခုစီကို သူတို့နှင့် သင့်တော်လျော်ကန်မည့် ကမ္မဋ္ဌာန်းကို ပေးခဲ့ခြင်း ဖြစ်ပေသည်။

### ဓမ္မပဒဂါထာ (ပါဠိတော်)

၂၇၇။ "သဗ္ဗေ သင်္ခါရာ အနိစ္စာ" တိ၊
ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊
ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

၂၇၈။ "သဗ္ဗေ သင်္ခါရာ ဒုက္ခာ" တိ၊
ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊
ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

၂၇၉။ "သဗ္ဗေ ဓမ္မာ အနတ္တာ" တိ၊
ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊
ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

## ဓမ္မပဒဂါထာ (မြန်မာပြန်)

၂၇၇။ အကြင်အခါ၌ "(ရုပ် နာမ် ဓမ္မ) သင်္ခါရ အားလုံးတို့သည် အမြဲ မရှိကုန်"ဟု ဝိပဿနာ ပညာဖြင့် ရှုမြင်နိုင်၏။ ထိုအခါ ရုပ် နာမ် ဓမ္မ သင်္ခါရတို့၌ ငြီးငွေ့၏။ ဤငြီးငွေ့ခြင်းသည် ကိလေသာ စင်ကြယ်ရာ နိဗ္ဗာန်၏ အကြောင်းဖြစ်၏။

၂၇၈။ အကြင်အခါ "(ရုပ် နာမ် ဓမ္မ) သင်္ခါရ အားလုံးတို့သည် ဆင်းရဲကုန်၏"ဟု ဝိပဿနာ ပညာဖြင့် ရှုမြင်နိုင်၏။ ထိုအခါ ရုပ် နာမ် ဓမ္မ သင်္ခါရတို့၌ ငြီးငွေ့၏။ ဤငြီးငွေ့ခြင်းသည် ကိလေသာ စင်ကြယ်ရာ နိဗ္ဗာန်၏ အကြောင်းဖြစ်၏။

၂၇၉။ အကြင်အခါ "သဘာဝ တရား အားလုံးတို့သည် အတ္တ မဟုတ်ကုန်"ဟု ဝိပဿနာ ပညာဖြင့် ရှုမြင်နိုင်၏။ ထိုအခါ ရုပ် နာမ် ဓမ္မ သင်္ခါရတို့၌ ငြီးငွေ့၏။ ဤငြီးငွေ့ခြင်းသည် ကိလေသာ စင်ကြယ်ရာ နိဗ္ဗာန်၏ အကြောင်းဖြစ်၏။

ဤသို့ဖြင့် မြတ်စွာဘုရား၏ တရားတော်ကို ယုံကြည်သက်ဝင်သူ အပေါင်းတို့သည် မြတ်စွာဘုရား၏ တရားတော်မြတ်ကို စွဲမြဲစွာ ခံယူပြီး စွဲစွဲမြဲမြဲ အားထုတ်နိုင်ကြပါစေ။

သုခိအတ္တာနံ ပရိဟရန္တု။

## နောက်ဆက်တွဲ (၁)

## ဓမ္မပဒမှ ကောက်နုတ်သော ဂါထာများ

### ၁။ ဂါထာနံပါတ် ၁၅၃၊ ၁၅၄။ (ဥဒါန်းကျူးခြင်း)

ပါဠိတော်။ ၁၅၃။ အနေက ဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာဇာတိ ပုနပ္ပုနံ။

၁၅၄။ ဂဟကာရက ဒိဋ္ဌောသိ၊ ပုနဂေဟံ နကာဟသိ ။
သဗ္ဗာတေ ဖာသုကာဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရဂံ ဂတံစိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

မြန်မာပြန်။ ၁၅၃။ အဖန်ဖန် ပဋိသန္ဓေ နေရခြင်းသည် ဆင်းရဲလှစွာ သောကြောင့် ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သူ (တဏှာလက်သမား) ကိုရှာသော ငါသည် (ထို တဏှာ လက်သမားကို မြင်နိုင်သောဉာဏ်) မရ သေးသဖြင့် ဘဝများစွာသံသရာပတ်လုံး ကျင်လည် ခဲ့ရလေပြီ။

၁၅၄။ ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သော ဟယ်တဏှာ လက်သမား၊ ငါသည် သင့်ကို (ပညာ မျက်စိဖြင့်) ယခု မြင်အပ်ပြီ။ (ငါ့အဖို့) ခန္ဓာအိမ်ကို နောက် တစ်ဖန် သင် ဆောက်လုပ်ရတော့မည် မဟုတ်။ သင်၏ ကိလေသာ တည်းဟူသော အခြင်ရနယ် အားလုံးတို့ကို (ငါ) ချိုးဖျက်အပ်ပြီ၊ အဝိဇ္ဇာတည်း

ဟူသော၊ အိမ်အထွဋ်ကို ဖျက်ဆီးအပ်ပြီ၊ (ငါ၏ စိတ်သည် ပြုပြင်ခြင်း ကင်းရာ နိဗ္ဗာန်သို့ ရောက်ပြီ၊ တဏှာ ကုန်ရာကုန်ကြောင်း အရဟတ္တဖိုလ်ကိုရပြီ။

အင်္ဂလိပ်ဘာသာပြန်။

153. I who have been seeking the builder of this house (body), failing to attain Enlightenment (Bodhi nāna or Sabbaññuta ñāna) which would enable me to find him have wandered through innumerable births in Saṁsāra. To be born again and again is, indeed, dukkha.

154. Oh housebuilder! (Craving) You are seen, You shall build no house (for me) again. All your rafters are broken, your roof-tree is destroyed. My mind has reached the Unconditioned (i.e Nibbāne); the end of craving (Arahatta Phala) has been attained.

## ဂါထာနံပါတ် ၁၉၀၊ ၁၉၁၊ ၁၉၂။ (ကိုးကွယ်မှု)

ပါဠိတော်။ ၁၉၀။ ယောစ ဗုဒ္ဓဉ္စ၊ ဓမ္မဉ္စ၊ သံဃဉ္စ သရဏံဂတော။
စတ္တာရိ အရိယာသစ္စာနိ၊ သမ္မပ္ပညာယ
ပဿတိ။

၁၉၁။ ဒုက္ခံဒုက္ခ သမုပ္ပါဒံ၊ ဒုက္ခဿစ အတိက္ကမံ။
အရိယံ စဋ္ဌင်္ဂိကံမဂ္ဂံ၊ ဒုက္ခူပ သမဂါမိနံ။

၁၉၂။ ဧတံ ခေါ သရဏံ ခေမံ၊ ဧတံ သရဏမုတ္တမံ။
ဧတံ သရဏမာဂမ္မ၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။

မြန်မာပြန်။ ၁၉၀၊ ၁၉၁။ အကြင်သူသည် မြတ်စွာဘုရားကို လည်းကောင်း၊ တရားတော်ကိုလည်းကောင်း၊ သံဃာတော်ကိုလည်းကောင်း၊ ကိုးကွယ်ဆည်းကပ်၏။ ထိုသူသည် ဆင်းရဲအမှန် 'ဒုက္ခသစ္စာ'၊ ဆင်းရဲခြင်း၏အကြောင်းရင်းအမှန် 'သမုဒယသစ္စာ'၊ ဆင်းရဲလွတ်မြောက်ရာအမှန် 'နိရောဓသစ္စာ'၊ ဆင်းရဲငြိမ်းရာ (နိဗ္ဗာန်) သို့ ရောက်ကြောင်းအမှန်၊ အင်္ဂါရှစ်ပါးရှိသော မြတ်သော 'မဂ္ဂသစ္စာ' ဟူသော အရိယာသစ္စာလေးပါးတို့ကို ကောင်းစွာ မဂ်ပညာဖြင့် မြင်နိုင်၏။

၁၉၂။ ဤရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်ခြင်းသည် ဘေးမရှိသော ကိုးကွယ် ဆည်းကပ်ခြင်းမည်၏။ မြတ်သော ကိုးကွယ် ဆည်းကပ်ခြင်းမည်၏။ ဤရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်ခြင်းကြောင့် ဒုက္ခခပ်သိမ်းမှ လွတ်မြောက်၏။

အင်္ဂလိပ်ဘာသာပြန်။ 190,191. One who takes refuge in the Buddha, the Dhamma and the Samgha, sees with Magga Insight the Four Noble Truths, Viz, Dukkha, the Cause of Dukkha, the Cessation of Dukkha and the Noble path of Eight constituents which leads to the cessation of Dukkha.

192. This (the Three Gems, i.e Buddha

Dhamma. and Samgha) indeed, is the best refuge. Having come to this refuge one is liberated from all dukkha.

ဂါထာနံပါတ် ၂၁၊ ၂၂၊ ၂၃။ (မမေ့မလျော့ခြင်း)

ပါဠိတော်။ ၂၁။ အပ္ပမာဒေါ အမတပဒံ၊ ပမာဒေါ မစ္စုနော ပဒံ။
အပ္ပမတ္တာ န မီယန္တိ၊ ယေ ပမတ္တာ ယထာ မတာ။

၂၂။ ဧဝံ ဝိသေသတော ဉတွာ၊ အပ္ပမာဒမှိ ပဏ္ဍိတာ။
အပ္ပမာဒေ ပမောဒန္တိ၊ အရိယာနံ ဂေါစရေ ရတာ။

၂၃။ တေ ဈာယိနော သာတတိကာ၊ နိစ္စံ ဒဠှ ပရက္ကမာ။
ဖုသန္တိ ဓီရာ နိဗ္ဗာနံ၊ ယောဂက္ခေမံ အနုတ္တရံ။

မြန်မာပြန်။ ၂၁။ မမေ့မလျော့ခြင်းသည် နိဗ္ဗာန်၏ အကြောင်းတည်း။
မေ့လျော့ခြင်းသည် သေခြင်း၏ အကြောင်းတည်း။
မမေ့မလျော့သော သူတို့သည် သေသည် မမည်ကုန်။
မေ့လျော့သူတို့သည် သေသည် မည်ကုန်၏။

၂၂။ မမေ့မလျော့သော ပညာရှိတို့သည် ဤသို့ ထူးခြားကြောင်းကို သိ၍ မမေ့မလျော့သော သတိတရား၌ ရွှင်လန်း ဝမ်းမြောက်ကုန်လျက် အရိယာတို့၏ ကျက်စားရာ (လောကုတ္တရာတရား ကိုးပါး၌) မွေ့လျော်ကြကုန်၏။

၂၃။ ထိုပညာရှိတို့သည် (သမထ ဝိပဿနာ ဈာန်နှစ်ပါးဖြင့် ကိလေသာကို) ရှို့မြိုက်ကုန်ပြီးလျှင် အမြဲမပြတ် လုံ့လ ပြုကုန်၍ မတွန့်မဆုတ် လုံ့လထုတ်လျက်

ယောဂလေးပါး၏ ကုန်ရာ အတုမရှိ မြတ်သောနိဗ္ဗာန်
သို့ ရောက်ကြကုန်၏။

အင်္ဂလိပ်ဘာသာပြန်။

21. Mindfulness is the way to the Deathless (Nibbāne), unmindfulness is the way to Death. Those who are mindful do not die, those who are not mindful are as if already dead.

22. Fully comprehending this, the wise, who are mindful, rejoice in being mindful and find delight in the domain of the Noble ones (ariyas).

23. The wise, constantly cultivating Tranquility and Insight Development Practice, being ever mindful steadfastly striving realize Nibbane: Nibbane, which is free from bonds of yoga, Nibbane the Incomparable!

ဂါထာနံပါတ် ၂၇၇၊ ၂၇၈၊ ၂၇၉။ (လက္ခဏာယာဉ်သုံးပါး)

ပါဠိတော်။ ၂၇၇။

"သဗ္ဗေ သင်္ခါရာ အနိစ္စာ"တိ၊
ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

၂၇၈။ "သဗ္ဗေ သင်္ခါရာ ဒုက္ခာ" တိ၊
ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

၂၇၉။ "သဗ္ဗေ ဓမ္မာ အနတ္တာ" တိ၊
ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

မြန်မာပြန်။ ၂၇၇။ အကြင်အခါ၌ "(ရုပ် နာမ် ဓမ္မ) သင်္ခါရ အားလုံးတို့သည် အမြဲ မရှိကုန်"ဟု ဝိပဿနာ ပညာဖြင့် ရှုမြင်နိုင်၏။ ထိုအခါ ရုပ် နာမ် ဓမ္မ သင်္ခါရတို့၌ ငြီးငွေ့၏။ ဤငြီးငွေ့ခြင်းသည် ကိလေသာ စင်ကြယ်ရာ နိဗ္ဗာန်၏ အကြောင်းဖြစ်၏။

၂၇၈။ အကြင်အခါ "(ရုပ် နာမ် ဓမ္မ) သင်္ခါရ အားလုံးတို့သည် ဆင်းရဲကုန်၏"ဟု ဝိပဿနာ ပညာဖြင့် ရှုမြင်နိုင်၏။ ထိုအခါ ရုပ် နာမ် ဓမ္မ သင်္ခါရတို့၌ ငြီးငွေ့၏။ ဤငြီးငွေ့ခြင်းသည် ကိလေသာ စင်ကြယ်ရာ နိဗ္ဗာန်၏ အကြောင်းဖြစ်၏။

၂၇၉။ အကြင်အခါ "သဘာဝ တရား အားလုံးတို့သည် အတ္တ မဟုတ်ကုန်"ဟု ဝိပဿနာ ပညာဖြင့် ရှုမြင်နိုင်၏။ ထိုအခါ ရုပ် နာမ် ဓမ္မ သင်္ခါရတို့၌ ငြီးငွေ့၏။ ဤငြီးငွေ့ခြင်းသည် ကိလေသာ စင်ကြယ်ရာ နိဗ္ဗာန်၏ အကြောင်းဖြစ်၏။

အင်္ဂလိပ်ဘာသာပြန်။ 277. "All conditioned phenomena are impermanent ", when one sees this with Insight - wisdom, one becomes weary of Dukkha (i. e. the khandhas). This is the Path to Purity.

278. "All conditioned phenomena are Dukkha ", when one sees this with Insight - wisdom, one becomes weary of Dukkha (i. e. the khandhas). This is the Path to Purity.

279. "All phenomena (dhammas) are without Self", when one sees this with Insight - wisdom, one becomes weary of Dukkha (i. e. the khandhas). This is the Path to Purity.

## ဂါထာနံပါတ် ၆၂။ (အတ္တသည်မရှိ)

ပါဠိတော်။ ၆၂။ "ပုတ္တာမ' တ္ထိ ဓနံမ' တ္ထိ"၊ ဣတိဗာလော ဝိဟညတိ။
အတ္တာဟိအတ္တနောနတ္ထိ၊ ကုတောပုတ္တာ ကုတောဓနံ။

မြန်မာပြန်။ ၆၂။ လူမိုက်သည် ငါ့အား သားသမီးတို့ ရှိကုန်၏။ ဥစ္စာတို့သည်လည်း ရှိကုန်၏ဟု (စွဲလမ်းမှု တဏှာဖြင့်) ဆင်းရဲပင်ပန်းရ၏။ အမှန်သော်ကား မိမိအား အတ္တသည်လည်း မရှိပါဘဲလျက် အဘယ်မှာ သားသမီး ရှိအံ့နည်း။ အဘယ်မှာလျှင် ဥစ္စာ ရှိပါအံ့နည်း။

အင်္ဂလိပ်ဘာသာပြန်။ 62. "I have sons, I have wealth", with this (feeling of attachment) the

fool is afflicted. Indeed, he himself is not his own; how can sons and wealth be his ?

ဂါထာနံပါတ် ၁၄၈။ (ရုပ်၏ အို-နာ-သေခြင်း)

ပါဠိတော်။ ၁၄၈။ ပရိဇိဏ္ဏမိဒံရူပံ၊ ရောဂနိဍ္ဍံ ပဘင်္ဂုရံ။
ဘိဇ္ဇတိ ပူတိသန္ဒေဟော၊ မရဏန္တံ ဟိ ဇီဝိတံ။

မြန်မာပြန်။ ၁၄၈။ ဤရုပကာယသည် ဆွေးမြေ့အိုမင်းဝါတ်၏။ အနာရောဂါတို့၏ တည်နေရာလည်း ဖြစ်၏။ ယိုယွင်းပျက်စီးတတ်၏။ အသက်ရှင် နေရခြင်းသည် သေခြင်းလျှင် အဆုံးရှိရကား ထိုကိုယ်သည် ပုပ်သည်ဖြစ်၍ ပျက်စီးရလတ္တံ့။

အင်္ဂလိပ်ဘာသာပြန်။ 148. This body is worn out with age, it is the seat of sickness, it is subject to decay. This putrid body disintegrates, life, indeed, ends in death.

ဂါထာနံပါတ် ၂၀၂။ (နိဗ္ဗာန်ချမ်းသာ)

ပါဠိတော်။ ၂၀၂။ နတ္ထိရာဂ သမောအဂ္ဂိ၊ နတ္ထိဒေါသ သမောကလိ။
နတ္ထိခန္ဓာ သမာဒုက္ခာ၊ နတ္ထိသန္တိ ပရံသုခံ။

မြန်မာပြန်။ ၂၀၂။ ရာဂနှင့် တူသော မီးမရှိ၊ ဒေါသနှင့် တူသော အပြစ်မရှိ၊ ခန္ဓာနှင့် တူသော ဆင်းရဲမရှိ၊ နိဗ္ဗာန်နှင့် တူသော ချမ်းသာ မရှိ။

အင်္ဂလိပ်ဘာသာပြန်။ 202. There is no fire like passion; there is no evil like hatreed; there is no

ill like (the burden of) khandhas, there is no bliss that surpasses the perfect Peace ( i.e. Nibbāne).

ဂါထာနံပါတ် ၂၈၇။ (အိပ်ပျော်နေသောရွာ)

ပါဠိတော်။ ၂၈၇။ 'တံပုတ္တ ပသုသမ္မတ္တံ၊ ဗျာသတ္တ မနသံနရံ။
သုတ္တံဂါမံ မဟောဃောဝ၊ မစ္စုအာဒါယ ဂစ္ဆတိ။

မြန်မာပြန်။ ၂၈၇။ သားသမီး၊ ကျွဲ၊ နွား၊ ဥစ္စာတို့ဖြင့် ယစ်မူးမေ့လျော့လျက်၊ ကာမဂုဏ်တို့၌ မရသေးသည်ကို တောင့်တ၊ ရပြီးသည်ကို တွယ်တာ ကပ်ငြိသည့်စိတ် ရှိသောသူကို ကြီးစွာသော ရေအလျဉ်သည် အိပ်ပျော်နေသော ရွာကို လွှမ်းမိုးတိုက်ယူသကဲ့သို့ သေမင်းသည် သိမ်းယူသွား၏။

အင်္ဂလိပ်ဘာသာပြန်။ 287. The man who dotes on his children and his herds of cattle, whose mind longs for and is attached to ..sual pleasures, is carried away by Death even as a sleeping village is swept away by a great flood.

ဂါထာနံပါတ် ၂၃၅၊ ၂၃၆၊ ၂၃၇၊ ၂၃၈။ (တမလွန်ဘဝခရီး အတွက် ရိက္ခာ)

ပါဠိတော်။ ၂၃၅။ ပဏ္ဍုပလာ သောဝဒါနိသိ၊ ယမပုရိသာပိစ တေ
ဥပဋ္ဌိတာ။
ဥယျောဂမုခေစတိဋ္ဌသိ၊ ပါထေယမ္ပိစ တေနဝိဇ္ဇတိ။

ပါဠိတော်။ ၂၃၆။ သောကရောဟိဒီပမတ္တနော၊ ခိပ္ပံဝါယမ
ပဏ္ဍိတောဘဝ။
နိဒ္ဓန္တမလောအနင်္ဂဏော၊ ဒိဗ္ဗံ အရိယ ဘူမိံ
ဥပေဟိသိ။

၂၃၇။ ဥပနီတဝ ယောစဒါနိသိ၊ သမ္ပယာတောသိယမဿ
သန္တိကံ။
ဝါသောတေ နတ္ထိ အန္တရာ၊ ပါထေယျမ္ပိစ တေန
ဝိဇ္ဇတိ။

၂၃၈။ သောကရောဟိဒီပမတ္တနော၊ ခိပ္ပံဝါယမ
ပဏ္ဍိတောဘဝ။
နိဒ္ဓန္တမလောအနင်္ဂဏော၊ နပုနံ ဇာတိဇရံ
ဥပေဟိသိ။

မြန်မာပြန်။ ၂၃၅။ (ဥပသကာ) သင်သည် ယခုအခါ ဖျော့တော့သော ဖက်ရွက်ကဲ့သို့ ဖြစ်ခဲ့ပြီ။ သေမင်းတမန် တို့သည်လည်း သင်၏ အနီး၌ တည်ကုန်ပြီ။ ဆုတ်ယုတ် ပျက်စီးခြင်း၏ အစ (ဘဝအဆုံး) ၌လည်း တည်ခဲ့ပြီ။ သင့်အား (ဘဝ တစ်ပါးသို့သွားရန်ကောင်းမှု) ရိက္ခာလည်း မရှိ။

၂၃၆။ ထိုသင်သည် မိမိ၏မှီရာ ကျွန်းနှင့်တူသော ကောင်းမှုကို ပြုလော့။ လျင်စွာ အားထုတ်၍ ပညာရှိသူ ဖြစ်လေလော့။ အညစ်အကြေးကို ပယ်ထုတ်၍ ကိလေသာ မရှိခဲ့မူ အရိယာတို့၏နေရာ သုဒ္ဓါဝါသဘုံသို့ ကပ်ရောက်ရလတ္တံ့။

၂၃၇။ (ဥပသကာ) သင်သည် ယခုအခါ အရွယ်လွန်ချေ

ပြီ။ သေမင်း၏ အထံသို့ သွားချိန် ရောက်ခဲ့ပြီ။ သင့်အား ခရီးအကြား၌ ရပ်နားနေရန် အခွင့်မရှိ၊ သင့်အား (ဘဝ တစ်ပါးသို့သွားရန်ကောင်းမှု) ရိက္ခာလည်း မရှိ။

၂၃၈။ (ဥပသကာ) သင်သည် မိမိ၏ မှီရာကျွန်းနှင့် တူသော ကောင်းမှုကို ပြုလော့၊ လျင်မြန်စွာ အားထုတ်၍ ပညာရှိသူ ဖြစ်လေလော့၊ အညစ်အကြေးကို ပယ်ထုတ်၍ ကိလေသာ မရှိခဲ့မူ တစ်ဖန် ပဋိသန္ဓေ နေခြင်း အိုခြင်းသို့ မရောက်တော့လတ္တံ့။

အင်္ဂလိပ်ဘာသာပြန်။

235. You are now like a withered leaf, the messengers of death are near you; you are about to set out on a long journey; (yet) you have no provisions (for the journey).

236. Make a firm support for yourself; hasten to strive hard; and be wise. Having removed impurities and being free from moral defilements, you shall enter the abodes of the ariyas. (i.e. Sudhāvāsa brahmā realm).

237. Now you are of advanced age, you are going to the presence of the king of Death and you cannot stop on the way; (yet) you have no provision (for the journey).

238. Make a firm support for yourself; hasten to strive hard and be wise. Having removed impurities and being free

from moral defilements, you will no longer be subject to rebirth and decay.

ဂါထာနံပါတ် ၉၅။ (ရဟန္တာ)

ပါဠိတော်။ ၉၅။ ပထဝိသမော နော ဝိရုဇ္ဈတိ၊ ဣန္ဒခိလုပမော တာဒိ သုဗ္ဗတော။

ရဟဒေါဝ အပေတကဒ္ဒမော၊ သံသာရာ န ဘဝန္တိ တာဒိနော။

မြန်မာပြန်။ ၉၅။ တာဒိဂုဏ်နှင့် ပြည့်စုံသော ကောင်းသောအကျင့် ရှိသော ရဟန္တာ ပုဂ္ဂိုလ်သည် မြေကြီးကဲ့သို့လည်းကောင်း၊ တံခါးတိုင် ကဲ့သို့လည်းကောင်း၊ သည်းခံသောစိတ် ရှိသည် ဖြစ်၍ (အမျက်ဒေါသဖြင့်) ဆန့်ကျင်မှု မပြု၊ ရွံ့ညွန်ကင်းသော ရေအိုင်ကဲ့သို့ တာဒိဂုဏ်ရှင် ရဟန္တာ သခင်အား ကျင်လည်ခြင်းတို့သည် မဖြစ်ကုန်။

အင်္ဂလိပ်ဘာသာပြန်။ 95. Like the earth, the arahat is patient and is not provoked to respond in anger; like the door-post he is firm; he is unperturbed by the ups and downs of life, he is serene and pure like a lake free from mud. For such an arahat there will be no more rebirth.

**Myanmar translation as approved by the Sixed International Buddhist Synod.**

English translation by Daw Mya Tin.

# ဝိပဿနာ ကမ္မဋ္ဌာန်း
၈၈

## နောက်ဆက်တွဲ (၂)

### အဘိဏှသုတ်။

ပါဠိတော်။ ပဉ္စိမာနိ ဘိက္ခဝေ ဌာနာနိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာနိ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။
ကတမာနိ ပဉ္စ –
(၁) ဇရာဓမ္မောမှိ၊ ဇရံ အနတီတော တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။
(၂) ဗျာဓိဓမ္မောမှိ၊ ဗျာဓိံ အနတီတော တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။
(၃) မရဏဓမ္မောမှိ၊ မရဏံ အနတီတော တိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။
(၄) သဗ္ဗေဟိ မေ ပိယေဟိ မနာပေဟိ နာနာဘာဝေါ ဝိနာဘာဝေါတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။
(၅) ကမ္မဿကောမှိ ကမ္မဒါယာဒေါ ကမ္မယောနိ ကမ္မဗန္ဓု ကမ္မပ္ပဋိသရဏော။ ယံ ကမ္မံ ကရိဿာမိ ကလျာဏံ ဝါ ပါပကံ ဝါ။ တဿဒါယာဒေါဘဝိဿာမိတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။

ဣမာနိ ခေါ ဘိက္ခဝေ ပဉ္စ ဌာနာနိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာနိ ဣတ္ထိယာ ဝါ ပုရိသေန ဝါ ဂဟဋ္ဌေန ဝါ ပဗ္ဗဇိတေန ဝါ။

မြန်မာပြန်။ ရဟန်းတို့ မိန်းမ ဖြစ်စေ၊ ယောကျ်ား ဖြစ်စေ၊ လူ ဖြစ်စေ၊ ရဟန်း ဖြစ်စေ မပြတ် ဆင်ခြင်အပ်သော အကြောင်းတို့သည် ဤငါးမျိုးတို့တည်း။

**အဘယ် ငါးမျိုးတို့နည်းဟူမူ** –

(၁) "(ငါသည်) အိုခြင်းသဘော ရှိ၏။ အိုခြင်းသဘောကို မလွန်ဆန်နိုင်ချေ" ဟူ၍ မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ လူဖြစ်စေ၊ ရဟန်းဖြစ်စေ မပြတ် ဆင်ခြင်အပ်၏။

(၂) "နာခြင်း သဘော ရှိ၏။ နာခြင်း သဘောကို မလွန်ဆန်နိုင်ချေ" ဟူ၍ မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ လူဖြစ်စေ၊ ရဟန်းဖြစ်စေ မပြတ် ဆင်ခြင်အပ်၏။

(၃) "သေခြင်း သဘော ရှိ၏။ သေခြင်း သဘောကို မလွန်ဆန်နိုင်ချေ" ဟူ၍ မိန်းမဖြစ်စေ၊ ယောကျ်ားဖြစ်စေ၊ လူဖြစ်စေ၊ ရဟန်းဖြစ်စေ မပြတ် ဆင်ခြင်အပ်၏။

(၄) "ငါ၏ ချစ်မြတ်နိုးအပ်သော အရာ အားလုံးတို့နှင့် ရှင်ကွဲ ကွဲရခြင်း၊ သေကွဲ ကွဲရခြင်းသည် ဖြစ်ချေမည်" ဟူ၍ မိန်းမ ဖြစ်စေ၊ ယောကျ်ား ဖြစ်စေ၊ လူ ဖြစ်စေ၊ ရဟန်း ဖြစ်စေ မပြတ် ဆင်ခြင်အပ်၏။

(၅) "(ငါသည်) ကံသာလျှင် မိမိဥစ္စာရှိ၏။ အမွေခံ ဖြစ်၏။ ကံသာလျှင် အကြောင်းရှိ၏။ ကံသာလျှင် အဆွေအမျိုး ရှိ၏။ ကံသာလျှင် ကိုးကွယ်မှီခိုရာ ရှိ၏။ ကောင်းသည် ဖြစ်စေ၊ မကောင်းသည် ဖြစ်စေ ငါ

ပြုမိသော ကံ၏ အမွေခံသာ ဖြစ်ရပေမည်" ဟူ၍ မိန်းမ ဖြစ်စေ၊ ယောက်ျား ဖြစ်စေ၊ လူ ဖြစ်စေ၊ ရဟန်း ဖြစ်စေ မပြတ် ဆင်ခြင်အပ်၏။

အင်္ဂလိပ်ဘာသာပြန်။ Bhikkhus, these are the five which everyone, female or male, layman or bhikkhu, should incessantly contemplate.

What are the five?

(1) "I am subject to ageing, I cannot transcend ageing." Thus, should everyone, female or male, layman or bhikkhu, should incessantly contemplate.

(2) "I am subject to illness, I cannot transcend illness." Thus, should everyone, female or male, layman or bhikkhu, should incessantly contemplate.

(3) "I am subject to death, I cannot transcend death." Thus, should everyone, female or male, layman or bhikkhu, should incessantly contemplate.

(4) "I will be separated from all my loved ones while still living or through death." Thus should everyone, female or male, layman or bhikkhu should incessantly contemplate.

(5) "I have only kamma (act or deed) as my possession, kamma as my inheritance, kamma as my cause, kamma as my relative, kamma as my refuge: For whatever good or bad deed done by

me I shall have to bear the consequences." Thus, should everyone, whether female or male, layman or bhikkhu, should incessantly contemplate.

Bhikkhus, these are the five which everyone, female or male, layman or bhikkhu, should incessantly contemplate.

English translation by Daw Mya Tin.

## နောက်ဆက်တွဲ (၃)

### သံဝေဂဂါထာ

၁။ နုနယ်ရုပ်ဆင်း၊ ပျိုမျစ်ခြင်းကား
အိုမင်း နောက်ဆုံး ပါတကား။
၂။ ဥစ္စာဆင်မြင်း၊ ပေါများခြင်းကား
ယိုယွင်း နောက်ဆုံး ပါတကား။
၃။ ဇီဝိန်တင်းလင်း၊ သက်ရှင်ခြင်းကား
သေခြင်း နောက်ဆုံး ပါတကား။
၄။ ချစ်ခင်ပေါင်းသင်း ဆက်ဆံခြင်းကား
ကွေကွင်း နောက်ဆုံး ပါတကား။
၅။ ချမ်းသာသုခ၊ ပြည့်ဝကြလည်း
ဒုက္ခ နောက်ဆုံး ပါတကား။
၆။ ပွဲလယ်ပြင်ပ ချီးမွမ်းကြလည်း
ရှုတ်ချ နောက်ဆုံး ပါတကား။
၇။ ခံ့မင်ခယ၊ ပျော်ရွှင်ကြလည်း
သောက နောက်ဆုံး ပါကကား။
၈။ တက်ကြွားကြွကြွ၊ မြင့်မောက်ကြလည်း
လျှောကျ နောက်ဆုံး ပါတကား။

**အင်္ဂလိပ်ဘာသာပြန်။ Apprehension of Impermanence**

(1) Youth and refreshing physique
Ultimately lose to age.

(2) Wealth and paraphenalia abound
To crumble at the final Page.

(3) The light of life is now so bright,
But Death will triumph in the end,

(4) Those we love now, and consort with;
Separate ways, in time, they wend.

(5) "Complete Happiness" that's ours today
At last, to dukkha, they give way.

(6) Praises sung now willingly
To derision, invariably turn away.

(7) Pleasures enjoyed to the full;
Angiush, finally, from them spring.

(8) Haughtiness and conceit may ride high;
Final downfall they' re sure to bring.

English translation by Dr. Hla Yee Yee.

# နောက်ဆက်တွဲ (၄)

**မရဏာနှင့် သစ္စာလေးပါး။** အဖန်တလဲလဲ သေခြင်း ဆင်းရဲသည် မရဏာ ဒုက္ခသစ္စာမည်၏။ အဖန်တလဲလဲ သေခြင်းဆင်းရဲ ဖြစ်ကြောင်း ဖြစ်သော ဇာတိသည် သမုဒယသစ္စာ မည်၏။ အဖန်တလဲလဲ သေခြင်း ကင်းရာ နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏။ အဖန်တလဲလဲ သေခြင်း ကင်းရာ တရားကို ပွားများ အားထုတ်ခြင်းသည် မဂ္ဂသစ္စာ မည်၏။

**ဆင်ခြင်နည်း။** အဖန်တလဲလဲ သေရခြင်းသည် အလွန် ဆင်းရဲစွပါတကား။ (မရဏာ ဒုက္ခသစ္စာကို ဉာဏ်ဖြင့်ဆင်ခြင်ပုံ) တပည့်သားမြေး၊ လင်မယား၊ ဆရာမိဘ၊ အဆွေခင်ပွန်း၊ ပစ္စည်းဥစ္စာတို့သည် အဖန်တလဲလဲ သေခြင်းဆင်းရဲ၏ ဖြစ်ကြောင်းပါတကား။ (သမုဒယ သစ္စာကို ဉာဏ်ဖြင့် ဆင်ခြင်ပုံ) သေခြင်းဆင်းရဲ ငြိမ်းအေးရာ နိဗ္ဗာန်သည် အလွန် ချမ်းသာစွပါတကား။ (နိရောဓ သစ္စာကို ဉာဏ်ဖြင့် ဆင်ခြင်ပုံ)။ ယခု သေရလိမ့်မည်၊ တော်တော်ကြာ သေရလိမ့်မည်ဟု ပွားများခြင်းသည် အလွန်ချမ်းသာခြင်း၏ လမ်းကြောင်းပါတကား။ (မဂ္ဂသစ္စာကို ဉာဏ်ဖြင့် ဆင်ခြင်ပုံ)။ ။

**မရဏာဒုက္ခကိုသိရန် အရေးကြီးပုံ။** ထို့ကြောင့် သစ္စာလေးပါး မြတ်တရားကို ဘာဝနာဉာဏ် မဂ်ဉာဏ်ဖြင့် ကေန်အမှန် သိမြင်လိုသော သမထ ဝိပဿနာ ယောဂီပုဂ္ဂိုလ်အပေါင်း သူတော်ကောင်းတို့သည် ပစ္စုပ္ပန်၌ မရဏာဒုက္ခ သေဘေးကြီး တစ်ခုကို မီးပွတ်သော ယောက်ျားကဲ့သို့ သမ္ဗဇည တရားနှင့်အညီ ဣရိယာပုထ် လေးပါးဖြင့် မနားမနေ လွန်ဖွာ ကြိုးစားပွားများ အားထုတ်နိုင်ကြစေကုန်သတည်း။

စစ်ကိုင်းတောင်ရိုး မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး ရေးသားတော်မူသော "နိဗ္ဗာန မဂ္ဂဒီပနီ" မှ

## ကျမ်းကိုးစာရင်း

၁။ ရတနာထွန်းခေါင် ဆရာတော်ဘုရား၊ ရာဇပါမောက္ခ ဒီပနီ၊ ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်၊ ရန်ကုန်မြို့.

၂။ လယ်တီဆရာတော်ဘုရားကြီး၊ စတုသစ္စ ဒီပနီ ဟံသာဝတီ ပိဋကတ်ပုံနှိပ်တိုက်၊ ရန်ကုန်မြို့.

၃။ လယ်တီဆရာတော်ဘုရားကြီး၊ အာဟာရ ဒီပနီ နှင့် သီလဝိနိစ္ဆယ၊ သုဓမ္မဝတီ စာပုံနှိပ်တိုက် ရန်ကုန်မြို့.

၄။ လယ်တီဆရာတော်ဘုရားကြီး၊ ပဋိစ္စသမုပ္ပါဒ် ဒီပနီ၊ သုဓမ္မဝတီ စာပုံနှိပ်တိုက်၊ ရန်ကုန်မြို့.

၅။ လယ်တီဆရာတော်ဘုရားကြီး၊ အနတ္တ ဒီပနီ သုဓမ္မဝတီ စာပုံနှိပ်တိုက်၊ ရန်ကုန်မြို့.

၆။ လယ်တီဆရာတော်ဘုရားကြီး၊ ဓမ္မစကြာနှင့် အနတ္တလက္ခဏာသုတ် ပါဠိတော် နိဿယ

၇။ အရှင်ဇနကာဘိဝံသ၊ အခြေပြုပဌာန်း တရားတော်၊ မြန်မာနိုင်ငံတော် သာသနာရေးဦးစီးဌာန၊ ရန်ကုန်မြို့.

၈။ အရှင်ဇနကာဘိဝံသ၏ တစ်ဘဝသာသနာ၊ မြန်မာနိုင်ငံတော် သာသနာရေးဦးစီးဌာန၊ ရန်ကုန်မြို့.

၉။ ဆရာဦးကျော်ထွန်း၊ ဥဒါန်းပါဠိတော်နှင့် မဥ္ဇူသက ပဋိစ္စသမုပ္ပါဒ်၊ မှတ်တမ်းတင်သူ ဒေါ်ခင်သန်းမြင့်

၁၀။ ဓမ္မဝဂ္ဂသံယုတ် ပါဠိတော်မြန်မာပြန်၊ မြန်မာနိုင်ငံတော် သာသနာရေးဦးစီးဌာန၊ ရန်ကုန်မြို့. ၁၉၈၁ ခုနှစ်

၁၁။ နိဒါနသံယုတ် ပါဠိတော်မြန်မာပြန်၊ မြန်မာနိုင်ငံတော် သာသနာရေးဦးစီးဌာန၊ ရန်ကုန်မြို့. ၁၉၈၁ ခုနှစ်

၁၂။ ဓမ္မပဒ ပါဠိတော်မြန်မာပြန်၊ မြန်မာနိုင်ငံတော် သာသနာ့အဖွဲ့. ပုံနှိပ်တိုက်၊ ရန်ကုန်မြို့. ၁၉၈၁ ခုနှစ်

၁၃။ အရှင်သေဋ္ဌိလ၊ ဓမ္မပဒ ပါဠိတော် မြန်မာပြန်၊ တပေလောက စာအုပ်တိုက်၊ ရန်ကုန်မြို့. ၁၉၉၀ ပြည့်နှစ်

၁၄။ Dr. Pe Maung Tin : Buddha's First Sermons: (Dhammacakkappa Vattana Sutta and Anattalakkhana Sutta in Pali, Myanmar and English) ; Pyinua Alinpya, Press, Yangon. 1973
N. B. Myanmar translation is by the Ven. Ledi Sayadaw.

၁၅။ Daw Mya Tin: Dhammapada - Verses and Stories (Translation) Myanmar Pitaka Association, Yangon. 1986

# အမှားပြင်ဆင်ခြင်း

| အမှတ်စဉ် | စာမျက်နှာ | စာကြောင်း | အမှား | အမှန် |
|---|---|---|---|---|
| ၁။ | ၂ | ၁၂ | (ခရစ်မပေါ်မီ ၅၄၄-ခုနှစ်) | (ခရစ်မပေါ်မီ ၆-ရာစုနှစ်) |
| ၂။ | ၇ | ၁၅ | အငယ်ဆုံး | အကြီးဆုံး |
| ၃။ | ၁၈ | ၆ | သေန္တိသုခ | ကေန္တသုခ |
| ၄။ | ၁၈ | ၂၀ | လယ်တီဗောဓိပက္ခဒီပနီ ပေါင်းချုပ် | လယ်တီဒီပနီပေါင်းချုပ် |
| ၅။ | ၄၀ | ၁၂ | သကဒါဂါမိဖိုလ်နောက်၌ စာကျရစ်သည် | ဖြည့်ရန်။ အနာဂါ-မိမဂ် အနာဂါမိဖိုလ် |
| ၆။ | ၅၀ | ၇ | အာသီဝိသောပထမသုတ် | အာသီဝိသောပမသုတ် |
| ၇။ | ၇၇<br>၈၀ | ၁၇<br>၄၊၁၈<br>၁၉ | Nibbāne | Nibbāna |
| ၈။ | ၈၆ | ၂၃ | Provision | Provisions |
| ၉။ | ၉၀<br>၉၁ | ၁၀၊၁၄<br>၁၈၊၂၃<br>၂ | Thus should everyone,. | Thus everyone, … . |

J6